## အခန်း(၅၇၁) - ငါတော့ ထိန်းချုပ်သူတွေကို အားကျနေပြီ။

လင်းပျှမ်သည် အခြားသူများ မမြင်နိုင်သော အဖြူရောင်မြား၏ ဦးတည်ရာအတိုင်း လိုက်လာစဉ် အဖြူရောင်မြှားသည် မီတာ (၂၀) ပင် မဝေးသော နေရာတွင် ပေါ်လိုက်ပျောက်လိုက်နှင့် တုန်ခါနေသည်။ လင်းပျှမ်တို့သည် ပုံမှန်အမြန်နှုန်းကို ထိန်းထားပြီး နာရီဝက်ကျော်ကြာအောင် ပျံသန်းလာခဲ့ကြသည်။

လင်းပွမ်နှင့် ကျန်သည့် လေးယောက်သည် မီတာရာပေါင်းများစွာ ဝေးသော နေရာအတွင်း၌ မည်သည့်သက်ရှိကိုမှ မတွေ့ရသဖြင့် ထူးဆန်း နေကြသည်။ သူတို့ငါးယောက်သည် လေထဲတွင် ပျံသန်းနေကြပြီး အဝတ်အစား လေတိုးသံမှအပ မည်သည့်အသံကိုမှ မကြားရပေ။

ပိုးကောင် အော်ဟစ်သံ သို့မဟုတ် ငှက်များ၏ အော်ဟစ်သံကိုပင် တစ်ချက်မျှ မကြားရချေ။ သူတို့သည် သေမင်းကမ္ဘာထဲ ရောက်နေသကဲ့သို့ ဖြစ်နေသည်။

"ဒီဟင်းလင်းပြင် အပျက်အစီးနေရာက ကြောက်စရာ ကောင်းတယ်လို့ မင်းတို့ကောင်တွေ မထင်ကြဘူးလား"

လီလန်က လင်းဟွမ်နှင့် ကျန်သည့်လူများကို ကြည့်ပြီး မေးလိုက်သဖြင့်

"ငါတို့တွေ အခုထိတော့ သက်ရှိသတ္တဝါတွေ မတွေ့ရသေးဘူး။ ထူးထူးခြားခြား တိတ်ဆိတ်နေတယ်"

မကြာခင် ရီကျန်းက ပြန်ပြောလိုက်သည်။

“သယံဇာတတွေ ကုန်ခမ်းသွားပြီလား။ ဒါဆိုရင် ဒီဟင်းလင်းပြင် အပျက်အစီးထဲမှာ ရတနာတွေ ရှာမတွေ့တော့ဘူးပေါ့”

ရီရီယွီက သူမ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောဆိုလိုက်ရာ

“မဖြစ်နိုင်ဘူး။ သယံဇာတ ကုန်ခမ်းသွားရင် ဟင်းလင်းပြင် အပျက်အစီး ပြိုကျသွားလိမ့်မယ်။ ခု ဒီဟင်းလင်းပြင် အပျက်အစီးက ပုံမှန်အတိုင်း လည်ပတ်နေသေးတယ်။ ဒါပေမယ့် သက်ရှိတွေရဲ့ သဲလွန်စ မတွေ့ရတာတော့ ထူးဆန်းတာပဲ”

လျှန်ယုရှင်းက မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"အတွေး လွန်မနေကြနဲ့။ ကဲ ငါတို့ရဲ့ ပထမဦးဆုံး ဦးတည်ရာကို ရောက်တော့မယ်"

လင်းဟွမ်သည် နာရီဝက်ကျော်ကြာအောင် ပျံသန်းပြီးနောက် ဝင်ပေါက်နှင့် ကီလိုမီတာ (၇၀၀) အကွာတွင် မြားလမ်းကြောင်း ညွှန်ပြနေသည့် နောက်ဆုံးနေရာကို မြင်လိုက်ရ၍ အမြန်ဆင်းသက် လိုက်သည်။

ကျန်သည့် လေးယောက်သည် ထူးဆန်း သွားသော်လည်း လင်းဟွမ်နောက်မှ လိုက်ပါ၍ ဆင်းသက်လာကြသည်။ ဆင်းသက်လာပြီးနောက် ရီရီယွီနှင့် ကျန်သည့်လူများသည် မြေအောက်သို့ ဆင်းနိုင်သော ဝင်ပေါက်တစ်ခု ရှိနေကြောင်း တွေ့လိုက်ရသည်။

လင်းဟွမ်နှင့် ကျန်သည့်လေးယောက်သည် ဂူပေါက်ဝနှင့် (၁၀) မီတာပင် မဝေးသောနေရာ၌ ဆင်းသက် လာခဲ့ကြခြင်းပင်။ ထိုအချိန်တွင် အဖြူရောင်မြားလေးမှာ ပျောက်ကွယ်သွားခဲ့ပြီ ။

"ဒီလောက် အမြင့်ကြီးကနေ ဒီလိုဗိုက်ဂူကို ရှာတွေ့တာ မင်းဆီမှာ ကြောင်စရာကောင်းတဲ့ မျက်လုံးကောင်း ရှိနေတာပဲ"

လီလန်က ရယ်မောပြီး ပြောလိုက်သဖြင့်

"ငါ့ဆီမှာ မျက်လုံးစွမ်းရည်နဲ့ ခပ်ဆင်ဆင်တူတဲ့ မွန်းစတား စွမ်းရည်တစ်ခု ရှိတယ်"

လင်းဟွမ်သည် ရတနာကတ် အသုံးပြုခဲ့သည့် အကြောင်းကို ဖုံးကွယ်ရန် အကြောင်းပြချက်တစ်ခု ပေးလိုက်သည်။

"ကဲ… ဝင်ကြည့်ရအောင်"

ရီကျန်းက ဦးဆောင်ရန် စိတ်အား ထက်သန်နေသော်လည်း လင်းဟွမ်က လှမ်းတား လိုက်သည်။

"ခဏနေဦး"

လင်းဟွမ်က သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်သည်။

သွေးရဲရဲလေးသည် ခရမ်းရောင် တိမ်တိုက်အဖြစ် မရှိဘဲ မြွေငယ်လေးတစ်ကောင်အဖြစ်

ပြောင်းလဲထားပြီး လင်းဟွမ်၏ ဘယ်လက် လက်မောင်းတွင် ရစ်ပတ်လိုက်သည်။

မြင်ရသည်မှာ ရုပ်ပြကာတွန်းများထဲမှ အန္တရာယ်ကင်းသော တိရိစ္ဆာန်လေး တစ်ကောင်နှင့် တူနေသည်။ မျက်လုံးလေးများက မှိတ်တုတ်မှိတ်တုတ် ဖြစ်နေသဖြင့် ရှီရှီယွီနှင့် လျန်ယုရှင်း တို့ကို စွဲဆောင်သွားသည်။

"အရမ်းချစ်ဖို့ ကောင်းတာပဲ"

ရှီရှီယွီက ထိကြည့်ချင်နေသည်။

"သွေးရဲရဲလေး... ဂူထဲက အခြေအနေကို ကြည့်ပေးပါဦး..."

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

သွေးရဲရဲလေး ခန္ဓာကိုယ်ပေါ်မှ ခရမ်းရောင် အလင်းစက် (၁၀) စက်ကျော် ထွက်ပေါ်လာပြီး ဂူပေါက်ထဲ ပျံသန်းသွားသည်။

ရီရီယွီက လက်ကိုဆန့်တန်းပြီး ထိုထဲမှတစ်ခုကို ဖမ်းယူရန်လုပ်လိုက်စဉ် ရီကျန်းက ခေါင်းခါပြသည်။ ရီရီယွီသည် ရီကျန်းက သူမကို စိတ်အနှောင့်အယှက် မဖြစ်စေချင်သဖြင့်

တားမြစ်ခဲ့သည်ဟု ထင်နေခဲ့သည်။ အမှန်တကယ်ဆို ရီကျွန်းသည် ခရမ်းရောင် အလင်းစက်များထံမှ ကြောက်စရာကောင်းသော အော်ရာကို မရေမရာ ခံစားနေရသောကြောင့်ပင်။

လျှန်ယုရှင်းလည်း ခံစားနိုင်သည်။ သူမသည် မသေချာ မရေရာပဲ ဇဝေဇဝါ ဖြစ်နေသော မျက်လုံးများနှင့် လင်းဟွမ် လက်မောင်းတွင် ရစ်ပတ်ထားသော သားရဲလေးကို လှမ်းကြည့် လိုက်သည်။

"လင်းဟွမ်.... သွေးရဲရဲလေးရဲ့ တိုက်ခိုက်ရေး အဆင့်က ဘယ်လောက်လဲ"

လီလန်သည် မီးတောင်ငရဲထဲတွင် ရှိစဉ်က သွေးရဲရဲလေး၏ စုံစမ်းစစ်ဆေးရေး စွမ်းရည်ကို သူနှင့်ရီရီယွီတို့က မျက်မြင်ကိုယ်တွေ့ မြင်ဖူးထားသောကြောင့် သွေးရဲရဲလေး အကြောင်းနှင့် ပတ်သက်၍ ရင်းနှီးနေသည်။

"သူ့ရဲ့ တိုက်ခိုက်ရေးအဆင့်က မင်းထက် မြင့်တယ်"

လင်းဟွမ်က တိုက်ရိုက် ပြန် မဖြေခဲ့ပေ။ ထိုအစား လျှို့ဝှက်ဆန်းကြယ်စွာ ပြုံးနေသည်။

“ဘယ်လို ဖြစ်နိုင်မှာလဲ၊ ငါက ကြက်သွေးရောင် မီးလျှံအဆင့် အထွတ်အထိပ် ရောက်နေပြီ၊ မကြာခင် အပြာရောင် မီးလျှံအဆင့် တက်လှမ်းတော့မှာ”

လီလန်က မယုံကြည်နိုင် ဖြစ်နေ၍

“ရွှေရောင် မီးလျှံအဆင့်လား…”

ရီကျန်းက ခန့်မှန်းလိုက်သည်။ ဤမွန်းစတား၏ တိုက်ခိုက်ရေးအဆင့်မှာ သူ့ထက် နိမ့်ကျမည် မဟုတ်ကြောင်း အသေအချာနေပင်။

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူ ဆင့်ခေါ်သော မွန်းစတားများ၏ တိုက်ခိုက်ရေးအဆင့်အား ထပ်မံမေးမြန်းခြင်းကို ရှောင်ရှားနိုင်စေရန် ရှင်းပြလိုက်သည်။

“အခြေခံအားဖြင့်တော့ ငါ့ရဲ့ ဆင့်ခေါ် မွန်းစတားအများစုက ရွှေရောင် မီးလျှံအဆင့် ရောက်နေပြီ”

အစောပိုင်း အချိန်က ရီကျန်းသည် အဖွဲ့ဝင်များကြားတွင် သူက အသန်မာဆုံးဟု ထင်နေခဲ့သည်။ သို့သော်လည်း လင်းဟွမ်၏ စကားကိုကြားပြီးနောက် လင်းဟွမ်က အဖြူရောင် မီးလျှံအဆင့်သာ ရှိသေးသော်လည်း တိုက်ခိုက်ရေး အစွမ်း အမြင့်ဆုံးလူဖြစ်ကြောင်း ချက်ချင်း နားလည်လိုက်သည်။

"ဒါဆိုလည်း ဒီကောင်လေးက ရွှေရောင် မီးလျှံအဆင့် ဖြစ်နေရင်တောင် တကယ့်တိုက်ပွဲမှာ ငါ့ကို အနိုင်မယူနိုင်ဘူးဆိုတာ သေချာတယ်..."

လီလန်က သွေးရဲရဲလေးကို မောက်မာစွာ ကြည့်လိုက်သည်။ ယခုအချိန်အထိ သွေးရဲရဲလေးကို နုံအပြီး မတိုက်ခိုက်တတ်သော မွန်းစတားတစ်ကောင် အဖြစ် ယူဆထားပုံပင်။

သွေးရဲရဲလေးက လီလန်ကို စိုက်ကြည့်ပြီး မျက်လုံးလေး ပေကလတ် ပေကလတ် လုပ်ပြလိုက်သည်။ ထို့နောက် လင်းဟွမ်ကို အပြစ်ကင်းသော မျက်လုံးများနှင့် လှမ်းကြည့် လိုက်သည်။ ဘာမှ မပြောခဲ့သော်လည်း

လင်းဟွမ်သည် သွေးရဲရဲလေး ပြောချင်သော အဓိပ္ပာယ်ကို နားလည်သည်။

'ငါက သူ့လိုကောင် အကောင်တစ်သောင်းလောက် ပေးပြီး တစ်ကောင်တည်း တိုက်ခိုက်နိုင်တယ်'

လင်းဟွမ်က ကြိတ်ပြီး အသံထွက်ရုံသာ ရယ်မောလိုက်သည်။

သွေးရဲရဲလေး၏ ကပ်ပါးစွမ်းရည် နှင့်ဆိုလျှင် ဤစကားမှာ ဟာသပြောနေခြင်း မဟုတ်ပေ။ အမှန်တကယ်ပင် အနိုင်ယူနိုင်စွမ်း ရှိနေသည်။ လက်ခံကောင်များ၏ တိုက်ခိုက်ရေး အဆင့်က

သွေးရဲရဲလေးထက် နိမ့်ကျနေသရွေ့ ကပ်ပါးကောင်များ၏ ကပ်ပါးကူးစက်ခြင်း ဘေးမှ လွတ်မြောက်နိုင်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် အရေအတွက် အားသားချက် ဆိုသည်မှာ သွေးရဲရဲလေးအတွက် အဓိပ္ပာယ် မရှိပေ။ ထို့ကြောင့် လီလန် တစ်သန်းရှိနေလျှင်ပင် သူတို့ အားလုံးသည် သွေးရဲရဲလေး၏ ရုပ်သေးရုပ်များသာ ဖြစ်လာလိမ့်မည်။

ရီရီယွီသည် သွေးရဲရဲလေး၏ တိုက်ခိုက်ရေး စွမ်းရည်ကို သိပ် ဂရုမစိုက်ပေ။ သူမ၏

အတွေးကလည်း လီလန်နှင့် အတူတူပင်။ မူလကတည်းက သူမသည် သွေးရဲရဲလေးကို ဆင့်ခေါ်ထားသော သာမန် မွန်းစတား တစ်ကောင်မျှသာ ထင်နေခဲ့သည်။ သို့သော်လည်း အမှန်တရားတွင်မူ သွေးရဲရဲလေးသည် သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင် ဖြစ်နေရုံသာမက အင်မတန် အစွမ်းထက်နေသည်။

ရီရီယွီ၏ အမြင်မှာမူ ဤမွန်းစတားလေး၏ အစွမ်းအထက်ဆုံး စွမ်းရည်မှာ အလင်းစက်များကို ထုတ်လွှင့်ပြီး ထောက်လှမ်းနိုင်သော စွမ်းရည်သာ

ရှိသည်ဟု ထင်နေခဲ့ပြီး ကျန်သည့်စွမ်းရည်များက ကာကွယ်ရုံမျှသာ ဖြစ်လိမ့်မည်။ တိုက်ခိုက်ရေး စွမ်းရည် မရှိနိုင်ပေ။

သို့သော်လည်း ခရမ်းရောင် မီးလျှံ အဆင့်ရှိနေသော ရီကျန်းနှင့် အပြာရောင် မီးလျှံအဆင့် ရှိနေသော လျန်ယုရှင်းတို့၏ မျက်လုံးထဲတွင် လုံး၀ ကွဲပြားသော အမြင်များ ရှိနေသည်။

သူတို့နှစ်ယောက်လုံးသည် ရီရီယွီနှင့် လီလန်တို့ ထက်စာလျှင် ကြောက်စရာကောင်းသော

သာလွန်အဆင့် မွန်းစတားများနှင့် မကြာခဏ တွေ့ဆုံခဲ့ဖူးသည်။ ထို့ကြောင့် သွေးရဲရဲလေးက သူ့အစွမ်းအစကို ဖုံးကွယ်ထားပြီး သာမန် မွန်းစတားတစ်ကောင် မဟုတ်ကြောင်း ရိပ်မိ နေကြသည်။

စုံစမ်းစစ်ဆေးမှုရလဒ် မထွက်ပေါ်သေးခင် လင်းဟွမ်ဘေးနားတွင် ရပ်နေသော ရီရီယမ်ကိုက သွေးရဲရဲလေး ခေါင်းကို ထိလိုက်သည်။ သွေးရဲရဲလေးက သူ့အား ပွတ်သပ်ပေးနေသည်ကို

သဘောကျသည့် ပုံစံဖြင့် မျက်လုံးမှေးထားသည်ကို မြင်လိုက်လျှင် လီလန်လည်း ရောက်လာသည်။

'မင်းတို့နှစ်ကောင်က ငတုံးတွေပဲ...'

ရီကျန်းက စိတ်ထဲမှကျိတ်ပြီး ကျိန်ဆဲလိုက်သည်။

မကြာခင် သွေးရဲရဲလေးက မျက်လုံးများ ဖွင့်ပြီး မျှော့မျိုးစေ့များက တွေ့ရှိထားသော ပုံများကို လင်းဟွမ်စိတ်ထဲ ပို့ပေးလိုက်သည်။

"သတင်းအသစ် ရပြီလား"

ရီကျန်းက သွေးရဲရဲလေး၏ တုံ့ပြန်မှုကို သတိထားမိပြီး ချက်ချင်း မေးလိုက်သည်။

"ဟုတ်တယ်၊ အထဲဝင်ရအောင်"

လင်းဟွမ်က ခေါင်းညိတ်ပြီး ညွှန်ကြား လိုက်သည်။

အပြာရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော လန်စန်လေ့က သူတို့ရှေ့တွင် ဖြည်းဖြည်းချင်း ပေါ်လာသည်။

လန်စန်လော့သည် နတ်ဘုရား အော်ရာနှင့် ပေါင်းစပ်ပြီးနောက် ခန္ဓာကိုယ် မျက်နှာပြင်ပေါ်တွင် မြူခိုးများ မရှိတော့ဘဲ ပိုမို အားကောင်းလာခဲ့သည်။ သူ၏ အသွင်အပြင်သည် ကိုင်လီနှင့်ယှဉ်ပါက အနည်းငယ် ပို၍ ကြောက်စရာ ကောင်းနေသည်။

အကယ်၍ ဂိမ်းတစ်ခုဖြစ်ပါက လန်စန်လော့၏ ခေါင်းထိပ်တွင် အနီရောင် နာမည်တစ်ခု ရှိနေနိုင်ပြီး အလွန်အန္တရာယ်များသော ဇာတ်ကောင်တစ်ကောင် ဖြစ်ကြောင်း ညွှန်းဆိုနေလိမ့်မည်။

လင်းဟွမ်မှလွဲ၍ ရီကျန်းအပါအဝင် ကျန်သည့်လူလေးယောက်က အပြာရောင် ချပ်ဝတ်တန်ဆာဝတ်ဆင်ထားသော ဤမွန်းစတားက သူတို့လေးယောက်ကို စကြွန့်ပိုင်းလေးအတွင်း အလွယ်တကူ သတ်ပစ်နိုင်ကြောင်း အတည်ပြုလိုက်ကြသည်။

"လန်စန်လော့၊ ငါတို့ လမ်းကို ဦးဆောင်လိုက်"

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

လန်စန်လော့၏ အပြာရောင် မျက်လုံးများက ရီကျန်းနှင့် ကျန်သည့်လူများကို တစ်ချက်

ဝေ့ကြည့်လိုက်ပြီး နောက်ဆုံးတွင် လင်းဟွမ်ကို ကြည့်ကာ ခေါင်းညိတ်သည်။ ထို့နောက် ဂူထဲ လျှောက်ဝင်သွားသည်။ လင်းဟွမ်နှင့် ကျန်သည့် လေးယောက်မှာ လန်စန်လေ့နောက်မှ လိုက်၍ ဂူထဲ ဝင်လာကြသည်။

သူတို့ငါးယောက်မှာ ခြေလှမ်း အနည်းငယ်မျှသာ လမ်းလျှောက်ရသေးပြီး လီလန်၏ အသံကို ကြားလိုက်ရသည်။

"ငါတော့ ထိန်းချုပ်သူတွေကို တကယ် အားကျနေပြီ"

## အခန်း(၅၇၂) - လန်စန်လော့၏ စွမ်းရည်။

သူတို့ ငါးယောက်သည် လန်စန်လော့နောက်မှ လိုက်၍ ဂူထဲ ဝင်လာခဲ့ကြသည်။ ဂူထဲသို့ ဝင်သောလမ်းကြောင်းမှာ ဆင်ခြေလျှော တစ်ခုပင် ။ (၁၀) မိနစ်ကျော်တိုင်း တစ်ကြိမ်ခန့် ချိုးကွေ့၍ လမ်းလျှောက်လာရင်း လန်စန်လော့နှင့်အတူ မြေအောက် လှိုဏ်ဂူထဲ တိုးဝင်လာကြသည်။

လှိုဏ်ဂူကြီးက မှောင်မဲနေသဖြင့် သူတို့ မျက်နှာရှေ့၌ လက်ညှိုးထားလျှင်ပင် မမြင်ရချေ။

သို့သော်လည်း အမှောင်ထုသည် လင်းဟွမ်နှင့် သာလွန်အဆင့် ရောက်နေသော အခြားလူများ၏ အမြင်အာရုံကို တားဆီးနိုင်စွမ်း မရှိပေ။ မကြာခင် သူတို့ ငါးယောက်သည် လှိုဏ်ဂူအတွင်းမှ အခြေအနေကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

လှိုဏ်ဂူသည် တော်တော်လေး ကျယ်ဝန်းပြီး ဂူမျက်နှာကြက်မှာ (၁၀) မီတာခန့် မြင့်မားသည်။ ကျယ်ပြောလှသော မြေအောက် ကမ္ဘာကြီး တစ်ခုပင်။ သို့သော်လည်း သူတို့ စိုးရိမ်သည်မှာ မြေအောက်ကမ္ဘာကြီး၏ အရွယ်အစား မဟုတ်ပေ။

ထိုအစား ဂူထဲမှ မွန်းစတားများကို စိတ်ပူနေကြခြင်းပင်။

ထိုမွန်းစတားများ၏ ခန္ဓာကိုယ် အရွယ်အစားအရမျောက်များနှင့် ဆင်တူသော်လည်း ခန္ဓာကိုယ်ပေါ်တွင်အမွေးများ မရှိချေ။ သူတို့ ခန္ဓာကိုယ်ပေါ်တွင်ဖယောင်းကဲ့သို့ ပျော့ဖပ်ဖပ် ဖြစ်နေသောအရေပြားများ ရှိသည်။ ထို့အပြင် လက်တံ၊ခြေတံများက ရှည်လျားကာ မျက်နှာမှာ သာမန်လူသား၏ နားအရွယ်အစား နှစ်ဆခန့်ရှိကာနားရွက်များနှင့် ဆင်တူသည်။ မျက်လုံးများတွင်

မျက်ဝန်းနှင့် သူငယ်အိမ်များမရှိဘဲ အဖြူရောင် မျက်ဆန်ကြီးကိုသာ မြင်ရသည်။ နှာတံ မရှိ သေးငယ်သော နှာခေါင်းပေါက်လေး နှစ်ခုသာ ရှိသည်။ ခွေးများကဲ့သို့ ချွန်ထက်သော သွားများရှိပြီး လျှာကို ဆန့်ထုတ်လိုက်ပါက သာမန် လူတစ်ယောက်ထက် သုံးဆခန့် ပိုရှည်သည်။

အချို့မွန်းစတားများက ဂူမျက်နှာကြက်တွင် ခေါက်ထိုးခို၍ တွဲလောင်းချိတ်ဆွဲနေပြီး နေ့ခင်း အချိန်၌ အိပ်တန်းတက်နေကြသည်။ သူတို့သည်

အနည်းဆုံး အကောင် (၁၀၀) ခန့်ရှိပြီး အိပ်ပျော်နေပုံပင်။

"နောက်ဆုံးတော့ ဒီနေရာက သက်ရှိကို တွေ့ရပြီ။ ဒါပေမယ့် ကြောက်စရာ ကောင်းတဲ့ပုံပဲ"

လီလန်က သုံးသပ်လိုက်သည်။

"ဒါက ဂူအောင်း နတ်ဆိုးတွေလား..."

ရီရီယွီက ဇဝေဇဝါ မေးလိုက်သည်။ ဤမွန်းစတားအကြောင်းကို ယခင်က ကြားခဲ့ဖူးသော်လည်း မွန်းစတား စွယ်စုံကျမ်းထဲတွင်

အချက်အလက်များကို မည်သည့် အချိန်ကမျှ မရှာခဲ့ပေ။

"ဟုတ်တယ်... ဂူအောင်းနတ်ဆိုးတွေ"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

လင်းဟွမ်သည် သိုင်းပညာ မုဆိုးကောလိပ်တွင် စာပေအမျိုးမျိုး ဖတ်ခြင်းဖြင့် အချိန်များကို ဖြုတ်သန်းခဲ့သည်။ မွန်းစတား လမ်းညွှန်ချက်ထဲက အကြောင်းအရာများကို မှတ်နိုင်သလောက် မှတ်ထားခဲ့သည်။ သွေးရဲရဲလေးကဲ့သို့ အသေးစိတ် အချက်အလက်များကို မမှတ်မိနိုင်သော်လည်း

အခြေခံအားဖြင့်တော့ မွန်းစတားကိုမြင်ရုံနှင့် ခွဲခြား သိရှိနိုင်သေးသည်။

ဂူအောင်း နတ်ဆိုးသည် မြေအောက်ထဲတွင် နေထိုင်သော မွန်းစတားအမျိုးအစား ဖြစ်ပြီး ပုံမှန်အားဖြင့်တော့ အပုပ်အသိုးများကို စားသုံးသည်။ အလောင်းကောင်များ မရှိသောအခါ သက်ရှိများကို လိုက်လံရှာဖွေ၍ စားသောက်ကြသည်။ စားနပ်ရိက္ခာ မလုံလောက်သော အခြေအနေတွင် မြေအောက်ထဲတွင် ဆောင်းခို နေကြသည်။

နောက်ဆုံးအခြေအနေတွင် စားနပ်ရိက္ခာပြဿနာကို မဖြေရှင်းနိုင်ပါက သူတို့ အချင်းချင်းပြန်၍ အမဲလိုက်ကြသည်။ ထို့ကြောင့် ဤမွန်းစတားများသည် ရက်စက်ကြမ်းကြုတ်လွန်းလှ၏။ ထို့အပြင် အုပ်စုဖွဲ့နေထိုင်ရခြင်းကို နှစ်သက်သည်။

အရွယ် ရောက်လာသောအခါ ရွှေအဆင့်အထိ အလိုလို မြင့်တက်လာကြသည်။ သူတို့ထဲမှ အနည်းစုသည် တပ်မှူးအဆင့်ဖြစ်ပြီး သူတို့၏ ခြေသည်းများနှင့် သွားများက အဆိပ်

ပြင်းထန်သည်။ ထို့ကြောင့် သန့်ရှင်းမီးလျှံအဆင့် လူများပင် ဤမွန်းစတားများကို ရန်စလိုခြင်း မရှိကြချေ။

ယခုမူ လင်းဟွမ်တို့အဖွဲ့သည် ဂူအောင်းနတ်ဆိုး၏ အသိုက်ထဲ ရောက်ရှိလာကြပြီ။

ဤမွန်းစတားများသည် ငြိမ်သက်နေရာမှ သူတို့၏အကြားအာရုံတွင် တစ်ခုခု ကြားလိုက်သည်နှင့် ချက်ချင်း နိုးလာကြလိမ့်မည်။

"အရေအတွက် (၄၀၀) တောင် ကျော်တယ်၊ အုပ်စုအရွယ်အစားကို ကြည့်ရတာတော့

တပ်မှူးအဆင့် မွန်းစတားတွေ ရှိနိုင်တယ်။ တစ်ကောင်ထက်တောင် ပိုရင် ပိုလိမ့်အုံးမယ်”

လျှန်ယုရှင်းက လင်းဟွမ်ကို လှမ်းကြည့်ပြီး အကြံပြုချက် မဟုတ်ဘဲ ခွဲခြမ်းစိတ်ဖြာမှု ရလဒ်ကိုသာ ပြောခဲ့ခြင်းပင် ။

“ဒီမွန်းစတားတွေက သတ်ပစ်ဖို့ မထိုက်တန်ပါဘူးကွာ။ သူတို့ ခန္ဓာကိုယ်က ဘယ်နေရာမှာမှ သုံးလို့မရဘူး။ အရေအတွက်ကလည်း များလွန်းတယ်။ သူတို့ကို သတ်ရင် အလုပ်ရှုပ်တာပဲ အဖက်တင်တယ်”

ရီကျန်းသည် ဤကဲ့သို့ မွန်းစတား အမျိုးအစားကို အမဲလိုက်ရန် စိတ်မဝင်စားပေ။

"ငါတို့တွေ ဒီရောက်နေပြီ ဆိုမှတော့ သွေးပူလေ့ကျင့်ခန်းလေး၊ ဘာလေး လုပ်လိုက်ကြစို့"

လင်းဟွမ်က ပြောလိုက်သည်။

"ဒါပေမယ့် ဒီမွန်းစတားတွေကို သတ်ဖို့ အချိန်အများကြီး မယူဘူး"

လင်းဟွမ်သည် သွေးရဲရဲလေး၏ ကပ်ပါးစွမ်းရည်ကို ထုတ်ဖော်ပြသရန် ရည်ရွယ်ချက်

မရှိပေ။ ထို့နောက် လန်စန်လေ့ကို ရိုးရှင်းသော ညွှန်ကြားချက်တစ်ခု ပေးလိုက်သည်။

“အားလုံးကို သတ်...”

လန်စန်လေ့၏ အပြာရောင် မျက်လုံးများထဲတွင် အပြာရောင် အလင်းများ တောက်ပလာသည်။ ရီရီယွီနှင့် ကျန်သည့်လူများ မတုံ့ပြန်နိုင်ခင် သူ့ခန္ဓာကိုယ်မှ ရွှေရောင်အလင်းများ လျှင်မြန်စွာ ဖြာထွက်လာပြီး ဂူတစ်ခုလုံး နေ့ခင်းဘက်ကဲ့သို့ လင်းထိန်သွားသည်။

ထိုအလင်းများက ငြိမ်သက်နေသော ဂူအောင်းနတ်ဆိုးများကို ရန်စသွားခဲ့သဖြင့် နိုးလာပြီး အရူးအမူး အော်ဟစ်ကြတော့သည်။

ရီရီယွီနှင့် ကျန်သည့် လူများသည် ထိုအချင်းအရာကို မြင်လျှင် စကားမပြောနိုင် ဖြစ်နေကြသည်။ သူတို့က မွန်းစတားများ အိပ်ပျော်နေစဉ် တိတ်တိတ်လေး သတ်ဖြတ်ချင်ကြသည်။ တတ်နိုင်သမျှ ဆူညံသံများ မထွက်ပေါ်အောင် ကြိုးစား၍ သတ်ပစ်ရန် ကြံရွယ်ထားကြသည်။ ထို့အပြင် မွန်းစတားများ

နိုးလာပါက အရေအတွက်မှာ သူတို့ထက် အဆမတန် များပြားနေသဖြင့် အားသာချက် ရှိလိမ့်မည် မဟုတ်ပေ။

လင်းဟွမ်လည်း ဆွံ့အနေပြီး ကိုယ့်နဖူးကိုယ် ပြန်ရိုက်လိုက်သည်။ သူက လန်စန်လော့ကို မွန်းစတားအားလုံး သတ်ရန် ညွှန်ကြားလိုက်သော်လည်း တစ်ယောက်တည်းနှင့် အားလုံးကို သတ်ပစ်ရန် ပြောခဲ့ခြင်း မဟုတ်ပေ။ သို့သော်လည်း လန်စန်လော့ကမူ သူတစ်ယောက်တည်း သတ်ပစ်ရမည်ဟု

တွေးထင်နေပုံ ရသည်။ ထို့ကြောင့် သူ၏ အဆုံးစွန်သော စွမ်းရည်ဖြစ်သည့် ဓါးလွှမ်းမိုးခြင်းကို ထုတ်ဖော်ခဲ့ခြင်းသာ....

ရွှေရောင်အလင်းများ လေထဲတွင် လင်းလက်နေပြီး အရှည် ၁၀ မီတာခန့်ရှိသော ဓါးတိုလေးများ ဖွဲ့စည်းလာသည်။

ဂူအောင်း နတ်ဆိုးများသည် မည်သည့်အရာများ ဖြစ်ပျက်နေလဲ ဆိုသည်ကို သိသွားပြီးနောက် လင်းဟွမ်တို့အုပ်စုကို လှမ်းကြည့်ပြီး ပျံသန်းဝင်ရောက်လာကြသည်။

ခါးတိုလေးများက ပျံသန်းသွားပြီး ဂူအောင်းနတ်ဆိုးများ၏ ခန္ဓာကိုယ်များထဲ ထိုးဖောက်ဝင်ရောက် သွားကြသည်။ မကြာခင် မွန်းစတားများ တစ်ကောင်ပြီးတစ်ကောင် တိုက်ခိုက်ခြင်း ခံလိုက်ရသည်။

(၁၀) စက္ကန့် မပြည့်ခင် ဆူညံနေသော နေရာတစ်ခုလုံး တိတ်ဆိတ်သွားခဲ့ပြီ။

ရီကျန်းနှင့် ကျန်သည့် လူများသည် မြေပြင်ပေါ်တွင် ပြန့်ကျဲနေသော ဂူအောင်း နတ်ဆိုးများ၏ အလောင်းများကို ကြည့်ရင်း

အံ့ဩမှင်တက်ကာ ခေတ္တမျှ ပါးစပ် အဟောင်းသား ဖြစ်န ကြသည်။

သူတို့လေးယောက်သည် ဤကဲ့သို့ တစ်ဖက်သတ်ဆန်သော လူသတ်ပွဲ မှနေ၍ လန်စန်လော့က မည်မျှ အစွမ်းထက်ကြောင်း မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရသဖြင့် တုန်လှုပ် နေကြသည်။

"အစွမ်း ထက်လွန်းတယ်..."

လီလန်သည် သူမြင်တွေ့ခဲ့ရသော အရာအတွက် ထိုစကားလုံး တစ်လုံးမှလွဲ၍ အခြား မည်သည့်စကား ပြောရမှန်း မသိတော့ချေ။

“သတ်ဖြတ်နှုန်းကလည်း ကြောက်စရာကြီး”

ရီရီယွီလည်း အလန့်တကြား ရေရွတ်လိုက်သည်။

“ဒီထဲက ခါးချက် တစ်ချက်လောက် ငါတို့ကို တိုက်ခိုက်ခဲ့မယ်ဆိုရင် တစ်ချက်လေးတောင် ကာကွယ်နိုင်မယ် မထင်ဘူး”

ရီကျန်းသည် လန်စန်လော့၏ စွမ်းရည်ကို တစ်ကြိမ်သာ မြင်လိုက်ရသော်လည်း လန်စန်လော့နှင့် တိုက်ခိုက်နိုင်မည် မဟုတ်ကြောင်း အတည်ပြု နိုင်ခဲ့သည်။

"ခါး… ခါး… ခါး ခါး စိုးမိုးမှု (ခါး ခြယ်လှယ်ခြင်း) လား"

လျန်ယုရှင်း၏ မျက်လုံးထဲတွင် ကြောက်ရွံ့မှုများ အတိုင်းသား ပေါ်နေသည်။ အတွေးထဲမှ မေးခွန်းကို ထုတ်ပြောလိုက်သော်လည်း ဆက် မမေးဝံ့ပေ။

လန်စန်လော့သည် အစီအစဉ် မရှိဘဲ ဤစွမ်းရည်ကို ဘုံမဆင့်ဆိုင်းမဆင့် ထုတ်ဖော်ပြသလိုက်ခြင်းပင် ။ ယခုလက်ရှိ အချိန်၌ လင်းဟွမ်သည် လန်စန်လော့ကို တိကျသော ညွှန်ကြားချက် မပေးခဲ့မိသည့်အတွက် ကူကယ်ရာမဲ့ နေသည်။ သို့သော်လည်း စွမ်းရည်ကို ထုတ်ဖော်ပြသခဲ့ပြီး ဖြစ်သလို သူ့ထံတွင် အခြား မွန်းစတားကတ်များ ရှိနေသေးသဖြင့် လန်စန်လော့၏ စွမ်းရည်ကို ဖုံးကွယ်ထားစရာ မလိုတော့ချေ။

"ကဲ... ဂူအောင်းနတ်ဆိုးတွေ အသတ်ခံခဲ့ရပြီဆိုတော့ ဒီနေရာမှာ တန်ဖိုးရှိတဲ့ပစ္စည်းတွေ ရှိ ၊မရှိ တစ်ချက်လောက် ကြည့်ရအောင်။ ဒီလိုမှမဟုတ်ရင် အသုံးမဝင်တဲ့ အလောင်းတွေက လွဲပြီး ဘာမှရလိုက်မှာ မဟုတ်ဘူး..."

လင်းဟွမ်က ဂူထဲကို ပထမဦးစွာ လှည့်ပတ် ကြည့်လိုက်သည်။

အမှန်တကယ်ဆို သွေးရဲရဲလေးက ဂူထဲကို အကြမ်းဖျင်း လေ့လာခဲ့ပြီးသား ဖြစ်သည်။

လင်းဟွမ်သည် တွင်းကြီးတစ်ခုထံ တည့်တည့် လျှောက်သွားပြီး ခေါင်းငုံ့ ကြည့်လိုက်သည်။ ထိုအထဲတွင် သတ္တဝါများ၊ လူများ၊ တိရိစ္ဆာန်များ၊ မွန်းစတားများ၏ အမျိုးမျိုးသော ဦးခေါင်းခွံများ ရှိနေသည်။

“ဒီကို လာကြည့်ကြအုံး”

လင်းဟွမ်က လှမ်းခေါ်လိုက်သည်။

ရီကျန်းနှင့် ကျန်သည့်လူများသည် လင်းဟွမ်၏ အော်သံကိုကြားလျှင် ထိုနေရာသို့ အမြန် ပြေးသွားကြသည်။

"အရိုးတွင်းကြီးလား။ မွန်းစတား သင်္ချိုင်းလား"

ရီရီယွီက သိချင်စိတ်နှင့် မေးလိုက်သည်။

"မဟုတ်ဘူး။ ဒါက ဂူအောင်းနတ်ဆိုးတွေ အစားအစာ သိမ်းဆည်းတဲ့ နေရာပဲ"

လင်းဟွမ်က ရှင်းပြလိုက်သည်။

"တစ်နည်းပြောရမယ်ဆို ဒါက သူတို့ရဲ့ မီးဖိုချောင်ထဲက ထမင်းစားခန်းနဲ့ အမှိုက်ပုံးပဲ။ အသတ်ခံရတဲ့ မွန်းစတားအားလုံးကို ဒီမှာပဲ ချထားလိုက်တယ်။ အသေကောင်တွေ ဆွေးမြေ့

ပုပ်သိုးသွားရင် သူတို့စားကြတယ်။ ကျန်တာတော့ ဦးခေါင်းခွံတွေပဲ။ ဒါကြောင့် အရိုးပုံတွေ စုပြုံလာတာ"

"ဒီနေရာမှာ ရတနာ တစ်ခုခု ရှာတွေ့နိုင်မလား"

လီလန်က လက်ဖဝါးကို ပွတ်သပ်ရင်း ပြောလိုက်သည်။

"စိတ်ထိန်း..."

လင်းဟွမ်က တောက်ပစွာ ပြုံးလိုက်ပြီး...

"သွေးရဲရဲလေး..."

ထို့နောက် သွေးရဲရဲလေးသည် လင်းဟွမ်၏ အင်္ကျီလက်စ အောက်ထဲမှ ထွက်လာပြီး အရိုးတွင်းထဲ ထိုးဆင်းသွားသည်။ ခဏအကြာ သွေးရဲရဲလေး ခန္ဓာကိုယ်သည် စက်လုံးပုံစံ ဖြစ်သွားပြီး အမျှင်များ ဆန့်ထွက်လာသည်။

ထိုအမျှင်များသည် အောက်ဘက်သို့ ထိုးဆင်းသွားပြီး ဦးခေါင်းခွံအပေါများ ကြားမှတဆင့် ဝင်ရောက်သွားသည်။ မကြာခင် သွေးရဲရဲလေး၏ အမျှင်များက အင်ပါယာနှလုံးသား လက်စွပ်များကို ဆွဲယူလာသည်။ မိနစ်အနည်းငယ် ကြာသောအခါ

ရာနှင့်ချီသော အင်ပါယာနှလုံးသား လက်စွပ်များကို တွေ့လိုက်ရသည်။

“ဒီလိုမျိုးလည်း လုပ်နိုင်တာလား”

လီလန် အံ့အောသင့်နေသည်။

## အခန်း(၅၇၃) - ဂူအောင်းနတ်ဆိုး၏ မှတ်ဉာဏ်။

အရိုးတွင်းထဲတွင် သွေးရဲရဲလေး၏ အမျှင်များ ပျံ့နှံ့မှုက မရပ်တန့်သေးဘဲ အရိုးများကြားရှိ နေရာလွတ်များမှတဆင့် ဆက်လက် ထိုးဖောက် ဝင်ရောက်နေခဲ့သည်။ ထို့နောက် အင်ပါယာနှလုံးသား လက်စွပ်နှင့် အဖိုးတန်ပစ္စည်းများကို ဆွဲထုတ် ယူလာခဲ့သည်။

နာရီဝက် ကျော်သောအခါ သွေးရဲရဲလေးသည် တူးဖော်နေမှုကို ရပ်တန့်လိုက်ပြီး အရိုးတွင်းထဲမှ

ဖြည်းဖြည်းချင်း မြောက်တက်လာသည်။ ထို့နောက် လင်းဟွမ်၏ရှေ့တွင် လွင့်မြောနေ၏။ ပါးစပ်ကို ဖွင့်ဟကာ ယူထားသော ပစ္စည်းအားလုံးကို ပြန်ထွေးထုတ် လိုက်သည်။

လင်းဟွမ်နှင့် ကျန်သည့်လူများက ပစ္စည်းများကို လှမ်းကြည့်ကြသည်။

ထိုပစ္စည်းများထဲတွင် အင်ပါယာ နှလုံးသား လက်စွပ် ထောင်ပေါင်းများစွာ ပါရှိသည်။

"အင်ပါယာ နှလုံးသားလက်စွပ်က စုစုပေါင်း (၂,၂၇၆) ခု ရှိတယ်။ ဓါတ်ကြွင်းနဲ့ တစ်ခြားအဖိုးတန် ပစ္စည်းတွေကတော့ (၁၃၃) ခု ရှိတယ်"

လင်းဟွမ်သည် သွေးရဲရဲလေးထံမှ ပစ္စည်းများ၏ ကိန်းဂဏန်း အရေအတွက် အတိအကျကို ရရှိထားသည်။

"မင်းတို့ လိုအပ်တာ တွေရှိသေးလား။ ကြည့်ကြ"

သူတို့က ခေါင်းခါကြသည်။ ဤအဆင့်မျှသာ ရှိသော ပစ္စည်းများကို စိတ်မဝင်စားသည်မှာ အထင်အရှားပင်။

လင်းဟွမ်သည် ယခင်က လျှန်ယုရှင်းပေးခဲ့သော သိုလှောင်လက်စွပ်ကို ထုတ်ယူပြီး ပစ္စည်းအားလုံး ထည့်သိမ်းလိုက်သည်။

“ပစ္စည်းတွေ အားလုံးကို ပေါင်းပြီး လက်စွပ်တစ်ကွင်းထဲမှာ သိမ်းထားလိုက်မယ်။ ဟင်းလင်းပြင် အပျက်အဆီးနေရာကို လေ့လာပြီးလို့ ပြန်ထွက်တဲ့အခါကျမှ လက်စွပ်ဖွင့်ပြီး ခွဲကြတာပေါ့။ ငါ စာရင်း လုပ်ထားလိုက်မယ်။ ငါတို့ ငါးယောက်ကြားမှာ ညီတူညီမျှပဲ ခွဲဝေကြမယ်။

ဒီလိုဆိုရင် ပစ္စည်းတွေကို တွေ့တိုင်း ပြန်မျှပေးနေစရာ မလိုတော့ဘူး”

လင်းဟွမ်က အဆိုပြုလိုက်သည်။

“အို.... ဒါပေမယ့် မင်းတို့လိုချင်တဲ့ ပစ္စည်း တစ်ခုခု ရှိနေရင်တော့ ပြောနိုင်တယ်။ တစ်ခြား လူတွေထက် ဦးစားပေးပြီး မင်းတို့လိုချင်တဲ့ ပစ္စည်းတွေ ရမယ်။ အဲ့ဒီလူကလည်း တန်ဖိုးချင်းတူတဲ့ ပစ္စည်းနဲ့ တစ်ခုလဲလှယ်ရမယ်။ အဲ့ဒါပြီးမှ ကျန်တဲ့ပစ္စည်းတွေကို အဖွဲ့တွေ ခွဲဝေကြမယ်”

“အကုန်လုံးက ပစ္စည်းတစ်ခုတည်း လိုချင်နေရင် ဘယ်လိုလုပ်မလဲ”

လီလန်သည် ဖြစ်နိုင်ချေများထဲက တစ်ခုကို ထုတ်ပြောလိုက်သဖြင့်

“ပစ္စည်းတောင်းဆိုထားတဲ့ သူတွေများနေရင် အများသဘောတူတဲ့ အဖြေတစ်ခု ထွက်လာမှာပေါ့။ ပစ္စည်းရမယ့်လူကို ဆုံးဖြတ်ပြီးရင် ဘယ်လို ရလဒ်မျိုးပဲ ထွက်ထွက် ကျန်တဲ့လူကလဲ မကန့်ကွက်ရဘူး”

လင်းဟွမ်သည် ဤအဖြေကို အစောကတည်းက တွေးခဲ့ဖူးသည်။

"ပစ္စည်းတွေ အရမ်း တန်ဖိုးကြီးနေပြီး ကျန်တဲ့လူက သူ့တို့မှာရှိတဲ့ ပစ္စည်းတွေနဲ့ လဲလှယ်ဖို့ မတတ်နိုင်ရင် ဘယ်လိုလုပ်မလဲ။ အဲ့ဒီလူက တစ်ခြားပစ္စည်းတွေနဲ့ လက်ကျန် ငွေတွေကို ထည့်ပေါင်းပြီး ပေးချေရမှာလား"

လီလန်က မေးလိုက်သည်။

"ဟုတ်တယ် အဲ့ဒီလူက ဈေးကွက် ပေါက်ဈေးအတိုင်း ကျန်တဲ့ငွေကို ပေးချေရမယ်။

မလိုအပ်တဲ့ ပစ္စည်းတွေကို ငါတို့လိုအပ်တဲ့ ပစ္စည်းတွေနဲ့ လဲလှယ်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမယ့် ငါတို့လိုအပ်တဲ့ပစ္စည်း မရှိရင်တော့ ကံကြမ္မာ သလင်းကျောက်နဲ့ လက်ကျန်ငွေ တန်ဖိုးကို ပေးချေနိုင်တယ်။ ဒီလိုမှ မဟုတ်လည်း တခြားစွမ်းအင် သလင်းကျောက် အမျိုးအစားနဲ့လည်း ရတယ်”

လင်းဟွမ်က နောက်ထပ် အခြေအနေများကို ရှင်းပြလိုက်သည်။

"ကိုယ့်ဘာသာကိုယ် ရှာတွေ့တဲ့ ပစ္စည်းတွေဆိုရင်တော့ တခြားလူက တောင်းဆိုလည်း မလဲချင်ရင် မလဲလို့ရတယ်။ အဲ့ဒါက ပိုင်ရှင်နဲ့ပဲ ဆိုင်လိမ့်မယ်။ ပိုင်ရှင်က သဘောမတူရင် ကျန်တဲ့လူတွေက အတင်းအကြပ် အရောင်းအဝယ် လုပ်လို့မရဘူး။ အဲ့ဒီတော့ ပစ္စည်းခွဲဝေရေးနဲ့ ပတ်သက်ပြီး စိတ်သဘောထား ကွဲလွဲမှု မဖြစ်ရအောင် အရင်ဆုံး သဘောတူညီချက် လုပ်ရမယ်။ ကန့်ကွက်စရာ ရှိရင်ပြော ဒါမှမဟုတ် ထပ်ဖြည့်စရာရှိရင်လဲ အခုပဲ ပြော။"

သူတို့ အားလုံးသည် သူငယ်ချင်းများ ဖြစ်သောကြောင့် ပစ္စည်းများနှင့် ပက်သက်၍ စိတ်သဘောထားများ ကွဲသွားခြင်းမျိုး မဖြစ်စေချင်ပေ။ ထို့ကြောင့် စည်းကမ်းချက်များကို ကြိုတင် ချမှတ်နေခြင်းပင် ။ ပစ္စည်းဝေမျှနေစဉ် တစ်စုံတစ်ခု ဖြစ်ပွားသည်ထက်စာလျှင် အခုရှုပ်မှ နောင်ရှင်း အစောကတည်းက ကြိုတင် ညှိနှိုင်းထားခြင်းက အကောင်းဆုံး ဖြစ်သည်။

“ကန့်ကွက်စရာ မရှိဘူး”

လျှန်ယုရှင်းက ပထမဦးဆုံး ခေါင်းငြိမ့်ပြသည်။

“ငါလည်း အတူတူပဲ”

ရီရီယွီက စိတ်မဝင်စားပေ။

“စည်းမျဉ်းကတော့ ရိုးရှင်းပါတယ်။ အားလုံးလည်း ရှင်းရှင်းလင်းလင်း သိပြီးသားပဲ။ တကယ်လို့ နောက်ပိုင်းမှာ သဘောထား ကွဲလွဲမှုတွေရှိလာရင် အသေးစိတ် ဆက်ဆွေးနွေးကြမယ်”

ရီကျန်းကလည်း သဘောတူသည်။

“အခုတော့ ဘာထပ်ထည့်ရမလဲဆိုတာ မစဉ်းစား နိုင်သေးဘူး”

လီလန်ကလည်း စဉ်းစားပြီးနောက် ကန့်ကွက်ခြင်း မရှိပေ။

"ကောင်းပြီလေ အားလုံးလည်း သဘောတူပြီဆို တော့ ငါတို့တွေ စည်းမျဉ်းအတိုင်းပဲ သတ်မှတ်လိုက်ကြမယ်"

ထို့နောက် လင်းဟွမ်က ဆက်ပြောလိုက်သည်။

"မင်းတို့ လေးယောက်က ငါ့သူငယ်ချင်းတွေပဲ တကယ်လို့ လိုအပ်တာရှိရင် တောင်းဖို့ မရှက်နဲ့။ ဒါက တရားမျှတတယ်။ ဘာမှ ရှက်စရာမလိုဘူး။ မျက်နှာပူစရာလည်း မရှိဘူး။ မင်းတို့ လိုအပ်တဲ့

ပစ္စည်းတွေက တစ်ခြားသူတွေဆီမှာ ရှိနေရင်လည်း တောင်း”

ကျန်သည့် လူများသည် လင်းဟွမ်စကားကို ကြားလျှင် ခေါင်းငြိမ့်ကြသည်။

“သွေးရဲရဲလေး၊ ကျန်ခဲ့တဲ့ပစ္စည်း ရှိ၊မရှိ ထပ်စစ်ဆေး ကြည့်ပါဦး။ ပစ္စည်းတွေမကျန်ရင် ငါတို့ ထွက်သွားကြမယ်”

ထို့နောက် လင်းဟွမ်သည် သွေးရဲရဲလေးကို ကြည့်ပြီး ညွှန်ကြားချက်အသစ် ထပ်ပေးလိုက်သည်။

သွေးရဲရဲလေးက ခရမ်းရောင် အလင်းစက်များကို ထုတ်လွှင့်ပြီး ပတ်ပတ်လည်ကို နောက်တစ်ကြိမ် စစ်ဆေးလိုက်သည်။

ဂူအောင်း နတ်ဆိုးများ၏ လက်ချောင်းများထဲမှ အင်ပါယာနှလုံးသား လက်စွပ်အချို့ ထပ်မံ တွေ့ရှိခဲ့သည်။

ထို့နောက် အခွင့်အရေးကို ဆုပ်ကိုင်၍ တပ်မှူးအဆင့် ဂူအောင်းနတ်ဆိုး အလောင်းများကို ကပ်ပါးကောင်များ ကူးစက်စေကာ ဤဟင်းလင်းပြင် အပျက်အဆီးနှင့် ပတ်သက်သော

သတင်းအချက်အလက်များကို သူတို့ မှတ်ဉာဏ်များထဲမှ ထုတ်ယူခဲ့သည်။

လင်းဟွမ်သည် မည်သည့်အရာမျှ မကျန်ခဲ့တော့ကြောင်း အတည်ပြုပြီးနောက် အဖွဲ့ကို ဦးဆောင်ပြီး မြေပြင်ပေါ် ပြန်တက်လာခဲ့သည်။

"သွေးရဲရဲလေး၊ ဟင်းလင်းပြင် အပျက်အဆီးရဲ့ အခြေအနေကို စစ်ဆေးကြည့်ပါဦး"

လင်းဟွမ်သည် မြေပြင်ပေါ် ပြန်ရောက်သည်နှင့် သွေးရဲရဲလေးကို ညွှန်ကြားချက်အသစ် ထပ်ပေး လိုက်သည်။ ထို့နောက် ဟင်းလင်းပြင်

အပျက်အဆီး၏ အခြေအနေကို စုံစမ်းခိုင်းလိုက်သည်။

သွေးရဲရဲလေးသည် လေထဲ မြောက်တက်၍ လွင့်မျောနေပြီးနောက် မရေမတွက်နိုင်သော ခရမ်းရောင် အလင်းစက်များသည် တိမ်တိုက်တစ်ခုကဲ့သို့ လွင့်မြောပြီး နေရာအနှံ့ ပျံ့နှံ့သွားသည်။

"လှလိုက်တာ"

ရီရီယွီက အော်ဟစ်လိုက်သည်။

"အံ့မခန်း စူးစမ်းရှာဖွေရေး စွမ်းရည်ပဲ"

ထုံးစံအတိုင်း လီလန်ကမူ ထိန်းချုပ်သူများကို အားကျနေသည်။

"စုံစမ်းစစ်ဆေးရေး မျှော့မျိုးစေ့တွေကို ဘယ်လောက်များများ ထုတ်နိုင်လဲ"

ရီကျန်းကလည်း ဤစွမ်းရည်ကို အနည်းငယ် စိတ်ဝင်စားလာသည်။

"အများဆုံး သန်းပေါင်းအနည်းငယ် ထုတ်လွှင့်နိုင်တယ်"

လင်းဟွမ်က ပြုံးပြီး ပြန်ပြောလိုက်သည်။

"မျှော့မျိုးစေ့ ဖုံးအုပ်နိုင်တဲ့၊ သက်ရောက်နိုင်တဲ့ အကွာအဝေးကို သတ်မှတ်ထားလား။ သွေးရဲရဲလေးက ဘယ်လောက် အဝေးတဲ့အထိ ထိန်းချုပ်နိုင်လဲ"

ရီကျန်းက ထပ်မေးလိုက်သဖြင့်

"ဒါကို တစ်ခါမှ မစဉ်းစားဖူးဘူး။ ကန့်သတ်ချက် မရှိဘူးလို့ ထင်တာပဲ။ ငါ မေးကြည့် လိုက်အုံးမယ်"

လင်းဟွမ်က ပြုံးပြီး သွေးရဲရဲလေးကို လှမ်းကြည့်လိုက်ကာ ခဏအကြာ လင်းဟွမ်က

“သွေးရဲရဲလေးက ပြောတယ်။ (အေ) အဆင့် ဝပ်ကျင်းတစ်ခုလုံးကို ဖုံးအုပ်ဖို့အတွက် ပြဿနာ မရှိဘူးတဲ့”

လင်းဟွမ်က သွေးရဲရဲလေး ပြောခဲ့သောအဖြေကို အမှန်တိုင်း ပြန်ပြောခဲ့ခြင်း မဟုတ်ပေ။ တကယ့် အဖြေမှန်မှာ ဘေးကင်းရေးဇုံ တစ်ဝက်ခန့်ကို လွှမ်းခြုံထားနိုင်သည်။

“အရှိန်ကရော.... တော်တော်လေး မြန်တဲ့ပုံပဲ”

ရီကျန်းက ဆက်မေးလိုက်သည်။

"အမြန်ဆုံး အမြန်နှုန်းကတော့ ကီလိုမီတာ (၁,၂၀၀) လောက် ရှိမယ်ထင်တယ်"

လင်းဟွမ်သည် ဤအကြောင်းနှင့် ပက်သက်၍ သွေးရဲရဲလေးကို ယခင်က မေးခဲ့ဖူးသည်။ သို့သော်လည်း ဒါသည် သွေးရဲရဲလေး သန့်ရှင်းမီးလျှံအဆင့် မတက်လှမ်းခင်က ပေးခဲ့သော အဖြေပင် ။ ယခုအခါ၌ သွေးရဲရဲလေးသည် သန္ဓေသုံးကြိမ်ပြောင်း ရွှေရောင် မီးလျှံအဆင့် ဖြစ်နေသဖြင့် အမြန်နှုန်းက ပို၍ မြန်ဆန်လာနိုင်သည်။

ကြည့်ရသည်မှာ ရီကျန်းသည် သွေးရဲရဲလေး၏ စုံစမ်း စစ်ဆေးနိုင်စွမ်းကို တော်တော်လေး စိတ်ဝင်စားနေပုံ ရသည်။ သွေးရဲရဲလေး၏ အဖြေကို ကြားပြီးနောက် သဘောကျ၍ ခေါင်းတဆက်ဆက် ငြိမ့်နေသည်။

“စုံစမ်းစစ်ဆေးမှု မပြီးမချင်း ငါတို့တွေ ဒီနေရာကပဲ စောင့်နေကြမှာလား”

မျှော့မျိုးစေ့များ ပျောက်ကွယ်သွားသည်နှင့် လျန်ယုရှင်းက လင်းဟွမ်ကို လှည့်ကြည့်ပြီး မေးလိုက်သည်။

"စုံစမ်းစစ်ဆေးမှု ပြီးတဲ့အထိ စောင့်နေစရာ မလိုပါဘူး။ ဒီကိစ္စမပြီးခင် ဒုတိယမြောက် ရှာဖွေရေးအမှတ်ကို ရှာတွေ့ နိုင်မလားဆိုတာ လှည့်ပတ်ကြည့်ရအောင်"

လင်းဟွမ်က ပြုံးပြီး ခေါင်းခါလိုက်သည်။

သွေးရဲရဲလေးက ဂူအောင်းနတ်ဆိုးများ၏ ဦးနှောက်အချို့မှ မှတ်ဉာဏ်များကို ထုတ်ယူပြီး လင်းဟွမ်ထံ မျှဝေထားသောကြောင့် ယခုအခါ၌ လင်းဟွမ်သည် ဤဟင်းလင်းပြင် အပျက်အဆီး

နေရာနှင့် ပက်သက်၍ အကြမ်းဖျင်း နားလည်နေသည်။

ဤဟင်းလင်းပြင် အပျက်အစီးနေရာက အဆင့်မြင့်သည်။ ဂူအောင်းနတ်ဆိုးများ၏ မှတ်ဉာဏ်များအရ သူတို့ တွေ့ကြုံဖူးသော အစွမ်းထက်ဆုံး သက်ရှိများမှာ အင်ပါယာအဆင့် ဖြစ်သည်။ ထို့ကြောင့် ဒါသည် အနည်းဆုံး ကြယ်(၄)ပွင့်အဆင့် ဟင်းလင်းပြင် အပျက်အဆီးနေရာ ဖြစ်လိမ့်မည်။

မွန်းစတားအများစုသည် နေ့ခင်းဘက်၌ မြေအောက်ထဲတွင် နေထိုင်ကြပြီး ညအချိန်ရောက်မှသာ အစာရှာရန်အတွက် မြေပေါ်တက်လာကြသည်။ ထို့အပြင် လမ်းတစ်လျှောက်၌ တွေ့ရှိခဲ့သော အရိုးခြောက်များသည် ညအခါ၌ ပြန်လည် ရှင်သန်လာကြသည်။

ထိုမွန်းစတားများသည် သွေးသား လိုအင်ဆန္ဒ တောင်းတမှု ပြင်းပြပြီး သက်ရှိသတ္တဝါများ၏ အော်ရာနှင့် ပက်သက်၍ အလွန် အကဲဆတ်ကြသည်။

လင်းဟွမ်နှင့် ကျန်သည့်လူများအတွက် ဟင်းလင်းပြင်အပျက်အစီး နေရာထဲတွင် အသက်ရှင်စွာ နေထိုင်နိုင်မည့် နည်းလမ်းတစ်ခု ရှိသေးသည်။ ဒါသည် နေမဝင်ခင် သူတို့၏ အော်ရာများကို ဖုံးကွယ်ထားနိုင်မည့် နေရာတစ်ခုကို ရှာဖွေရန်ပင် ။ တပ်မှူးအဆင့် ဂူအောင်း နတ်ဆိုးများ၏ မှတ်ဉာဏ်ထဲတွင် နေရာတစ်ခုရှိသည်။ ထိုနေရာသည် သူတို့နှင့် သိပ်မဝေးပေ။

သို့သော်လည်း လင်းဟွမ်သည် ဂူအောင်း နတ်ဆိုးများ၏ မှတ်ဉာဏ်ကို မည်သို့မည်ပုံ

ရယူခဲ့သည့် အကြောင်းအား ကျန်သည့်လူများကို မရှင်းပြနိုင်ပေ။ ထို့ကြောင့် သူတို့လေးယောက်ကို လမ်းပြရုံသာ လမ်းပြနေခဲ့ပြီး မှန်ကန်သော ဦးတည်ရာတစ်ခုကို ထပ်သွားနေသည်။ ဒါသည် ပထမညတွင် သူတို့ ရှင်သန်နိုင်မည့် တစ်ခုတည်းသော နေရာပင်။

"အဲ့ဒီဘက်မှာ ငါတို့ကို စောင့်နေတဲ့ ရတနာသိုက်ကြီးတစ်ခု ရှိတယ်"

လင်းဟွမ်က လေးနာရီထောင့်ဘက်ကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်သည်။

"တွေ့ကရာ ဦးတည်ရာတစ်ခုကို လက်ညှိုးထိုးပြီး လျှောက်ပြောနေတာလား"

ရီရီယွီသည် လင်းဟွမ်က ဤနေရာနှင့် ပက်သက်၍ ရင်းနှီး ကျွမ်းဝင်လွန်းသည်ဟု ခံစားရပြီး မျက်လုံးမှေးကာ ကြည့်နေသည်။

"အရိုးတွင်းဆိုပြီး နောက်တစ်ကြိမ် မပြောနဲ့နော်"

လီလန်က ပြောလိုက်သည်။

"ငါက ခေါင်းဆောင်ဆိုတော့ သေသေချာချာ စစ်ဆေးကြည့်ရမှာပေါ့"

လင်းဟွမ်သည် သူတို့ လေးယောက်နှင့်အတူ လန်စန်လော့ကို ခေါ်ဆောင်ပြီး ကောင်းကင်ပေါ်မှ ပျံသန်း၍ ဒုတိယမြောက် ဦးတည်ရာနေရာကို ပျံသန်းသွားကြသည်။

# အခန်း(၅၇၄) - လွန်ခဲ့သော နှစ်ရာပေါင်းများစွာက တည်ရှိခဲ့သော စစ်ပွဲ အခြေစိုက်စခန်း တစ်ခု။

ဂူအောင်းနတ်ဆိုး၏ မှတ်ဉာဏ်ထဲမှ တည်နေရာသည် ကီလိုမီတာ (၆၀၀) ပင် မဝေးသော ဂူထဲတွင် တည်ရှိသည်။

နာရီဝက်အတွင်း၌ လင်းဟွမ်သည် သူ့အောက်ရှိ တည်နေရာကို လှမ်းမြင်လိုက်ရပြီး ရီရီယွီ၊

ကျန်သည့်လူများနှင့်အတူ လျင်မြန်စွာ ဆင်းသက်လိုက်သည်။

“အို တည်နေရာက တကယ် ရှိနေတာပဲ”

လီလန်သည် လင်းဟွမ်က ကြက်ကန်းဆန်အိုးတိုးပြီး မှန်သွားသည်ဟု ထင်နေသဖြင့် အော်ဟစ်လိုက်သည်။

“တွေ့လား....၊ ငါ လမ်းမှားမခေါ်ပါဘူး”

လင်းဟွမ်ကလည်း သူ့ကိုယ်သူ ဂုဏ်ယူနေသည်။

“ဒါက ဘာကောင်းလို့လဲ”

ရီရီယွီက လင်းဟွမ်ကို မျက်ခုံးပင့်ပြီး လှမ်းကြည့်လိုက်သည်။ လင်းဟွမ်က ဤနေရာတွင် ဂူတည်ရှိနေကြောင်း ကြိုသိနေသည်ဟု မရေမရာ ခံစားနေရသည်။ ရီကျန်းနှင့် လျန်းယုရှင်းတို့လည်း သတိထားမိကြသော်လည်း ဘာမှ မပြောကြပေ။

အကယ်၍ ပထမအကြိမ် တွေ့ရှိခြင်းက တိုက်ဆိုင်ခြင်း ဟုဆိုပါက ဒုတိယအကြိမ် တိုက်ဆိုင်ခြင်းမှာ ထူးဆန်းလှ၏။ သူတို့ နှစ်ယောက်လုံးက ဉာဏ်ကောင်း ကြသည်။ ဤကိစ္စနှင့် ပက်သက်၍ ထူးဆန်းသည်ဟု

ထင်ကြသော်လည်း လင်းဟွမ် မပြောချင်သဖြင့် အစ မဆွဲကြပေ။

လျှန်ယုရှင်းသည် ပတ်ဝန်းကျင် အခြေအနေကို တစ်ချက် ကြည့်ပြီးနောက် မျက်မှောင် ကြုတ်လိုက်သည်။

"ကြည့်ရတာ စစ်အခြေစိုက် စခန်းတစ်ခုလိုပဲ"

"တကယ် စစ်အခြေစိုက် စခန်းပဲ။ အရွယ်အစားကို ကြည့်ရမယ်ဆို သာမန် စစ်အခြေစိုက် စခန်းလေးတောင် မဟုတ်ဘူး။ အနည်းဆုံး

အလယ်အလတ်အဆင့်ပဲ၊ မြေအောက်မှာ ပိုတောင်ကျယ်နိုင်သေးတယ်”

ရီကျန်းသည် ရီမိသားစုထဲတွင် မွေးဖွားလာခဲ့သောကြောင့် တစ်ချက်ကြည့်ရုံဖြင့် သိနိုင်သည်။

“ဒါကို မင်း တစ်ယောက်တည်း သိတယ်လို့ထင်နေတာလား”

ရီရီယွီက ရီကျန်းကို မျက်စောင်းထိုးပြီးပြောလိုက်သည်။ နောက်ဆုံး၌ သူမ အစွမ်းထုတ်ပြရမည့် အခွင့်အရေး ရခဲ့သော်လည်း ရီကျန်းက သူမ၏ထင်ပေါ်မှုကို ခိုးယူသွားခဲ့သည်။

“အာ.... ငါမှားသွားတယ်။ မင်းပဲ ပြောပြလိုက်ပါ”

ရီကျန်းသည် အမှားလုပ်မိကြောင်း ချက်ချင်း သတိထားလိုက်မိသည်။

“ငါ စိတ်မပါဘူး”

ရီရီယွီက စိတ်ကောက်၍ နှုတ်ခမ်းစူပြီး ခေါင်းလှည့်သွားသည်။

လင်းဟွမ်နှင့် ကျန်သည့်လူများက ရီကျန်း စကားကို ယုံကြည်ကြသည်။

လျှန်ယုရှင်းသည် အစောပိုင်း ကတည်းက ရီမောင်နှမနှင့် တွေ့ဆုံခဲ့ပြီး လီလန်ကမူ မီးတောင်ငရဲကို သွားစဉ်က ရီရီယွီ၏ နောက်ခံ အသိုင်းအဝိုင်းကို သိခဲ့သည်။ ရီမိသားစုမှ မျိုးနွယ်ဝင်များ မဆိုထားနှင့် လက်နက်ကိုင်တပ်ဖွဲ့မှ သာမန်အဖွဲ့ဝင်များပင် ဤအကြောင်းနှင့် ပက်သက်၍ ကောင်းကောင်း သိကြသည်။

“ဒါဆို အစ်ကိုကျန်း ဒီအထဲမှာ ရတနာတွေ ရှိလား”

လင်းဟွမ်က ချက်ချင်း မေးလိုက်သည်။

"အဲ့ဒီထဲက စစ်တပ် ဂိုထောင်ထဲမှာ အကြွင်းအကျန် ပစ္စည်းတွေ ရှိကောင်းရှိနိုင်တယ်။ ဒါပေမယ့် ဒီဝပ်ကျင်းစခန်း တည်ရှိခဲ့တာ နှစ်ပေါင်း ရာနဲ့ချီနေတဲ့ပုံပဲ။ ဆေးဝါးလိုမျိုး အဖိုးတန် ပစ္စည်းတွေက လက်ကျန်ရှိနေရင်တောင် အသုံး မကျတော့ဘူး"

ရီကျန်သည် ဤစခန်း အပျက်ထဲတွင် ရရှိသည့် ပစ္စည်းတိုင်းက အသုံးပြု၍ ရနိုင်ချေ နည်းပါးသည်ဟု ထင်နေသည်။

"ဟုတ်တယ် ဂိုထောင်တွေ အကုန်လုံးကို ရှင်းလင်းသွားမှာပဲ။ ဘာမှ မကျန်လောက်တော့ဘူး"

"မင်း ပါးစပ်ပုတ်ကြီး ပိတ်ထားစမ်း၊ အစ်ကိုကျန်း၊ ငါတို့တွေ ဒီနေရာကနေ အဖိုးတန်ပစ္စည်း တစ်ခုခု ရနိုင်မယ်လို့ မျှော်လင့်တယ်"

လီလန်က ချက်ချင်း အော်ဟစ်လိုက်သည်။

သူတို့နှစ်ယောက် စကားပြောနေစဉ် လင်းဟွမ်က သွေးရဲရဲလေးကို ညွှန်ကြားလိုက်သည်။

"သွေးရဲရဲလေး ကျေးဇူးပြုပြီး စစ်ဆေးပေးပါဦး"

ထို့နောက် သွေးရဲရဲလေးသည် ခရမ်းရောင် အလင်းစက်များကို စစ်အခြေစိုက်စခန်း အပျက်ထဲ ဖြန့်ထုတ်လိုက်သည်။

သွေးရဲရဲလေး၏ စုံစမ်းစစ်ဆေးမှု ရလဒ်ကို စောင့်မျှော်နေသည့် အချိန်၌ ရီကျန်းက နံရံတစ်ခုထံ လမ်းလျှောက်သွားသည်။ နံရံကို ဖိလိုက်ရာ ချက်ချင်း ဆိုသလို အပေါက်တစ်ခု ပေါ်လာသည်။ ရီကျန်း၏ လက်ချောင်းနှင့် ထိလိုက်သည့်နေရာက သဲမှုန်များ အဖြစ်ပြောင်းလဲသွားပြီးနောက် ရီရီယွီက

"ဒီ အခြေစိုက်စခန်းရဲ့ နှစ်အတိအကျကို ဆုံးဖြတ်နိုင်မလား"

ရီရီယွီက သိချင်စိတ်နှင့် မေးလိုက်သည်။

"ဒီဟင်းလင်းပြင် အပျက်အဆီးရဲ့ ရာသီဥတု ဖောက်ပြန်ပုံနဲ့ဆိုရင် ဒီအခြေစိုက်စခန်းက အနည်းဆုံး နှစ် ၅၀၀ ထက်ပိုပြီး ကြာနိုင်လိမ့်မယ်"

ရီကျန်းက အကြိမ်းဖျင်း ခန့်မှန်းချက်သာ ပြုလုပ်လိုက်သည်။

“အဖွဲ့ခွဲ (၇) တည်ထောင်ခဲ့တာ နှစ် (၃၀၀) လောက်ပဲ ရှိသေးတယ်”

ရီရီယွီ အံ့ဩမှင်တက်သွားသည်။

ခဏအကြာ သွေးရဲရဲလေးထံမှ စုံစမ်းစစ်ဆေးမှု ရလဒ် ထွက်ပေါ်လာသည်။ ဤနေရာတွင် မွန်းစတားများ စုဝေးနေကြသည်။ မြေအောက်ရှိ သုံးထပ်မြောက်သည် အထူးခြားဆုံး နေရာဖြစ်ပြီး သိုလှောင်ရုံထဲတွင် အိပ်ပျော်နေသော အကြီးအမှူးအဆင့် မွန်းစတားကြီး တစ်ကောင် ရှိသည်။

"အကြီးမှူးအဆင့် မွန်းစတားလား။ သူ့ရဲ့ တိုက်ခိုက်ရေး အဆင့်ကရော ဘယ်လိုလဲ"

လင်းဟွမ်သည် ထိုသတင်းကို ကြားသောအခါ သွေးရဲရဲလေးကို ချက်ချင်း ပြန်မေးလိုက်သည်။

"အော်ရာ အရတော့ တိုက်ခိုက်ရေးအဆင့်က အင်မော်တယ်အဆင့် (၃) ထက် မကျော်နိုင်ဘူး"

လင်းဟွမ်သည် သွေးရဲရဲလေး၏ အဖြေကို နားထောင်ပြီးမှ စိတ်အေးသွားသည်။

"ကောင်းပြီဟေ့။ သွေးရဲရဲလေးက ဒီအခြေစိုက်စခန်း အပျက်ထဲမှာ သန့်ရှင်းမီးလျှံအဆင့် မွန်းစတားတွေ အများကြီး ရှိတယ်တဲ့။ အင်မော်တယ်အဆင့် မွန်းစတား တစ်ကောင် ရှိတာလည်း အတည်ပြုထားတယ်"

လင်းဟွမ်က သွေးရဲရဲလေး၏ စုံစမ်းစစ်ဆေးမှု ရလဒ်ကို မျှဝေပေးလိုက်သည်။

"အင်မော်တယ်အဆင့် မွန်းစတား ရှိနေတာလား"

ကျန်သည့် လေးယောက်မှာ အင်မော်တယ် အဆင့်ဟု ကြားလိုက်သည်နှင့် မျက်လုံး သူငယ်အိမ်များ ပြူးကျယ်သွားသည်။

"နောက်တစ်နေရာ သွားရအောင်"

လီလန်က နောက်ပြန် ဆုတ်ချင်နေသည်။

"အင်မော်တယ် အဆင့်လား။ ဒါဆိုရင် တကယ့် ပြဿနာပဲ"

လျန်ယုရှင်း မျက်မှောင် ကြုတ်လိုက်သည်။

ထို့နောက် ရီရီယွီက ရီကျန်းကို ကြည့်လိုက်ပြီး

"အင်မော်တယ်အဆင့်ကို အနိုင်ယူနိုင်ဖို့ မင်းမှာ ယုံကြည်ချက် ရှိလား"

"အင်မော်တယ် အဆင့် (၁) ဆိုရင်တော့ ငါ ကိုင်တွယ်နိုင်တယ်။ အင်မော်တယ် အဆင့် (၂) နဲ့ အထက်အဆင့်ဆိုရင်တော့ မသတ်နိုင်တော့ဘူး"

ရီကျန်းက ပခုံးတွန့်ပြပြီး လင်းဟွမ်ကို လှမ်းကြည့်လိုက်သည်။

"အင်မော်တယ် အဆင့် မွန်းစတားရဲ့ တိုက်ခိုက်ရေးအဆင့်ကို ဆုံးဖြတ်နိုင်လား"

"အဆင့် (၃) ထက်တော့ မမြင့်နိုင်ဘူး"

ထိုစကားဆုံးသွားလျှင် လူတိုင်း တိတ်ဆိတ်သွားသည်။ ထို့နောက် လင်းဟွမ်က ဆက်ပြောလိုက်သည်။

"ငါ သတ်မယ်"

"သေချာလား"

ရီကျန်းသည် လင်းဟွမ်ကို ပြန်မမေးခင် လန်စန်လေ့ကို တစ်ချက် ကြည့်လိုက်သေးသည်။

"သေချာတယ်"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"ဘယ်လောက် ယုံကြည်မှုရှိလဲ"

"တစ်ရာ ရာခိုင်နှုန်း"

လင်းဟွမ်က ခပ်ပြတ်ပြတ် ခပ်ရဲရဲ ပြန်ဖြေလိုက်သည်။

"ဒီအချိန်က သူ့ရဲ့ကောင်း လုပ်ရမယ့်အချိန် မဟုတ်ဘူးနော်။ မင်းမှာ ဘယ်လောက် ယုံကြည်မှုရှိလဲ"

ရီရီယွီက မျက်မှောင်ကြုတ်ပြီး ရီကျန်း မေးခဲ့သောမေးခွန်းကိုပင် နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။

"တစ်ရာ ရာခိုင်နှုန်း"

လင်းဟွမ်က တူညီသော အဖြေသာ ထပ်ပေးသည်။

"လင်းဟွမ်၊ မင်းက အဲ့ဒီမွန်းစတားကို မသတ်နိုင်ရင် ငါတို့အားလုံး ဒီမှာပဲ သေရမှာနော်။ မနောက်နဲ့"

ရီရီယွီက လင်းဟွမ်ကို တင်းမာသော မျက်နှာ အမူအရာနှင့်ကြည့်ပြီး ပြောလိုက်သည်။

"စိတ်မပူနဲ့၊ အင်မော်တယ် အဆင့် (၃) ကို သတ်တာ ဒါ ပထမဦးဆုံးအကြိမ် မဟုတ်တော့ဘူး"

လင်းဟွမ်က သူ၏ လျှို့ဝှက်ချက် သေးသေးလေးကို ထုတ်ဖော်ရန် မှတစ်ပါး ရွေးချယ်စရာ မရှိတော့ချေ။

"ဟာ..... မင်းက တကယ် အံ့မခန်းပဲ"

လီလန်က လင်းဟွမ်ကို မျက်လုံးပြူးပြီး သေသေချာချာ စိုက်ကြည့်လိုက်သည်။

သူတို့ လေးယောက်သည် လင်းဟွမ်အကြောင်း ကောင်းကောင်း သိကြသည်။ မသေချာ၊ မရေရာပါက သူတို့ကို အသက်အန္တရာယ် စွန့်စားခိုင်းမည် မဟုတ်ချေ။ သို့သော်လည်း ကြားလိုက်ရသည့် စကားကြောင့် အံ့ဩမှင်တက် သွားကြသည်။

“လန်စန်လော့က ဦးဆောင်ပါစေ။ ငါတို့တွေ လက်တွဲပြီး မွန်းစတား အကုန်လုံးကို အတူတူ ရှင်းပစ်ကြမယ်”

လင်းဟွမ်သည် သွေးရဲရဲလေး၏ ကပ်ပါးစွမ်းရည်ကို ထုတ်ဖော်ပြသရန် မရည်ရွယ်ပေ။ ဒါသည် အင်မတန် ကြောက်စရာကောင်းသော စွမ်းရည်တစ်ခု ဖြစ်နေသလို လင်းဟွမ်၏ ဝှက်ဖဲထဲမှ တစ်ခုလည်း ဖြစ်နေသည်။

ရီရီယွီနှင့် ကျန်သည့်လူများအပေါ် ယုံကြည်မှု ရှိသော်လည်း ဝှက်ဖဲသည် ဝှက်ဖဲသာ ။ ရွေးချယ်စရာ ရှိပါက အခြားသူများကို အလွယ်တကူ ထုတ်ပြမည် မဟုတ်ပေ။

"လန်စန်လော့၊ မင်းရဲ့ ကံကြမ္မာစွမ်းအားကို အများကြီး မသုံးမိအောင် ကြိုးစား။ ပုံမှန်ပဲ တိုက်ခိုက်။ ကျန်တဲ့ မွန်းစတားတွေကို ငါတို့ ကိုင်တွယ်လိုက်မယ်။ မင်းရဲ့ ကံကြမ္မာစွမ်းအားကို အတတ်နိုင်ဆုံး လျော့ချသုံးစွဲပြီး အဆုံးစွန်သော စစ်သည်တော်အတွက် ချန်ထား"

လင်းဟွမ်က လန်စန်လော့ကို ညွှန်ကြားလိုက်သည်။ လျန်ယုရှင်းနှင့် ကျန်သည့်လူများက မွန်းစတား တစ်ကောင်မျှ သတ်ခွင့်မရလျှင် မကောင်းချေ။ ထိုကဲ့သို့

ဖြစ်လာပါက လန်စန်လေ့နောက်မှ မလိုက်ချင်ဘဲ အစွမ်း ထက်လွန်းသည်ဟု ငြီးတွားနေကြမည်။

"ခါးကျေးကျွန်တွေရော ဆင့်ခေါ်ဖို့ လိုလား။ ခါးကျေးကျွန်တွေက အားနည်းတဲ့ မွန်းစတားတွေကို သတ်လိမ့်မယ်။ ဒါဆို ငါက ငါ့ရဲ့ကံကြမ္မာ စွမ်းအားကို ချွေတာနိုင်တာပေါ့"

လန်စန်လေ့က အဆို ပြုလိုက်သည်။ ဤမွန်းစတားအားလုံးကို သူ တစ်ယောက်တည်း ရှင်းပစ်ချင်နေသည်မှာ အထင်အရှားပင်။ တစ်ကောင်မျှ လက်လွှတ်မခံချင်ပေ။

“အဲ့ဒီလို လုပ်စရာမလိုဘူး။ တွေ့တာပဲ သတ်ကျန်တာ ငါတို့လုပ်မယ်”

လင်းဟွမ်က ချက်ချင်း ငြင်းလိုက်သည်။

“ကောင်းပြီလေ”

လန်စန်လော့သည် အခြား မည်သည့်စကားမျှ ထပ်မပြောတော့ချေ။ ခြေထောက်ကို မြောက်ပြီး ထိုနေရာထဲ ဝင်သွားသည်။

သူတို့ငါးယောက်က နောက်မှ ချက်ချင်း လိုက်ပါသွားကြသည်။

## အခန်း(၅၇၅) - အရက်မသောက်ဘဲ အမြည်း ထိုင်စားခြင်း။

စစ်အခြေစိုက်စခန်း၏ နေရာတော်တော်များများက ပြိုကျ ပျက်စီးနေသည်။ နေရာတစ်ခုလုံးတွင် အပြိုအပျက်များ၊ နံရံများ၊ မျက်နှာကျက်များ ပြိုကျနေပြီး အလင်းရောင်ကို ပိတ်ဆို့နေသောကြောင့် နေရာတစ်ခုလုံး မည်းမှောင် အုံ့မှိုင်းနေသည်။

လင်းဟွမ်နှင့် ကျန်သည့်လူများသည် အထဲဝင်လာသောအခါ သူတို့ ပတ်ဝန်းကျင်ကို စတင်အကဲခတ်ကြသည်။

အခန်းရှိ နံရံတိုင်း၊ ထောင့်တိုင်းတွင် အရောင်မျိုးစုံရှိနေသော ရေညှိများ၊ အဆိပ်ရှိသော မှိုများ ပေါက်ရောက်၍ ဖုံးလွှမ်းနေသည်။ တစ်ခါတလေ အချို့နေရာများ၌ မြက်ခင်းများ ရှိနေပြီး လေတိုက်သောအခါ သစ်ရွက်ခြောက်များ လွင့်လာသဖြင့် လုံးဝ သေဆုံးနေသော ကမ္ဘာကြီး တစ်ခုကဲ့သို့ပင် ။

လန်စန်လော့သည် သွေးရဲရဲလေး၏ ဦးဆောင်ညွှန်ကြားမှုအတိုင်း လှုပ်ရှားနေပြီး မြေအောက်ကမ္ဘာဝင်ပေါက်ကို ဦးတည် သွားနေသည်။ အစောပိုင်းကတည်းက သွေးရဲရဲလေးသည် ပြိုကျနေသော အဆောက်အဦးများထဲတွင် မွန်းစတားများ မရှိကြောင်း သေချာအောင် စစ်ဆေးအတည်ပြုခဲ့သည်။

သို့သော်လည်း လန်စန်လော့၊ လင်းဟွမ်နှင့် ကျန်သည့်လူများမှာ ဤနေရာသို့ ဖြတ်လျှောက်သည့် အချိန်၌ သတိထားနေကြဆဲ ဖြစ်သည်။ သူတို့

သွားလာနေသည်နှင့်အမျှ အပင်လေးများ၊ မှိုများကို ပိုမို၍ တွေ့လာကြသည်။ ထိုအရာမှလွဲ၍ အခြား မည်သည့်အရာမျှ မတွေ့ပေ။

နောက်ဆုံးတွင် ငါးမိနစ်၊ ခြောက်မိနစ်ခန့် လမ်းလျှောက်ပြီးနောက် သွေးရဲရဲလေး စုံစမ်း ထောက်လှမ်းထားသော မြေအောက် ဝင်ပေါက်ကို ရောက်ရှိလာကြသည်။

ဝင်ပေါက်မှာ ရေတွင်း တစ်တွင်းကဲ့သို့ ဖြောင့်တန်းစွာ နိမ့်ဆင်းသွားသော တွင်းပေါက်ပုံစံ လမ်းကြောင်းတစ်ခု ဖြစ်သည်။ သို့သော်လည်း

အချင်းမှာ ငါးမီတာခန့်ရှိသဖြင့် ရေတွင်း မျက်နှာစာ ထက်စာလျှင် များစွာကြီးမားသည်။ ဝင်ပေါက်ကို သံချေးတက်နေသော သတ္တုပြားဖြင့် ဖုံးထားပြီး လှေကားကလည်း သံချေးများ အချပ်ချပ် တက်နေသည်။ ကံကောင်းထောက်မစွာဖြင့် သူတို့က ထိုလှေကားကို အသုံးပြုရန် မလိုအပ်ချေ။

ထိုအပေါက်ထဲကို လန်စန်လော့က ပထမဦးဆုံး ခုန်ဆင်းသွားပြီး မကြာခင် လင်းဟွမ်နှင့် ကျန်သည့်လူများက နောက်မှ လိုက်ခုန်ဆင်း သွားကြသည်။ ခဏအကြာ သူတို့ခြေထောက်က

မြေပြင်ကို ထိလိုက်သည်နှင့် လင်းဟွမ်က ခေါင်းမော့ပြီး အပေါ်ကို ပြန်ကြည့်လိုက်သည်။

မြေအောက် လှိုဏ်ဂူသည် အနည်းဆုံး မီတာရာနဲ့ချီ နက်ရှိုင်းနေသည်။ သို့သော်လည်း လင်းဟွမ်သည် တစ်ခုခု မှားယွင်းနေကြောင်း မကြာခင် သတိထားလိုက်မိသည်။

ယခင်က စစ်အခြေစိုက် စခန်းထဲ ဝင်လာသောအခါ တစ်ခုခုပိတ်ဆို့ထားသလို သူ၏ နယ်မြေပိုင်နက်အသိ စွမ်းရည်က ကန့်သတ်ခြင်း ခံထားရပြီး မည်သည့်အရာမျှ ထောက်လှမ်းနိုင်ခြင်း

မရှိပေ။ သို့သော်လည်း မြေအောက်သို့ ရောက်လာသောအခါ ထောက်လှမ်း နိုင်စွမ်းက ပြန်လည် ကောင်းမွန်လာခဲ့သည်။

ရီရီယွီနှင့် ကျန်သည့်လူများက သူ၏ နယ်မြေပိုင်နယ် အသိထဲတွင် ရှိနေကြောင်း အာရုံခံမိသည်။ လန်စန်လော့ကလည်း လင်းဟွမ်ကဲ့သို့ ဓါးအာရုံ နယ်မြေအသိကို ဖုံးလွှမ်းနိုင်သောကြောင့် လင်းဟွမ်သိသလို သူလည်း သိရှိနေသည်။

"ဟာ နံ့လိုက်တာ.."

ရီရီယွီသည် မြေပြင်နှင့်ခြေထောက် ထိမိပြီး တစ်စက္ကန့်အကြာတွင် တိုးတိုးလေး ရေရွတ်ကာ နှာခေါင်းကို အမြန် ပိတ်လိုက်သည်။

ရီကျန်းနှင့် ကျန်သည့်လူများကမူ သတိကြီးကြီး ထားနေကြဆဲပင်။ သူတို့တွင် နယ်မြေပိုင်နက်အသိ မပိုင်ဆိုင်သောကြောင့် မွန်းစတားများ ရှိခြင်း၊ မရှိခြင်းကို အာရုံ မခံနိုင်သော်လည်း မွန်းစတားများ စွန့်ထုတ်ထားသော အညစ်အကြေး အနံ့အသက်ကို ရရှိနေကြ၏။

ဤအချက်မှာ မြေအောက်တွင် မွန်းစတားများ ရှင်သန် နေထိုင်နေကြောင်း ဖော်ပြနေသည်။ အကယ်၍ ထိုမွန်းစတားများ သေဆုံးသွားပါက နှစ်ရာပေါင်းများစွာ ကြာပြီးနောက် အနံ့သက်ဆိုးများလည်း ပျောက်ကွယ်သွားရမည်။

ရေမြောင်းနှင့် ဆင်တူသော ရှည်လျားသည့် စကြံလေးတစ်ခု ရှိသည်။ မြေပြင်တွင် ရွှံ့များနှင့် စိုစွတ်နေသည်ကို မြင်လျှင် မျက်မှောင်ကြုတ်သွားသည်။ သူတို့၏ဖိနပ်ကို မညစ်ပတ်

ချင်သောကြောင့် မြေပြင်မှ စင်တီမီတာ အနည်းငယ်ခွာ၍ လွင့်မျောသွားကြသည်။

လန်စန်လော့ကမူ စိတ်ထဲ လုံးဝမထားဘဲ ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။ ခြေဖဝါးက မြေပြင်ရှိ ရွှံ့နွံနှင့် ထိလိုက်သည်နှင့် အမှောင်ထဲတွင် ပဲ့တင်သံ ထပ်သွားသည်။

လင်းဟွမ်နှင့် ကျန်သည့် လူများက လန်စန်လော့နောက်မှ လိုက်ပါ လာကြသည်။ လင်းဟွမ်မှလွဲ၍ ကျန်သည့်လူအားလုံးမှာ သူတို့၏

ခါတ်ကြွင်းများကို ဆင့်ခေါ်ပြီး တိုက်ပွဲအတွက် အဆင်သင့် ပြင်ထားကြသည်။

စကြဲလမ်းအတိုင်း လျှောက်လာရင်း မကြာခင် မြေအောက်ရှိ ပထမအထပ်ကို ရောက်သွားကြသည်။

အခန်းသည် အနည်းဆုံး စတုရန်းမီတာ (၁,၀၀၀)ခန့် ကျယ်ဝန်းပြီး အမြင့်မှာမူ မီတာ (၁၀၀)ခန့်ရှိကာ မျက်နှာကြက်တစ်ခု တည်ရှိသည်။

လင်းပွှမ် လွှမ်းခြုံထားသော နယ်မြေပိုင်နက် အသိ အာရုံထဲတွင် ရာပေါင်းများစွာသော သန့်ရှင်း မီးလျှံအဆင့် မွန်းစတားများ တည်ရှိနေသည်။

ထိုမွန်းစတားထဲမှ အနည်းစုသည် လန်စန်လော့ ခြေသံကြောင့် နိုးလာပြီး သူတို့ကို စိုက်ကြည့် နေကြသည်။

"သွေးဆာ အလောင်းကောင်တွေလား.."

ရီရီယွီက မေးလိုက်သည်။

"ဟုတ်တယ်.. သွေးဆာ အလောင်းကောင်တွေပဲ။ သူတို့ရဲ့သွေးကြောက စိမ်းပြာရောင် သွေးကြော။ အဲ့ဒီအချက်ကြောင့် ပိုထင်ရှား စေတယ်။ အလွန်ဖြူတဲ့ အသားအရေတွေ ရှိတော့ အလွယ်တကူ သိနိုင်တယ်။ သူတို့ ခြေလက်တွေပေါ်မှာ ရှိတဲ့

သွေးပြန်ကြောတွေက မသိရင် တက်တူး ထိုးထားသလိုပဲ။ အဲ့ဒီအချက်တွေအပြင် နတ်ဆိုး စွမ်းအားရဲ့ ဘေးထွက် ဆိုးကျိုးတွေကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတယ်။ သူတို့မျက်နှာပေါ်က ရုပ်အင်္ဂါကလည်း သိသာထင်ရှားတယ်။ သူတို့ မျက်လုံးတွေက အမှောင်ထဲမှာ တလက်လက် တောက်ပနေပြီးတော့ သူတို့မှာ အသားစားခွေးတွေလိုမျိုး ချွန်ထက်တဲ့ သွားတွေ ရှိတယ်”

လင်းဟွမ်က သိပ္ပံနည်းလမ်းကျကျ ရှင်းပြလိုက်သည်။

“စောစောက ငါတို့ တွေ့ခဲ့တဲ့ ဂူအောင်းနတ်ဆိုးတွေနဲ့ မတူတဲ့အချက်က သူတို့မှာ အာရုံခံနိုင်စွမ်း ရှိတယ်။ ငါတို့ဆီက ဘာသံမှ မကြားရဘူး ဆိုရင်တောင် အိပ်ပျော်နေတဲ့ သွေးဆာအလောင်းကောင်တွေက သက်ရှိ သတ္တဝါတွေရဲ့ အငွေ့အသက်ကို ရတာနဲ့ နိုးလာမှာပဲ”

လင်းဟွမ် စကား ဆုံးသွားသည်နှင့် အိပ်ပျော်နေသော သွေးဆာ အလောင်းကောင်

တော်တော်များများသည် လင်းဟွမ်တို့ အဖွဲ့၏ အငွေ့အသက်ကို ခံစားမိပုံရပြီး မျက်လုံးများ ဖြည်းဖြည်းခြင်း ပွင့်လာကာ လင်းဟွမ်တို့ ရှိနေသည့်ဘက်ကို လှမ်းကြည့်လာသည်။

လင်းဟွမ် မညွှန်ကြားရသေးခင် လန်စန်လော့ လက်ထဲ၌ အနီရောင်ဓါးတစ်ချောင်း ပေါ်လာသည်။ ဓါးကို တစ်ချက် ဝှေ့ယမ်းလိုက်ရာ မီတာရာပေါင်းများစွာ ဝေးကွာနေသော နေရာမှ တိုက်ခိုက်ရန် လုပ်နေကြသည့် သွေးဆာ အလောင်းကောင်များ၏ ဦးခေါင်းထဲ ထိုးဖောက်

ဝင်ရောက်သွားသည်။ ကျန်သည့်လူများ မတုံ့ပြန်နိုင်ခင် လန်စန်လေ့ဘက တစ်ဖက်သတ် သတ်ဖြတ်မှု စတင်နေခဲ့ပြီ။

ဓါးတစ်ချက် ရမ်းလိုက်တိုင်း သွေးဆာ အလောင်းကောင် ငါးကောင်၏ ခေါင်းများသည် သဲလွန်စ မရှိဘဲ ပေါက်ကွဲသွားသည်။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ဓါးနှင့်အသတ်ခံရသော သွေးဆာ အလောင်းကောင်များမှာ ဆယ်ကောင်ထက် မနည်းပေ။

ရီရီယွီနှင့် ကျန်သည့်လူများသည် သူတို့ရှေ့မှ မြင်ကွင်းကိုမြင်ပြီး ထိတ်လန့် သွားကြပြီး ခဏကြာသည်အထိ အံ့သြမှင်တက် နေကြဆဲပင်.....

လင်းဟွမ်လည်း စကားမပြောနိုင် ဖြစ်နေသည်။ လန်စန်လေ့က အားလုံးကို ပစ်မှတ်ထားနေသည်မှာ အထင်အရှားပင်။

"ဒါက နယ်မြေပိုင်နက်အသိ စွမ်းရည်လား.."

ရီကျန်းသည် အံ့သြမှင်တက်ရာမှ အသိ ပြန်ဝင်လာပြီး လန်စန်လေ့၏စွမ်းရည်ကို သတိ ထားမိသွားသည်။

လင်းဟွမ်က ကူကယ်ရာမဲ့စွာ ခေါင်းညိတ်ပြလိုက်သည်။

"ကြည့်ရတာတော့ ငါတို့တွေ တိုက်ခိုက်စရာမလိုတော့ဘူး ထင်တာပဲ"

လျန်ယုရှင်းသည် မွန်းစတားများနှင့် တိုက်ခိုက်ရန် အခွင့်အရေး မရသောကြောင့် စိတ်တိုနေပုံရသည်။

"လင်းဟွမ်၊ ဒီလို စောက်ကြမ်းကြီး မွန်းစတားတစ်ကောင် မင်း ဘယ်ကရလာတာလဲ။ ငါလည်း ဒီလိုမွန်းစတားတစ်ကောင်ကို မွန်းစတား

ထိန်းချုပ်ရေး တံဆိပ်ထဲမှာ ချိတ်ပိတ်ထားချင်လိုက်တာ”

လီလန်က ထိုဖြစ်နိုင်ချေကိုတွေးပြီး တံတွေးတစ်ချက် မျိုချလိုက်သည်။

“မင်း အတွေးလွန်နေပြီ။ ကမ္ဘာပေါ်မှာ ဒီလို မွန်းစတားမျိုး တစ်ကောင်ပဲရှိတယ်”

လင်းဟွမ်က ခေါင်းခါလိုက်သည်။

“ဒီလို မွန်းစတားမျိုးကို ပျိုးထောင်ပေးဖို့အတွက် ငါ့မှာ စွမ်းအားမရှိဘူး”

"မစ္စတာဖူး မင်းအတွက် ဖမ်းပေးထားတဲ့ သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား မဟုတ်လား"

ရီရီယွီက သိချင်စိတ်နှင့် မေးလိုက်သည်။

"မဟုတ်ဘူး။ ငါ ကိုယ်တိုင် ဖမ်းခဲ့တာ။ ဒီကောင့်ကိုဖမ်းမိတဲ့ အချိန်က သန္ဓေတစ်ကြိမ်ပြောင်း အဆင့်ပဲ ရှိသေးတယ်"

လင်းဟွမ်က ရှင်းပြလိုက်သည်။

သူတို့လေးယောက် ချက်ချင်း တိတ်ဆိတ်သွားသည်။ သူတို့သည် ထိန်းချုပ်သူတစ်ယောက်၏

အလုပ်နယ်ပယ်နှင့် ပက်သက်၍ စေ့စေ့စပ်စပ် နားမလည်သော်လည်း တန်ပြန်မုဆိုးများပင် မွန်းစတားတစ်ကောင်က သန္ဓေ တစ်ကြိမ်ပြောင်းရန် အတွက် ဖြစ်ပေါ်လာသည့်က စိန်ခေါ်မှု မည်မျှ မြင့်မားကြောင်း သိရှိ ထားကြသည်။ ထိုအခြေအနေအတွက် အရင်းအမြစ်များစွာနှင့် အချိန်များစွာ လိုအပ်သည်။

ထို့ကြောင့် အစွမ်းကြီးသော ထိန်းချုပ်သူ အများစုက သန္ဓေသုံးကြိမ် ပြောင်းထားပြီးသော မွန်းစတားကိုသာ ဖမ်းယူ တတ်ကြသည်။

သနွေတစ်ကြိမ်မှ မပြောင်းထားသော မွန်းစတားကို သနွေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင် ဖြစ်လာစေရန် မည်သူမျှ ကြိုးစားအားထုတ်၍ ပျိုးထောင် ပေးရမလဲဆိုသည်ကို မည်သူမှမျှ မသိကြပေ။ ဒါသည် လင်းဟွမ်က ကမ္ဘာပေါ်တွင် ဤကဲ့သို့ မွန်းစတားမျိုး တစ်ကောင်သာ ရှိသည်ဟု ပြောရသည့် အကြောင်းအရင်းလည်း ဖြစ်သည်။

မြေအောက် အခန်းထဲတွင် လန်းစလေ့က သူ၏အဆုံးစွန်သော စွမ်းရည်ကို အသက်

မသွင်းသေးသော်လည်း သူ၏ အစွမ်းပြမှုက ကြောက်စရာ ကောင်းလှ၏။

သူ၏ နယ်မြေပိုင်နက်အသိ လွှမ်းခြုံထားသော နေရာအတွင်းတွင် ရှိနေသည့် လင်းဟွမ်နှင့် ကျန်သည့်လူများ အနားကို မည်သည့် မွန်းစတားမျှ ချဉ်းကပ်နိုင်ခြင်း မရှိကြပေ။ အနည်းဆုံး မီတာရာနှင့်ချီပြီး ဝေးကွာနေကြသည်။

မွန်းစတားများသည် မည်သည့်လမ်းကြောင်းမှ လာနေပါစေ၊ လန်စန်လေ့က ဓါးကို ဝှေ့ရမ်းလိုက်သည်နှင့် မွန်းစတားများက

ချက်ချင်းသတ်ဖြတ် ခံရသည်။ သုံးမိနစ် မပြည့်ခင် အချိန်လေးမှာပင် ရာနှင့်ချီသော သန့်ရှင်းမီးလျှံအဆင့် သွေးဆာ အလောင်းကောင်များကို သုတ်သင် ရှင်းလင်းခဲ့သည်။

လင်းဟွမ်နှင့် ကျန်သည့်လူများမှာ အားပေးသူ ပရိသတ်ခေါင်းဆောင်များ ဖြစ်နေကြသည်။ သွေးဆာအလောင်းကောင်များ၏ သွေးသည် ဆေးဘက်ဆိုင်ရာ တန်ဖိုးရှိသည်။ ထို့ကြောင့် သူတို့၏အလောင်းများကလည်း တန်ဖိုးရှိသည်။

လင်းဟွမ်သည် အလောင်းများကို စတင်စုဆောင်းလိုက်သည်။ လင်းဟွမ်က အလောင်းကောင်များကို စုဆောင်း နေစဉ် သွေးရဲရဲလေးက အသန်မာဆုံး သွေးဆာ အလောင်းကောင် အချို့ ရွေးချယ်ကာ ကပ်ပါးကူးစက်ခြင်း လုပ်ငန်းစဉ်ကို အောင်မြင်စွာ လုပ်ဆောင်ခဲ့သည်။ သူတို့ ဦးနှောက်ထဲမှ မှတ်ဉာဏ်များကို ထုတ်ယူခဲ့သည်။

အလောင်းကောင်များကို စုဆောင်းပြီးနောက် လန်စန်လေ့က ခရီးဆက်ပြန်သည်။

နောက်ဆုံး၌ သူတို့ ရပ်နေသောနေရာ၏ နောက်ဆုံးတွင် ရှိနေသော ရီကျန်းက စကား စပြောလာသည်။

“ငါတို့ ဦးဆောင်မယ်။ မင်းတို့ နှစ်ယောက် ငါတို့နောက်က လိုက်။ ဒီလိုမှ မဟုတ်ရင် ငါတို့အတွက် ကစားစရာ ဘာမှ ကျန်မှာမဟုတ်ဘူး”

လန်စန်လော့က လင်းဟွမ်ကို ဇဝေဇဝါ လှမ်းကြည့်သည်။

"ဘာလို့ ငါ့ကိုကြည့်တာလဲ။ လူများအတွက် အမြည်းတောင် မချန်ဘဲ မင်းပဲ အကုန်စားနေတာကို နောက်ဆင်း"

လင်းဟွမ်က ပြုံးပြီး ခေါင်းခါလိုက်သည်။

ထို့နောက် လန်စန်လေ့သည် ရီကျန်းနှင့် ကျန်သည့်လူများ သူ့ကို ကျော်တက်သွားနိုင်စေရန် အရှိန် လျှော့ချပေးလိုက်သည်။

## အခန်း(၅၇၆) - ရီရီယွီနှင့် လီလန်တို့ ပထမဦးဆုံးအကြိမ် အစွမ်းပြခြင်း။

"မြေအောက်မှာ အထပ်သုံးထပ် ရှိတယ်။ ပထမအထပ်မှာ ငါတို့ ဝင်ခဲ့တဲ့အခန်းနဲ့ တူတဲ့ အခန်း(၁၆) ခန်းရှိတယ်။ အခန်း တစ်ခန်းစီမှာ ရာနဲ့ချီတဲ့ သန့်ရှင်းမီးလျှံအဆင့် မွန်းစတားတွေ ရှိတယ်"

"ဒုတိယအထပ်မှာ အခန်း (၁၂) ခန်း ရှိတယ်။ ဒါပေမယ့် အဲ့ဒီမှာက ပိုအားကောင်းတဲ့ သန့်ရှင်း

မီးလျှံအဆင့် မွန်းစတားတွေနဲ့ အပြာရောင်နဲ့ ခရမ်းရောင် မီးလျှံအဆင့် မွန်းစတားရှိပြီးတော့ အခန်းတစ်ခန်းစီမှာ မွန်းစတားပေါင်း (၃၀) ကနေ (၅၀) လောက်ထိ ရှိနိုင်တယ်။ ဒါကြောင့် အဲ့ဒီ နေရာမှာ မွန်းစတားအရေအတွက် နည်းတယ်။ တတိယမြောက် အထပ်ကတော့ အောက်ဆုံး အထပ်ပဲ။ ဂိုဒေါင်ကြီးနှစ်လုံး ရှိတယ်။ ပထမ ဂိုဒေါင်ထဲမှာ ရွှေရောင် မီးလျှံအဆင့် မွန်းစတား လေးကောင်ရှိပြီး ဒုတိယ ဂိုဒေါင်ထဲမှာ အင်မော်တယ်အဆင့် မွန်းစတား တစ်ကောင် ရှိတယ်”

လင်းဟွမ်သည် သွေးရဲရဲလေးထံမှ ရရှိထားသော သတင်း အချက်အလက်များကို အကျဉ်းချုံးပြီး ရှင်းပြလိုက်ပြီးနောက် သူကပင်

"ပထမ အထပ်ကနေ စလိုက်ရအောင်။ အခန်းတိုင်းမှာရှိတဲ့ မွန်းစတားတွေကို သတ်ပြီး အောက်ထပ် ဆင်းကြတာပေါ့။ ဒါဆိုရင် နောက်ဆုံးမှာ အင်မော်တယ်အဆင့် မွန်းစတားနဲ့ တိုက်ခိုက်တဲ့ အခါကျရင် ဘာ အဟာန့်အတား အနှောက်အယှက်မှ မရှိတော့ဘူး။ မွန်းစတားတွေ

အားလုံးကို မရှင်းထားရင် အဲ့ဒီအချိန်မှာ အနှောင့်အယှက် ဖြစ်လာနိုင်တယ်”

သူတို့ လေးယောက်လည်း သဘောတူပြီး ခေါင်းညိတ်လိုက်ကြသည်။

ခဏအကြာ ဒုတိယမြောက် အခန်းကို ရောက်သွားကြသည်။ အခန်းထဲ ဝင်လိုက်သည်နှင့် မွန်းစတားများက အချိန်မဆိုင်းဘဲ ပြေးဝင်လာကြသည်။

“သောက်ကျိုးနည်း။ ဒါက ဘာကြီးလဲ။ မြန်လိုက်တာ”

လီလန်သည် သူ့ကို ထိခိုက်လုနီးပါး ဖြစ်လာအောင် တိုက်ခိုက်လာသော မွန်းစတား၏ တိုက်ခိုက်မှုကို လုံ အသုံးပြု၍ ကာကွယ်လိုက်သည်။

ရီကျန်းက အထွတ်အထိပ်အဆင့် ဓါတ်ကြွင်း ဆေးဘာကိုဖော့ရမ်းပြီး နောက်မှ ပြေးဝင်လာသော မွန်းစတား အချို့ကို တိုက်ခိုက်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူတို့နောက်တွင် ရပ်နေသော လျန်ယုရှင်းနှင့် ရီရီယွီတို့လည်း တိုက်ပွဲထဲ ဝင်ပါလာကြသည်။

လန်စန်လော့က ခေါင်းလှည့်ပြီး လင်းဟွမ်ကို လှမ်းကြည့်သည်။

လင်းဟွမ်သည် လန်စန်လော့က ဘာမှ မပြောသော်လည်း သူပြောချင်သည့် စကားကို သိသည်။

"မင်းသာ တိုက်ပွဲထဲ ဝင်ပါလိုက်ရင် သူတို့မှာ ပျော်စရာ မရှိတော့ဘူး။ သူတို့ ကျန်ခဲ့တဲ့ မွန်းစတားတွေကိုပဲ သတ်"

လင်းပွမ်ကမူ တိုက်ခိုက်ရန် ရည်ရွယ်ချက် မရှိဘဲ လက်နှစ်ဖက်ကို ဘောင်းဘီ အိတ်ကပ်ထဲ ထည့်ထားသည်။

လန်စန်လေ့သည် နောက်ပြန်လှည့်ပြီး တိုက်ခိုက်နေသော လေးယောက်ကို မချင့်မရဲ အမူအရာနှင့် လှမ်းကြည့်နေသည်။ သို့သော်လည်း တိုက်ခိုက်ရန် အခွင့်အရေး မရခဲ့ပေ။

ဒုတိယအခန်းထဲရှိ မွန်းစတားများမှာ ငကန်းမျောက်ဝံများပင် ။ သူတို့၏ အသွင်အပြင်နှင့် ပုံစံမှာ မျောက်ဝံများနှင့်ဆင်တူပြီး သွက်လက်

ဖျတ်လတ်ကြသည်။ ခန္ဓာကိုယ်တစ်ခုလုံးတွင် အစိမ်းရောင်အမွှေးများ ရှိသော်လည်း သူတို့၏ အမြင်အာရုံမှာ လုံးဝ ယိုယွင်းပျက်စီး နေသည်။ ထို့ကြောင့် သားကောင်များကို ရှာဖွေရန် ထွက်ပေါ်လာသော အသံလှိုင်းများကို အားကိုး ကြရသည်။

ငကန်း မျောက်ဝံများသည် အရွယ် ရောက်လာသောအခါ ပုံမှန်အားဖြင့် သန္တ္ဓာရှင်းမီးလျှံ အဆင့်အထိ အလိုလို မြင့်တက်လာကြသည်။ သာမန်အခြေအနေတွင် သူတို့ တက်ရောက်နိုင်သော

အမြင့်ဆုံးအဆင့်မှာ အပြာရောင် မီးလျှံအဆင့်ပင် ။ ထိုထက် ပိုမြင့်မားသောအဆင့်ကို တက်လှမ်းရန် ခက်ခဲသည်။ ထိုမွန်းစတားများသည် သန်မာသော ခြေလှမ်းများ၊ လျင်မြန်သော တိုက်ခိုက်မှုအရှိန်နှင့် ကြီးမားသော ခွန်အားများ ရှိသည်။ အုပ်စုဖွဲ့ နေထိုင်ရခြင်းကို နှစ်သက် သဘောကျသည်။ ထို့ကြောင့် အများအားဖြင့်တော့ ရွှေရောင် မီးလျှံအဆင့် မွန်းစတားများပင် သူတို့အား ရန် မစချင်ကြပေ။

ဒုတိယ အခန်းထဲ၌ ငကန်းမျောက်ဝံ (၂၀၀) နီးပါးခန့်ရှိသည်။ သာမန် အခြေအနေဆို အင်မော်တယ်အဆင့်အောက် လူများက ဤမွန်းစတားမျိုးကို ရန်စမည် မဟုတ်ချေ။ သို့သော်လည်း ရီကျန်းနှင့် ကျန်သည့်လူများက မျက်နှာချင်းဆိုင် ရန်စ နေကြသည်။ သူတို့လေးယောက် ထဲတွင် ခရမ်းရောင်မီးလျှံအဆင့်ရှိနေသော ရီကျန်းက အကဲဆုံးပင်။

သူ့နောက်တွင် အပြာရောင်မီးလျှံအဆင့် ရှိသော လျန်ယုရှင်း လိုက်သည်။

ရီရီယွီနှင့် လီလန်တို့က ကြက်သွေးရောင်မီးလျှံအဆင့်တွင် ရှိနေကြသည်။ သူတို့သည် ငကန်းမျောက်ဝံများထက် အားကောင်းခြင်း မရှိသော်လည်း အတူတကွ ပူးပေါင်း တိုက်ခိုက်သောအခါ ရာနဲ့ချီသော ငကန်းမျောက်ဝံများ၏ တိုက်ခိုက်မှုကို ကာကွယ်နိုင်ခဲ့သည်။

အထွတ်အထိပ်အဆင့် တိုက်ခိုက်ရေးဓါတ်ကြွင်းများ၏ အားသာချက်ကို အသုံးပြုသည်မှတစ်ပါး သူတို့လေးယောက်တွင်

တမူထူးခြားသော အစွမ်းအစများ ရှိနေကြောင်း ညွှန်ပြနေသည်။

သို့သော်လည်း မကြာခင် မွန်းစတားအုပ်ကြီးထဲမှ ထွက်ပေါ်လာသော ဖိအားကို ခံစားလာရသည်။

"ဒီကောင်တွေက မြန်လွန်းတယ်"

လီလန်က ညည်းတွားလိုက်သည်။ ထို့အပြင် သူက သွက်လက်မှုကို လျော့ပါးစေနိုင်သော လှံ့ရှည်တစ်ချောင်းကို အသုံးပြု ထားသည်။ သူတို့သည် မွန်းစတားများကို အတူတကွ ပူးပေါင်း

တိုက်ခိုက်နေကြသည် ဆိုသော်လည်း လီလန်ကမူ ကာကွယ်ရင်း အလုပ်ရှုပ်နေခဲ့သည်။

တန်ပြန် တိုက်ခိုက်မှု လုပ်လိုက်သည့် အချိန်တိုင်း ငကန်းမျောက်ဝံများက နောက်ပြန် ဆုတ်သွားသည်။ မိနစ်အနည်းငယ် ကြာသောအခါ လီလန်၏ တိုက်ခိုက်မှုကြောင့် မျောက်ဝံအနည်းငယ် ဒဏ်ရာ ရခဲ့သော်လည်း သူ့လက်ချက်ကြောင့် သေဆုံးသွားသည့်အကောင် တစ်ကောင်မျှ မရှိခဲ့ပေ။ သူ့မျက်နှာပေါ်တွင် စိတ်ပျက်နေသော အမူအရာများ ပေါ်နေသည်။

ရီရီယွိကလည်း သူထက်စာလျှင် အခြေအနေ ပိုမို ကောင်းမွန်ခြင်း မရှိပေ။ မိနစ် အနည်းငယ် ကြာပြီးနောက် မွန်းစတားသုံးကောင်သာ သတ်ဖြတ်နိုင်ခဲ့သဖြင့် လျန်ယုရှင်း၏ အစွမ်းပြမှုကိုကြည့်ပြီး စိတ်တိုနေသည်။

လျန်ယုရှင်းကမူ ဆေဘာတာအို နယ်ပယ်တွင် အဆင့် (၂) သို့ ရောက်နေသဖြင့် သူမ၏ စွမ်းဆောင်ရည်က ပိုမို အားကောင်းပြီး နယ်ပယ် (၃)ကို အချိန်မရွေး ရောက်ရှိနိုင်နေသည်။ အမှန်တကယ်ပင် သူမဆေဘာ၏ အရှိန်မှာ

လျှင်မြန်လွန်းလှ၏။ မျောက်ဝံများကိုပင် နှေးကွေးသွားသည်ဟု ထင်ယောင်ထင်မှား ဖြစ်စေခဲ့ပြီး အားလုံးကို သတ်ဖြတ်ခဲ့သည်။

ရီကျန်းက အသန်မာဆုံးဖြစ်ပြီး တစ်ချက်ခုတ်လိုက်တိုင်း မျောက်ဝံတစ်ကောင်နှုန်း သေဆုံးနေသည်။ တစ်ချက်မှ မလွဲခဲ့ပေ။ မိနစ်အနည်းငယ်မှာပင် သူနှင့် လျန်ယုရှင်းတို့သည် အခြားနှစ်ယောက် သတ်ဖြတ်ခဲ့သော စုစုပေါင်း ငကန်းမျောက်ဝံ အရေအတွက်ထက် ပိုများသော အကောင် (၅၀) ခန့်ကို သတ်ဖြတ်နိုင်ခဲ့သည်။

ရီရီယွီသည် လျှန်ယုရှင်းနှင့် ရီကျန်းတို့၏ အစွမ်းပြနေမှုကို မြင်နေရသဖြင့် သူမ၏ စွမ်းအားများကို ရုတ်တရက် လွှင့်ထုတ်လိုက်သည်။ သူမ၏ခေါင်းပေါ်တွင် အနီရောင် မီးတောက်များသည် သွေးများအလား အရှူးအမူး တောက်လောင်လာသည်။ ခဏလေးအတွင်းမှာပင် သူမ မြင်ကွင်းထဲရှိ ကျောက်ဝံ အချို့မှာ မီးတောက်ထဲ ဆွဲခေါ်ခြင်း ခံလိုက်ရသည်။

မီးတောက်များ ဖုံးလွှမ်းသွားသော ကျောက် ကျောက်ဝံများသည် နာကျင်သော ဝေဒနာကြောင့်

မချိမဆန့် ခံစားရ၍ အော်ဟစ်နေကြသည်။ သို့သော်လည်း သူတို့၏အော်သံသည် ငါးစက္ကန့်ပင် မကြာလိုက်ချေ။ အနီရောင်မီးတောက်များ ပျောက်ကွယ်သွားပြီးနောက် ငကန်း မျောက်ဝံများမှာ ပြာပုံအတိ ဖြစ်သွားသည်။

"မီးတောက်ရဲ့ အပူချိန်က ကြောက်စရာ ကောင်းလိုက်တာ"

ရီရီယို့ မီးတောက်၏စွမ်းအားမှာ လင်းဟွမ် မျှော်လင့်ချက်ထက် ကျော်လွန် သွားခဲ့သည်။

ဘေးနားတွင် ရပ်နေသော လန်စန်လေ့ပင် ရီရီယွီ၏ခါးကို အလန့်တကြား လှမ်းကြည့်နေသည်။

မကြာခင် ရီရီယွီသည် သူမ၏စွမ်းအင်များကို ထိန်းချုပ်ထားသည့်ပုံ မရှိတော့ချေ။ မီးလျှံများ ဖုံးလွှမ်းနေသော ခါးကိုတွေ့ရမ်း၍ တိုက်ခိုက်နေသည်။ မီးလျှံများသည် ငကန်းမျောက်ဝံများ၏ အမွေးများကို မီးစ စင်ရုံမျှဖြင့် လောင်ကျွမ်းစေသည်။ သူမ သတ်ခဲ့သော မွန်းစတားများက သူမထက် အားနည်းနေသောကြောင့် မဟုတ် မီးတောက်၏

စွမ်းအားက မယုံကြည် နိုင်လောက်အောင် ပြင်းထန်လွန်း၍သာ။

အခြားတစ်ဖက်တွင်မူ လီလန် မျက်မှောင်ကြုတ်နေသည်။ ရီရီယွီတို့ သုံးယောက်၏ အစွမ်းထက်သော တိုက်ခိုက်မှုကို မြင်နေရသဖြင့် စိတ်ဖိစီးလာသည်။ ထိုစဉ် သူကိုင်ထားသော လှံရှည်မှာ ပိုရှည်လာပြီး ဒုတိယအဆင့် အသွင်ပြောင်းလဲခြင်းသို့ ကူးပြောင်းသွားသည်။ မူလက တစ်မီတာခွဲ ရှည်သောလှံသည် ယခုအခါ (၃)

မီတာအထိရှည်သော ဧရာမ လုံကြီးအဖြစ် ပြောင်းလဲသွားသည်။

လှံ အရင်းမှလွဲ၍ ကျန်သည့် အစိတ်အပိုင်းများမှာ ကြီးမားသော ဆေဘာကြီးနှင့် တူသည်။ အစက လှံကို လက်တစ်ဖက်တည်းနှင့် ကိုင်ဆောင်သော်လည်း ယခုမူ လက်နှစ်ဖက်နှင့် ပြောင်းကိုင်လိုက်သည်။

အထွတ်အထိပ် ဓါတ်ကြွင်းဆိုသည်မှာ ၎င်း၏ အခြေအနေကို ပြောင်းလဲပြီးနောက်

အလေးချိန်မှာလည်း လိုက်ပါ၍ သိသိသာသာ ပြောင်းလဲသွားတတ်သည်။

ငကန်းမျောက်ဝံများက လီလန်ထံ နောက်တစ်ကြိမ် ပြေးဝင်ပြီး တိုက်ခိုက်လာသည်။ သို့သော်လည်း လီလန်းက လှံကို ရှေ့တွန်းထုတ်ပြီး တိုက်ခိုက် လိုက်သည်။ သူ့လှံက ငကန်းမျောက်ဝံများနှင့် ထိလိုက်သည်နှင့် တစ်ပြိုင်နက် အရိုးများ ကွဲအက်သွားသည့်အသံများ ထွက်ပေါ်လာသည်။

လီလန်း၏ တိုက်ခိုက်မှုကြောင့် မျောက်ဝံများ လွင့်ထွက်သွားပြီး နံရံကို တဘုန်းဘုန်း မြည်အောင် ထိမှန်သွားကြသည်။ အသက်ရှင်လား၊ သေလား ဆိုသည်ကို မည်သူမျှ မသိကြပေ။

"ရှုးသွပ်လောက်အောင် တိုးတက်လာတာပဲ"

လင်းဟွမ်က လီလန်၏ အစွမ်းပြမှုကို မြင်ပြီးနောက် ကျေနပ်အားရစွာ ခေါင်းညိတ်လိုက်သည်။

ရီရီယွှီနှင့် လီလန်တို့က သူတို့၏အစွမ်းများကို ထုတ်ဖော် ပြသလာသဖြင့် သူတို့

လေးယောက်အဖွဲ့သည် မွန်းစတား အားလုံးကို အလွယ်တကူ သုတ်သင်လိုက်ကြသည်။

ယခင်က လန်စန်လော့သည် တိုက်ပွဲဝင်ရန် အသင့်ပြင်နေပြီး လက်ထဲမှဓါးကို တကိုင်ကိုင် လုပ်နေခဲ့သည်။ သို့သော်လည်း ထိုမြင်ကွင်းကို မြင်ပြီးနောက် ဓါးပြန်သိမ်းရန်မှတစ်ပါး ရွေးချယ်စရာ မရှိတော့ပေ။ ထို့နောက် တိုက်ပွဲကို ဆက်လက် စောင့်ကြည့်နေခဲ့သည်။

မကြာခင် သူတို့လေးယောက်က ငကန်းမျောက်ဝံ (၂၀၀) လုံးကို သုတ်သင် သတ်ဖြတ်လိုက်ကြသည်။

မည်သည့် ငကန်းမျောက်ဝံမှ မလွတ်မြောက်ခဲ့ကြချေ။ ရီကျန်းနှင့် ကျန်သည့်လူများက အသေကောင်များကို စတင် စုဆောင်းကြသည်။ ငကန်းမျောက်ဝံ လည်ပင်းထဲရှိ အသံအိုးသည် ဓါတ်ခွဲခန်းများက လိုချင်သော ထူးခြားသည့် ဇီဝဗေဒ အမျိုးအစား တစ်ခုပင် ။

လန်စန်လော့က တိုက်ခိုက်ရန် အခွင့်အရေး မရခဲ့သဖြင့် စိတ်တိုနေသည်။

“အခု ဘယ်လိုခံစားရလဲ သိပြီလား။ အရင်က မွန်းစတားအားလုံးကို မင်းသတ်ခဲ့တော့ ကျန်တဲ့

လူတွေက မင်းကို အားပေးနေရတဲ့ ခေါင်းဆောင်တွေပဲ လုပ်နေရတယ်လေ”

လင်းဟွမ်က ရယ်မောပြီး လန်စန်လော့ကို စနောက်လိုက်သည်။

နောက်ဆုံး၌ လန်စန်လော့သည် လွတ်ထွက်သွားသော မွန်းစတားများကို ကျန်သည့် လူများအား သတ်ခွင့်ပေးရန် ဘာကြောင့် စေခိုင်းခဲ့သလဲ ဆိုသည်ကို နားလည်သွားသဖြင့် တိတ်ဆိတ်သွားသည်။

"ကဲ……ရှင်းပြီးရင် နောက်တစ်ခန်း သွားရအောင်"

လင်းဟွမ်က ရီကျန်းကို လှမ်းအော်လိုက်သည်။ ထို့နောက် ကျန်သည့်လူများက လန်စန်လေ့၏ ပခုံးကို ပျော်ရွှင်စွာ ပုတ်လိုက်သည်။

## အခန်း(၅၇၇) - အသီးအရွက် စားရတာကြိုက်တဲ့ လန်စန်လော့။

လေးနာရီ ကြာပြီးနောက် လင်းဟွမ်နှင့်အဖွဲ့သည် ပထမအထပ်ရှိ အခန်း (၁၆) ခန်းလုံးကို သုတ်သင်ရှင်းလင်း ခဲ့ကြသည်။ ဒုတိယအခန်းမှစ၍ လန်စန်လော့သည် ရုံဖန်ရုံခါသာ ကူညီပေးခဲ့သောကြောင့် အခြေခံအားဖြင့် သူတို့၏ အစွမ်းပြပွဲ ဖြစ်လာခဲ့သည်။

ပထမအထပ်ရှိ မွန်းစတားအများစုမှာ အပြာရောင် မီးလျှံအဆင့်အောက်သာ ရှိကြသည်။ အပြာမီးလျှံအဆင့် မွန်းစတားမှာ တစ်ကောင်၊ နှစ်ကောင်မျှသာ ရှိခဲ့ပြီး သူတို့အတွက် စိန်ခေါ်မှု တစ်ခုသာ ဖြစ်ခဲ့သည်။

ရီရီယွီနှင့်လီလန်တို့က သူတို့၏ စွမ်းရည်များကို ထုတ်ဖော် ပြသလာပြီးနောက် လျန်ယုရှင်းနှင့် ရီကျန်းတို့က အားရပါးရ စတင် တိုက်ခိုက်ကြတော့သည်။

လျှန်ယုရှင်း၏ ဆေဘာတာအိုသည် ရေခဲဒြပ်စင်ဖြစ်သောကြောင့် ရီရီယွီနှင့် လုံးဝ ကွဲပြားသည်။ သူမ၏ ဒြပ်စင်စွမ်းအားကို ထုတ်ဖော် ပြသပါက ထုတ်ဖော်လိုက်သည်နှင့် မွန်းစတားများ၏ အရှိန်ကို ထိခိုက်စေသည်။ သူမ ပိုင်ဆိုင်သည့် ကြောက်စရာကောင်းသော ဆေဘာ တာအိုအပြင် သူမ၏ ဓါးကိုင်တွယ်ပုံကလည်း စီးဆင်းသော ရေအလား ချောမွေ့လွန်းလှ၏။

ရီကျန်း၏ ဆေဘာတာအိုက လေဒြပ်စင်ဖြစ်သည်။ သူ၏ ဆေဘာတာအို နယ်ပယ်မှာ

လျှန်ယုရှင်းနှင့် အတူတူပင်။ သို့သော်လည်း ဆေဘာနယ်ပယ်ကမူ လုံး၀ ကွဲပြားသည်။ လျှင်မြန်သော အရှိန်၊ ကြောက်စရာကောင်းသော သတ်ဖြတ်မှုနှုန်းဖြင့် စွမ်းဆောင်နိုင်သည်။ သူ့ ဆေဘာချက် တစ်ချက် ခုတ်လိုက်တိုင်း သက်ရောက်မှုများက လွဲချော်သွားခြင်း မရှိပေ။

နောက်ဆုံးတွင် လန်စန်လေ့သည် သူတို့ကြားမှ တိုက်ပွဲကို စောင့်ကြည့်ရင်း စိတ်ဝင်စားသော အရာတစ်ခုကို တွေ့ခဲ့ရပြီး ရီကျန်း၊ လျှန်ယုရှင်းနှင့် ရီရီယွီတို့ကို စိုက်ကြည့်နေခဲ့သည်။ သူ၏

ခါးနယ်ပယ်မှာ ထိုသုံးယောက်ထက် များစွာ မြင့်မားသော်လည်း အသစ်အဆန်း တစ်ခုကို သင်ယူနိုင်သေးသည်။

"ရီကျန်း၊ လျှန်ယုရှင်းတို့ရဲ့ ဆေဘာတာအိုက အင်မော်တယ်အဆင့် မရောက်ခင် နယ်ပယ်အဆင့်(၃) ရောက်ဖို့ ပြဿနာမရှိဘူး"

လင်းဟွမ်က သူတို့၏ စွမ်းဆောင်ရည်များကို ကျိတ် အကဲဖြတ်နေသည်။ ယခုမူ သူသည် အထွတ်အထိပ် ဟုခေါ်သော ခါးတာအိုနယ်ပယ် အဆင့် (၃) ကို ရောက်နေသဖြင့် ကျန်သည့်လူများ၏

ဆေဘာတာအိုကို အလွယ်တကူ ဖော်ထုတ်နိုင်စွမ်း ရှိနေသည်။

ထို့နောက် လီလန်နှင့် ရီရီယွီတို့ထံ လှည့်ကြည့် လိုက်သည်။ အခြေခံအားဖြင့် လီလန်က အကောင်းဆုံး လုပ်ပြီး သူ မသုံးဖူးသော စွမ်းရည်အသစ်ကို ထုတ်သုံးနေခြင်း ဖြစ်ကြောင်း သိသာ ထင်ရှားနေသည်။ လန်စန်လော့ သတ်ဖြတ်ခဲ့သော မွန်းစတားအများစုမှာ သူ့လက်မှ လွတ်လာသော မွန်းစတားများပင် ။

သို့သော်လည်း ရီရီယွီက ပို၍ပင် ဒုက္ခရောက်နေသည်။ သူမ၏ လျင်မြန်သော တိုက်ခိုက်မှု အမြန်နှုန်းမှာ လျန်ယုရှင်းနှင့် ယှဉ်နိုင်သော်လည်း သူမ၏ တိုက်ခိုက်ရေးအစွမ်းမှာ သူမ ခန္ဓာကိုယ်ထဲရှိ မီးတောက်များအပေါ် မူတည်နေသည်။ ထို့အပြင် သူမ၏ဓါးတာအို ဖွံ့ဖြိုးမှု အဆင့်အတန်းက အတိုင်းအတာ တစ်ခုအထိ ဒုက္ခပေးနေပြီး ရေရှည်တွင် သက်လုံမကောင်းချေ။

ဤအတိုင်း ဆက်သွားပါက ရီရီယွီသည် မွန်းစတား အနည်းငယ်သာ နောက်ထပ်

သတ်နိုင်တော့မည်။ သို့ရာတွင် အထူးသဖြင့် သတ္တုခံနိုင်ရည် ရှိသော မွန်းစတားမျိုးနှင့် တွေ့ဆုံပါက လျင်မြန်စွာ သတ်ဖြတ်ခံရလိမ့်မည်။

“ပထမအထပ်က မွန်းစတားတွေကို သတ်ပြီးပြီဆိုတော့ အဆာပြေစားရင်း ခဏ နားကြတာပေါ့။ ဒုတိယအထပ် တိုက်ပွဲက ပိုခက်လိမ့်မယ်”

ပထမအထပ် နောက်ဆုံးတိုက်ပွဲ ပြီးသွားသောအခါ လင်းဟွမ်က အဆိုပြုလိုက်သည်။

ရီကျန်းက နာရီကိုကြည့်ပြီး ခေါင်းခါလိုက်သည်။

"နှစ်နာရီ ထိုးနေပြီ။ လေးနာရီတောင် ကြာသွားခဲ့တာပဲ"

"ဒါကို သတိမထားလိုက်မိဘူး"

လီလန်ကလည်း နာရီကြည့်ပြီး ခေါင်းညိတ် ထောက်ခံလိုက်သည်။

"အံ့သြစရာပဲ... အချိန်ကုန် မြန်လိုက်တာ"

သွေးများ စွန်းထင်းနေသော အခန်းထဲမှ ပြန်ထွက်လာပြီး သန့်ရှင်းနေသော စကြံလမ်းပေါ် ပြန်လျှောက် လာကြသည်။ ထို့နောက်

မုန့်ပဲသွားရည်စာများကို ထုတ်ယူ လိုက်သည်။ အဆာပြေ အသားခြောက်နှင့် အသီးအရွက်ခြောက်များ စားကြသည်။

ရီရီယွီသည် လင်းဟွမ်က လန်စန်လေ့အား အစားအစာ မပေးသည်ကို မြင်လျှင် အသားခြောက်တစ်ပိုင်း ပေးလိုက်သည်။ လန်စန်လေ့က လင်းဟွမ်ဘက်လှည့်ပြီး ခွင့်ပြုချက်တောင်းခံသော အကြည့်နှင့် ကြည့်လိုက်သည်။

လင်းဟွမ်က ခေါင်းညိတ်ပြပြီး ပြောလိုက်သည်။

"ယူပါ။ မြည်းကြည့်ပေါ့..."

ထို့နောက် လန်စန်လော့က ရီရီယွီထံမှ အသားခြောက်ကို လှမ်းယူလိုက်သည်။ သေးငယ်သော အပိုင်းလေးဖဲ့ပြီး ပါးစပ်ထဲထည့်၍ ဝါးကြည့်သည်။ စားပြီးနောက် ကျန်သည့်အပိုင်းကို လင်းဟွမ်အား ပေးပြီး…

"စား မကောင်းဘူး"

"ကောင်းပြီလေ"

လင်းဟွမ်သည် အသားခြောက်ကို ယူရန်မှတစ်ပါး ရွေးချယ်စရာ မရှိပေ။

ယခင်က လန်စန်လေ့ကို တစ်ခါမှ မကျွေးခဲ့ဖူးပေ။ ထို့ကြောင့် လန်စန်လေ့က ဘာစားတတ်လဲဆိုသည်ကို မသိချေ။

ရီရီယွီသည် လန်စန်လေ့၏ မှတ်ချက်ကို ကြားပြီးနောက် စိတ်မကောင်း ဖြစ်သွားသည်။ သို့သော်လည်း ဒါသည် ဆင့်ခေါ်မွန်းစတားတစ်ကောင်သာ ဖြစ်သောကြောင့် သူမလည်း ဘာမှမလုပ်နိုင်ပေ။ ထို့ကြောင့် လင်းဟွမ်ကိုသာ လူသတ်ချင်သော မျက်လုံးများနှင့် စိုက်ကြည့်နေသည်။

လင်းဟွမ်က လန်စန်လော့ပေးသော အသားခြောက်ကို ကိုက်လိုက်သည်။ အနည်းငယ် ဝါးစားပြီးနောက် ရီရီယွီကို ပြန်ကြည့်ပြီး ခေါင်းညိတ်ပြကာ မှတ်ချက် ပေးလိုက်သည်။

"စားကောင်းပါတယ်။ ဒီကောင့်ရဲ့ အရသာခံမှုက တစ်ခုခု မှားနေတာပဲ ဖြစ်လိမ့်မယ်"

ထို့နောက် လင်းဟွမ်က လန်စန်လော့ကို ဟင်းသီးဟင်းရွက်ခြောက်များ ပေးလိုက်သည်။

လန်စန်လော့သည် ခေတ္တမျှ တုံ့ဆိုင်း သွားပြီးနောက် လင်းဟွမ်က သူ့သခင် ဖြစ်နေသဖြင့်

ငြင်းပယ်ရန် မသင့်ဘူးဟု ယူဆကာ ယူလိုက်သည်။ ထို့နောက် ဟင်းသီးဟင်းရွက် အစိတ်အပိုင်း အနည်းငယ် ချိုးဖွဲ့၍ ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။ အနည်းငယ် ဝါးစားပြီးနောက် သူ၏အပြာရောင် မျက်လုံးများထဲတွင် ပျော်ရွှင်သော အရိပ်အယောင်များ တောက်ပလာသည်။

“အရသာ ရှိတယ်...”

ထို့နောက် အသီးအရွက်အားလုံးကို ပါးစပ်ထဲ ပစ်ထည့် လိုက်ပြီး ကုန်သွားသောအခါ လန်စန်လော့က လင်းဟွမ်ကို လှမ်းကြည့်သည်။

သူ၏ သတ္တုရောင်ခေါင်းစွပ်မှာ အမှုအရာ ကင်းမဲ့နေသော်လည်း လင်းဟွမ်သည် အပြာရောင်မျက်လုံးတစ်စုံကို ကြည့်၍ ဟင်းသီးဟင်းရွက်စားရခြင်းကို နှစ်ခြိုက် သဘောကျကြောင်း သိလိုက်သည်။

"အသီးအရွက် စားရတာ ကြိုက်တာပဲ"

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် သိုလှောင်လက်စွပ်ထဲမှ ဟင်းသီးဟင်းရွက်ခြောက် အထုပ် (၆) ထုပ် ထုတ်ယူပြီး လန်စန်လော့ကို ပေးလိုက်သည်။

"ရော့… မင်းအတွက်…"

လန်စန်လေ့သည် ဟင်းသီးဟင်းရွက်ခြောက် အထုပ် (၆) ထုပ်ကို ရလျှင် အေးစက်သော အမူအရာများ ပျောက်ကွယ် သွားသည်။ နှစ်ပေါင်းများစွာ အစားအသောက် ငတ်ပြတ်နေသော ကလေးတစ်ယောက်က အသားကင်ကို ပထမဦးဆုံး မြင်လိုက်ရသလို ပျော်ရွှင်သွားသည်။

"သူက ဟင်းသီးဟင်းရွက် ကြိုက်တာ ဘာဖြစ်လို့ မပြောတာလဲ"

ရီရီယွီက လင်းဟွမ်ကို နောက်တစ်ကြိမ် စိုက်ကြည့်ပြီး ပြောလိုက်သည်။

"မင်းက မမေးဘဲ အသားပေးတာကိုး"

သို့သော်လည်း စိတ်ထဲမှ တွေးလိုက်သည်။

(သူ ဘာစားတတ်လဲ ငါလည်းမသိဘူး။ တစ်ခါမှလည်း မကျွေးဖူးဘူး)

"ဟွန့်…"

ရီရီယွီက စိတ်ကောက်သွားပြီး နှုတ်ခမ်းစူကာ လင်းဟွမ်ကို လျစ်လျူရှုသွားသည်။

လင်းဟွမ်က တတ္တိုယမြောက် အသားခြောက် အပိုင်းကို ဝါးစားနေစဉ် လန်စန်လေ့က ဟင်းသီးဟင်းရွက်ခြောက်အထုပ် (၆) ထုပ်လုံးကို ကုန်အောင် စားပြီးသွားခဲ့ပြီ။ အထုပ်ထဲ၌ မည်သည့်အရာမျှ မကျန်တော့ချေ။ အထုပ်ခွံကို လျှာနှင့် လျက်လိုက်သေးသည်။ အထုပ်ထဲတွင် ဘာမှမကျန်ကြောင်း သေချာသွားသောအခါ လင်းဟွမ်ကို လှမ်းကြည့်ပြန်သည်။

"ငါ့မှာလည်း ဟင်းသီးဟင်းရွက်အခြောက်ထုပ် အများကြီး မကျန်တော့ဘူး။ မင်းက ခဏလေး

အကုန် စားတာကိုး။ အပျက်အစီးထဲမှာ တစ်လလောက် နေရဦးမှာ။ မင်း စားပုံနဲ့ဆိုရင် ဟင်းသီးဟင်းရွက်ခြောက်ထုပ်တွေ လောက်မှာ မဟုတ်ဘူး"

လင်းဟွမ်က စကား မပြောနိုင်ဖြစ်နေသည်။

"ဒါက သေးသေးလေးပဲကို ကပ်စေးနဲ့လိုက်တာ။ အသီးအရွက်အခြောက်တွေတောင် မကျွေးချင်ဘူး...."

ရီရီယွီက တိုးတိုးလေး ရေရွတ်ပြီး လန်စန်လော့အတွက်

ဟင်းသီးဟင်းရွက်အခြောက်ထုပ် နောက်ထပ် (၆) ထုပ် ထုတ်ပေးလိုက်သည်။

"ငါ့မှာ ရှိတယ်။ ရော့ စား..."

လန်စန်လော့က မယူပေ။ ထိုအစား လင်းဟွမ်ကို အသနားခံသော မျက်လုံးများနှင့် လှမ်းကြည့်လိုက်သည်။

"ယူလိုက်ကွာ... ငါကလည်း ဟင်းသီးဟင်းရွက် အခြောက်ထုပ် နည်းနည်းလေးပဲ ဝယ်မိတယ်"

လင်းဟွမ်က ကူကယ်ရာမဲ့စွာ ခေါင်းခါလိုက်သည်။

လန်စန်လေ့သည် လင်းဟွမ်ထံမှ ခွင့်ပြုချက်ရပြီးသည်နှင့် ရီရီယွီထံမှ ဟင်းသီးဟင်းရွက် အခြောက်ထုပ်ကို ယူလိုက်သည်။ သို့သော်လည်း ဟင်းသီးဟင်းရွက် အခြောက်ထုပ်က အကန့်အသတ်နှင့်သာ ရှိကြောင်း သိသွားသဖြင့် ဖြည်းဖြည်းလေးသာ စားတော့သည်။

ထိုအခြေအနေကို လျှန်ယုရှင်းနှင့် ကျန်သည့်လူများ မကြည့်ရက်တော့ပေ။ သူတို့၏ ဟင်းသီးဟင်းရွက် အခြောက်ထုပ်များကို ထုတ်ပေးကြသည်။ လက်ထဲတွင်

ဟင်းသီးဟင်းရွက်အခြောက်ထုပ် (၄) ထုပ်အား ပိုက်ထားသော လန်စန်လော့ကို ကြည့်ပြီး လင်းဟွမ်သည် ရယ်ချင်ပက်ကျိ ဖြစ်နေသည်။ ထို့နောက် လက်ကိုဆန့်ပြီး...

"ငါ့ကို သုံးထုပ်ပေးထား။ မင်း တစ်ထုပ်ပဲ ယူသင့်တယ်"

လန်စန်လော့သည် လင်းဟွမ် စကားကိုကြားလျှင် တုံ့ဆိုင်းသွားသည်။

"သူ့ အစားအသောက်ကျတော့ တွန့်တိုရ ကောင်းမှန်း သိတယ်"

လင်းဟွမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး…

“အဲ့ဒါ မင်းအပိုင်ပါ။ ငါက မင်းအစား သိမ်းထားပေးမလို့ပါ”

ထို့နောက် လန်စန်လေ့သည် ဟင်းသီးဟင်းရွက်အခြောက်ထုပ် (၃) ထုပ်ကို လင်းဟွမ်ထံ သဘောတူ ကြည်ဖြူစွာ ပေးလိုက်သည်။ ကျန်သည့် လေးယောက်သည် ဒါကိုမြင်လျှင် မရယ်ဘဲ မနေနိုင်ကြတော့ချေ။ သူတို့စားပြီးသည့် အချိန်၌ လန်စန်လေ့သည် ဒုတိယမြောက် ဟင်းသီးဟင်းရွက်ထုပ်

အခြောက်ထုပ်၏ တစ်ဝက်ခန့်ကို စား၍ ကုန်သွားသည်။

"ကောင်းပြီဟေ့။ အလုပ် လုပ်ချိန်ရောက်ပြီ"

နာရီဝက်ခန့် ကြာအောင် အနားယူပြီးနောက် သူတို့ငါးဦးသည် ဒုတိယအထပ်သို့ သွားရန် ပြင်ဆင်ကြသည်။

လန်စန်လော့လည်း မစားတော့ပေ။

လင်းဟွမ်က သူကိုင်ထားသော ဟင်းသီးဟင်းရွက်အခြောက်ထုပ် လက်ကျန်ကို

လှမ်းကြည့်နေသည်ကို မြင်လျှင် လန်စန်လေ့က မပေးချင်သော အမူအရာနှင့် သူ့နောက်ကျောတွင် ဝှက်ထားလိုက်သည်။

လင်းဟွမ်သည် လန်စန်လေ့၏ သနားစရာကောင်းသော မျက်နှာငယ်လေးကို မြင်လိုက်လျှင် မတောင်း ရက်တော့ချေ။ ထိုအစား ပြုံးပြီးခေါင်းခါသာ နေလိုက်သည်။ ထို့နောက် အဖွဲ့ကို လှည့်ကြည့်ပြီး ဒုတိယအထပ်သို့ ဦးဆောင်ဝင်သွားသည်။

"ဒုတိယအထပ် သွားရအောင်"

## အခန်း(၅၇၈) - ဒေါသထွက်နေသော ရီရီယွှီ

ဒုတိယထပ် ဝင်ပေါက်က သူတို့ ရှင်းလင်းထားသော အခန်းတစ်ခုထဲ ရောက်နေကြသည်။ အတိအကျ ပြောရလျှင် လွန်ခဲ့သော နှစ်နာရီခန့်က သူတို့ ရှင်းလင်းခဲ့သည့် အခန်းရှစ်ခန်း ရှိသည်။

အခန်း (၁၆) ခန်းလုံးကို ရှင်းလင်းရေး လုပ်ဆောင်ပြီးနောက် သူတို့ငါးယောက်သည်

မြေအောက် ဒုတိယအထပ် ဝင်ပေါက်ကို ပြန်လာခဲ့ကြသည်။

လှေကားကို ကျောက်သားဖြင့် ပြုလုပ်ထားသောကြောင့် ပထမအထပ်မှ လှေကားနှင့် မတူချေ။

လှေကားမှ ဆင်းလာသောအခါ လှေကားပေါ်တွင် သာမက လှေကားဘေးရှိ နံရံများတွင်လည်း အခြစ်ရာ၊ အစင်းရာများကို တွေ့နေရသည်။ အခြစ်ရာ၊ အစင်းရာများသည် အတိမ်အနက် အမျိုးမျိုး

ရှိနေကြပြီး ပြောရလျှင် မွန်းစတား အမျိုးမျိုးက ပြုလုပ်ထားပုံရသည်။

အခြစ်ရာ၊ အစင်းရာများကို မြင်လျှင် ရီရီယွီ မျက်မှောင်ကြုတ်လိုက်ပြီး

"ဒီမှာ မွန်းစတားတွေ အများကြီးမယ့်ပုံပဲ"

"အစင်းရာ တော်တော်များများက အသစ်တွေပါ။ ဒါတွေက သုံးရက်အတွင်း ဖြစ်လာတယ်ဆိုတာ သိသာထင်ရှားတယ်"

ရီကျန်းက ထပ်လောင်း ပြောကြားလိုက်သည်။

"ဒါက မွန်းစတားတွေ အစာရှာဖို့ အပြင်ကို မကြာခဏ ထွက်တယ်ဆိုတာ ညွှန်ပြနေတာပဲ"

"ဖြစ်နိုင်တယ်၊ ဟင်းလင်းပြင် အပျက်အစီးတွေမှာ တွေ့ရတဲ့ မွန်းစတားအားလုံးက ညဘက်ရောက်မှ အုပ်စုလိုက် အစာရှာထွက်ကြတာ ဖြစ်မယ်"

လျှန်ယုရှင်းက ထပ်လောင်း သုံးသပ်လိုက်သည်။

သူတို့၏ ခွဲခြမ်းစိတ်ဖြာမှုများမှာ လင်းဟွမ်က သူတို့ကို သိစေချင်သော အကြောင်းအရာဖြစ်ပြီး မွန်းစတားများက ညဘက်တွင် အမဲလိုက်ထွက်တတ်သည့်အကြောင်းကို သူတို့အား

ပွင့်ပွင့်လင်းလင်း ထုတ်မပြော နိုင်သဖြင့် သူတို့ဘာသာသူတို့ သိသွားခြင်းက အကောင်းဆုံးပင် ။

သူကမူ သွေးရဲရဲလေးထံမှ မွန်းစတား မှတ်ဉာဏ်ကို ရယူထားသောကြောင့် ထိုအချက်အလက်ကို သိရှိနေခဲ့သည်။ အစောပိုင်းက ဤဟင်းလင်းပြင် အပျက်အစီးထဲ တစ်ခါမျှ မရောက်ဖူးကြောင်း ပြောထားသဖြင့် ဤသတင်းကို သိသော်လည်း ပြန်မပြောပြနိုင် ဖြစ်နေခဲ့သည်။ ထိုအကြောင်း ပြောပြလိုက်လျှင် လူတိုင်းက သူ့ကို သံသယ ဝင်လာကြလိမ့်မည်။

သို့သော်လည်း သူတို့က မွန်းစတားများ ညအချိန်တွင် အစာရှာ ထွက်လိမ့်မည်ဟု ကောက်ချက် ချခဲ့သောကြောင့် လင်းဟွမ်ကလည်း

"ဒီဟင်းလင်းပြင် အပျက်အစီးထဲမှာရှိတဲ့ မွန်းစတားအားလုံးက ညဘက်မှ အစာရှာ ထွက်တာဖြစ်နိုင်တယ်။ ဒါကြောင့် နေ့ခင်းဘက်မှာ တစ်ကောင်မှ မတွေ့ရတာ။"

"ဒီနေရာထဲမှာ အကြီးမျူးအဆင့် မွန်းစတားလည်း ရှိတယ်၊ ပြောချင်တာက ဒါက အနည်းဆုံး ကြယ် (၃)ပွင့် အပျက်အစီးပဲ။ အကြီးအမျူးအဆင့် တခြား

မွန်းစတားတွေလည်း ရှိနေမှာ သေချာတယ်။ ငါ့ ခန့်မှန်းချက်သာ မှန်မယ်ဆိုရင် ဒီဟင်းလင်းပြင် အပျက်အစီးက ညဘက်မှာ အရမ်း အန္တရာယ် များလိမ့်မယ်"

လင်းဟွမ်က သူသိပြီးသား အချက်အလက်များကို ကောက်ချက်ချ ပြလိုက်သည်။ သို့သော်လည်း ဤနေရာသည် အနည်းဆုံး ကြယ် (၄)ပွင့် အဆင့်ရှိ ဟင်းလင်းပြင်အပျက်အစီး ဖြစ်နိုင်ကြောင်း လျှို့ဝှက်ထားခဲ့သည်။

လင်းဟွမ် စကားကို နားထောင်ပြီးနောက် သူတို့၏ မျက်နှာများ ညှိုးနွမ်းသွားကြသည် ။

" ကြယ် (၃) ပွင့် ဟင်းလင်းပြင် အပျက်အစီးလား။ ဒါဆိုရင် ညဘက်ကျ မွန်းစတားတွေ ပေါ်လာချိန်ဆို အရမ်း အန္တရာယ်များလိမ့်မယ်။"

ရီကျန်း လန့်သွားသည်။

“ဒါပေမယ့် အဲ့ဒီလောက် အတွေးမလွန်ပါနဲ့။ ညမအိပ်ခင် မွန်းစတားတွေကို သတ်လိုက်ရအောင်။ ညဘက်ရောက်လို့ မွန်းစတားတွေ ဝိုင်းရံလာရင် ငါတို့ပဲ ဒုက္ခရောက်လိမ့်မယ်"

လင်းဟွမ်သည် ယခုလက်ရှိ သူတို့လုပ်သင့်သည့် အရာကို သတိပေးလိုက်သည်။

လင်းဟွမ်က သတိပေးလိုက်သည်နှင့် ရီကျန်း စိတ်ထဲတွင် အစီအစဉ်တစ်ခု ပေါ်လာသည်။

"ငါတို့ခန့်မှန်းချက် မှန်မှန်၊ မမှန်မှန်။ ဒီနေရာမှာ ရှိနေတဲ့ မွန်းစတားအားလုံးကို ရှင်းထုတ်ပစ်ရမယ်။ အခုလောလောဆယ် ငါတို့ရောက်နေတဲ့ နေရာက မြေအောက်ထဲမှာ မီတာရာပေါင်းများစွာ နက်နေပြီး နေရာတိုင်းမှာလည်း ဘီလူးတွေရဲ့ အောင်းရာတွေ ရှိနေတယ်။ အဲဒါက ငါတို့အတွက် ပုန်းနေလို့

ရလောက်တယ်။ နောက်ပြီးတော့ ဒီနေရာမှာ အချင်းငါးမီတာ ရှိတဲ့ ဝင်ပေါက်တစ်ခုပဲ ရှိတော့ သူတို့က တိုက်ခိုက်ဖို့ ခက်ခဲလိမ့်မယ်။ တကယ်လို့ ညဘက်မှာ ပေါ်လာတယ် ဆိုရင်တောင် ဒီနေရာက ပိုကြီးတဲ့ တခြားနေရာတွေထက် ဆယ်ဆ ပိုလုံခြုံတယ်။ မွန်းစတားတွေလည်း အပေါက်ကနေ ဝင်လာမယ်ဆိုရင် အရေအတွက် အကန့်အသတ် ရှိလိမ့်မယ်။ ဒါကြောင့် ငါတို့တွေက သူတိုရဲ့ တိုက်ခိုက်မှုကို တောင့်ခံပြီး ခုခံ ကာကွယ် နိုင်လိမ့်မယ်။"

ကျန်သည့်လူများလည်း ဤနေရာတွင် ရှိနေသော မွန်းစတားများကို ရှင်းပစ်ရန် မည်မျှ အရေးကြီးကြောင်း မကြာခင် သဘောပေါက်လာကြသည်။ ထို့ကြောင့် အတွေးထဲမှ ရုန်းထွက်ပြီး မျက်နှာ အမူအရာများက လေးနက်လာကြသည်။

လင်းဟွမ်က ဤဟောင်းလင်းပြင် အပျက်အစီးထဲတွင် မွန်းစတားများ ပေါ်လာတတ်သည့် ညဘက်အချိန်၌ ဤနေရာတွင် ပုန်းအောင်းနေခြင်းက အန္တရာယ် အကင်းဆုံး ဖြစ်ကြောင်း မည်ကဲ့သို့ ပြောပြရင် ကောင်းမလဲ

စဉ်းစားရ ခက်နေခဲ့သည်။ ယခုလို သူ့ဆန္ဒအတိုင်း အရာအားလုံးက အလိုလို အကောင်အထည် ပေါ်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

စကားပြောရင်း၊ ဆိုရင်း နှစ်မိနစ်မပြည့်ခင် ဒုတိယအထပ်ကို ရောက်လာကြသည်။

လှေကားအဆုံးတွင် ရှည်လျားသော စင်္ကြံတစ်ခု ရှိသည်။

လင်းဟွမ်က ရီကျန်းတို့ကို လမ်းပြရန်မလိုဘဲ စင်္ကြံ၏ ဘယ်ဘက်ခြမ်းတွင် ပထမအခန်း ဝင်ပေါက်တစ်ခု ရှိသည်ကို တွေ့နေရသည်။

သို့တိုင်အောင် ရီကျန်း တို့အဖွဲ့သည် လန်စန်လေ့နှင့် လင်းဟွမ်တို့ အနား ရောက်လာအောင် မစောင့်ဘဲ အခန်းထဲ ပြေးဝင် သွားကြသည်။

မြေအောက် ဒုတိယထပ်ရှိ ပထမအခန်းထဲတွင် အိပ်နေသော လင်းနို့နတ်ဆိုးများသည် သူတို့လေးယောက် ပြေးဝင် လာသည်နှင့် နိုးလာကြသည်။

လင်းနို့ နတ်ဆိုးများသည် အနက်ရောင် သို့မဟုတ် မီးခိုးရောင် ခန္ဓာကိုယ်ရှိသော နတ်ဆိုးအမျိုးအစား

ဖြစ်သည်။ သူတို့တွင် သိမ်းငှက်နှင့်တူသော ဦးခေါင်းနှင့် လူ့ခန္ဓာကိုယ် ဖွဲ့စည်းပုံ ရှိသည်။ သူတို့၏ဦးခေါင်းနှင့် အတောင်များကို မကြည့်ပါက လူ့လောကရှိ ကာယ ဗလမောင်များနှင့် တူသည်။ လင်းနို့နတ်ဆိုးများမှာ ကြွက်သားများ သန်မာသော်လည်း နက်မှောင်သော အသားအရေ ရှိသည်။ သို့သော်လည်း သူတို့ ခြေဖဝါးများက ပြားချပ်ချပ် ဖြစ်နေသဖြင့် လူသားများနှင့် ကွဲပြားသည်။ သူတို့သည် အိပ်သည့်အချိန်တွင် သူတို့ ခန္ဓာကိုယ်ကို ခြေထောက်ဖြင့် ချိတ်ဆွဲ၍

ဖောက်ထိုးအိပ်တတ် ကြသည်။ ထို့အပြင် သူတို့ တစ်ကိုယ်လုံးကို တောင်ပံများနှင့် ဖုံးအုပ်ထားသည်။

လင်းနို့နတ်ဆိုးများ အုပ်စုလိုက် အိပ်ပျော်နေသည့် အချိန်တွင် လူအများက ၎င်းတို့ကို အနက်ရောင် မျက်နှာကျက် မီးအိမ်များ ချိတ်ဆွဲထားသည်ဟု ထင်မှတ်ကြပေလိမ့်မည်။

သို့သော် ရီကျန်းနှင့် ကျန်သည့်လူများ ဝင်လာသောအခါ မျက်နှာကျက်မီးအိမ်များ နိုးထ လာကြသည်။

ထိုမွန်းစတားများက လင်းနို့နတ်ဆိုးများ ဖြစ်ကြောင်း သိလိုက်သောအခါ သူတို့၏ မျက်နှာများမှာ ဆိုးဆိုးရွားရွား ပျက်ယွင်း သွားကြသည်။

လင်းနို့နတ်ဆိုးများသည် အရေအတွက် (၅၀)၊ (၆၀) ခန့်သာရှိ၍ မြေအောက် ပထမအထပ်ရှိ မွန်းစတားများထက် အရေအတွက် နည်းပါးသော်လည်း ထိုမွန်းစတားများ၏ တိုက်ခိုက်ရေး အစွမ်းမှာ လင်းနို့နတ်ဆိုးများနှင့် မယှဉ်နိုင်ချေ။

လင်းနို့နတ်ဆိုး အများစုသည် အရွယ်ရောက်သည်နှင့် အပြာရောင် မီးလျှံအဆင့်ရောက်လာကြသည်။ ထိုမွန်းစတားများထဲမှ အရည်အချင်းရှိသည့် မွန်းစတား အချို့က ခရမ်းရောင်မီးလျှံအဆင့်ပင် ရောက်ရှိ နိုင်ကြသည်။ သူတို့၏ တိုက်ခိုက်ရေးစွမ်းအားမှာ ပထမထပ်ရှိ မွန်းစတားများထက် ကျော်လွန်သွားခဲ့ပြီ။

ထို့အပြင် လင်းနို့နတ်ဆိုးများသည် ပျံသန်းနိုင်ပြီး ရေတိုပျံသန်းမှု၌ အလွန် ကျွမ်းကျင်ကြသည်။ ပထမထပ်တွင် လင်းဟွမ်နှင့် ကျန်သည့်လူများ

ကြုံတွေ့ခဲ့ရသော ငကန်းမျောက်ဝံများမှာ အလွန်လျင်မြန်သော မွန်းစတားများ ဖြစ်ကြသော်လည်း လင်းနို့နတ်ဆိုးများက ငကန်းမျောက်ဝံများထက် ပို၍ပင် မြန်ဆန်နေသေးသည်။

ထို့အပြင် လင်းနို့နတ်ဆိုးများ၏ ခန္ဓာကိုယ်ပေါ်ရှိ ကြွက်သားများက အပျော်သဘောဖြင့် တည်ဆောက်ထားခြင်း မဟုတ်ပေ။ ဤကဲ့သို့ မွန်းစတား အမျိုးအစားသည် အလွန်အင်မတန် ခွန်အားကြီး၍ အပြာရောင်မီးလျှံအဆင့်

ဆိုသော်ငြားလည်း ခရမ်းရောင် မီးလျှံအဆင့်များနှင့် တိုက်ခိုက်ရေး စွမ်းအား တူညီကြသည်။ ခရမ်းရောင်မီးလျှံအဆင့် လင်းနို့နတ်ဆိုးများကမူ ရွှေမီးလျှံအဆင့် မွန်းစတားများနှင့် တိုက်ခိုက်နိုင်ကြသည်။ ပြောရမည်ဆိုလျှင် ဤမွန်းစတားသည် အမြန်နှုန်း၊ ခွန်အားနှင့် သွက်လက်မှုအားလုံးကို ပိုင်ဆိုင်ထားသည့် မွန်းစတားအမျိုးအစားများ ပင်။

သူတို့လေးယောက် အခန်းထဲ ပြေးဝင်လာသည့်အချိန်၌ လင်းနို့နတ်ဆိုး အချို့ကလည်း သူတို့ထံ ပြေးဝင် တိုက်ခိုက်ကြသည်။

ချက်ချင်းဆိုသလို လျှန်ယုရှင်းက သူမ၏ ရေခဲဒြပ်စင်ကို စတင် အသက်သွင်းလိုက်ပြီး ရီကျန်းက သူ့ဓါးကို ဆွဲထုတ်လိုက်သည်။ သို့သော်လည်း ရီရီယွီနှင့် လီလန်တို့ထံ ပြေးဝင်လာသော လင်းနို့ နတ်ဆိုးနှစ်ကောင် ရှိနေသေးသည်။

သူတို့ နှစ်ယောက်လုံးသည် လင်းနို့နတ်ဆိုး၏ လုပ်ဆောင်ချက်များကို အချိန်မီ မတားဆီးနိုင်သဖြင့် ရှောင်တိမ်းလိုက်ရသည်။

"ဘုန်း...ဘုန်း..."

တစ်ချိန်တည်းမှာပင် ကျယ်လောင်သော အသံများကို ကြားလိုက်ရသည်။ အခန်းထဲမှ အရိပ်နှစ်ခု လွင့်ထွက်သွားပြီး စကြံပေါ်ရှိ နံရံနှင့် ပစ်ရိုက်သွားသည်။ ခဏလေးအတွင်းမှာပင် နံရံပေါ်တွင် ပင့်ကူမျှင်ကဲ့သို့ အက်ကွဲကြောင်းကြီး နှစ်ခု ပေါ်လာသည်။

ရီရီယွီ နှင့် လီလန်တို့သည် အငိုက်မိသွားပြီး နံရံနှင့် ထိမှန်သွားကြသည်။

လင်းနို့ နတ်ဆိုးနှစ်ကောင်က သူတို့ကို ထပ်မံတိုက်ခိုက်ရန် လုပ်လိုက်စဉ် သူတို့နှစ်ယောက်

ရှေ့၌ လန်စန်လော့ ရုတ်တရုတ် ပေါ်လာပြီး ပိတ်ရပ်လိုက်သည်။ ဓားကို လက်တစ်ဖက်တည်းနှင့် ကိုင်ပြီး လင်းနို့နတ်ဆိုးများကို ခုတ်ချလိုက်သည်။

လင်းနို့နတ်ဆိုးနှစ်ကောင်သည် အသတ်ခံရပြီး အနက်ရောင်သွေးများက နေရာအနှံ့ ပြန့်ကျဲသွားသည်။

လန်စန်လော့က သူ့လက်ထဲတွင် ကိုင်ထားသော ဟင်းသီးဟင်းရွက် အခြောက်ထုပ်ကို အဖိုးတန် ရတနာများအလား သတ်မှတ်ထားပြီး

သွေးများစွန်းထင်း သွားမည်ကို စိုးရိမ်၍ နောက်ပြန်ဆုတ် လိုက်သည်။

"အဟွန့်"

လီလန်သည် နံရံပေါ်ရှိ အုတ်နံရံမှ ကုန်းရုန်း ထကာ ချောင်းဆိုးလိုက်သည်။ ထို့နောက် ခန္ဓာကိုယ်ပေါ်တွင် ပေကျံနေသော ဖုန်မှုန့်များကို ပွတ်သပ်လိုက်ပြီး

"တော်တော်ညစ်ပတ်တဲ့ လှည့်ကွက်တွေ။ ငါ့တို့ကို ခိုးကြောင်ခိုးဝှက် တိုက်ခိုက်ရလား။ တိုက်ပွဲအတွက် အသင့်ဖြစ်မှ တိုက်ပါလားကွ"

ရီရီယွီကမူ မျက်နှာ ပုပ်သိုးနေပြီး တိတ်ဆိတ်နေသည်။ သို့သော်လည်း သူမ ခန္ဓာကိုယ်မှ အနီရောင်မီးလျှံများ စိမ့်ထွက်လာသည်။ ခဏများသာမက သူမတစ်ကိုယ်လုံး မီးလျှံများ တောက်လောင်နေပြီး ဒေါသ ထွက်နေပုံပင် ။

ရီရီယွီသည် နံရံမှ ထွက်လာပြီးနောက် အခန်းထဲကို ဖြည်းဖြည်းခြင်း လျှောက်သွားသည်။ ခြေလှမ်း တစ်လှမ်း လှမ်းလိုက်တိုင်း သူမခန္ဓာကိုယ်ပေါ်ရှိ မီးတောက်များက ပို၍ ပို၍ ပြင်းထန်လာသည်။

## အခန်း(၅၇၉) - နတ်ဘုရားတစ်ပိုင်း နှင်းဆီ။

လင်းဟွမ်သည် ရီရီယွီ ခန္ဓာကိုယ်ပေါ်က မီးလျှံများကို အစောပိုင်း ကတည်းက သိထားပြီးသား ဖြစ်သည်။ မီးတောင်ငရဲတွင် ရှိစဉ် အချိန်ကတည်းက မီးဒြပ်စင် မွန်းစတားအားလုံးကို သူမ၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံနှင့် ဖိနှိပ်နိုင်ကြောင်း သိရှိထားခဲ့သည်။ သို့သော်လည်း ရီရီယွီက မီးလျှံများနှင့် နောက်တစ်ကြိမ် တိုက်ခိုက်လာသောအခါ ကွဲပြားခြားနားသော ခံစားချက်များ ရရှိလာသည်။

မီးလျှံများ ဖုံးလွှမ်းနေသော ရီရီယို့သည် လောင်ကျွမ်းနေသော မီးလျှံနတ်သမီးတစ်ပါး ကဲ့သို့ ဖြစ်နေသည်။

လင်းနို့ နတ်ဆိုးများသည် သူမ၏ခေါးနှင့် မထိလျှင်ပင် မီးတောက်လောင်နေသော သူမခန္ဓာကိုယ်နှင့် အနည်းငယ် ထိတွေ့သွားရုံဖြင့် ချက်ချင်းမီးလောင်၍ ပြာဖြစ်သွားကြသည်။

လင်းနို့နတ်ဆိုး အများစုမှာ အပြာရောင် သို့မဟုတ် ခရမ်းရောင် မီးလျှံအဆင့်တွင် ရှိနေကြပြီး ရီရီယို့၏ တိုက်ခိုက်ရေး အဆင့်မှာ ကြက်သွေးရောင်

မီးလျှံအဆင့်တွင် ရှိနေသော်လည်း ထိုကွာခြားချက်က ဟန့်တားနိုင်ခြင်း မရှိခဲ့ပေ။ ရီရီယွီ၏ ခန္ဓာကိုယ်နှင့် ထိတွေ့မိသည့် လင်းနို့နတ်ဆိုးတိုင်း ခဏလေးအတွင်း ပြာ ဖြစ်သွားကြသည်။

ဤတစ်ကြိမ် မီးလျှံများနှင့် တိုက်ခိုက်မှုက ရီရီယွီ ပထမထပ်တွင် ပြသခဲ့သော စွမ်းရည်ထက် ပိုမို အစွမ်းထက်နေသည်။

ရီကျန်း၊ လျန်ယုရှင်းနှင့် လီလန်တို့သည် ယခုလက်ရှိ သူတို့မြင်နေရသော မြင်ကွင်းကြောင့် အံ့အော ထိတ်လန့် သွားကြသည်။ ရီရီယွီ

မီးလျှံများနှင့် ထိမိမည်စိုးရိမ်ပြီး သူမနှင့်ဝေးရာသို့ ရှောင်ရှားနေကြသည်။

"မီးလျှံတွေက ကြောက်စရာ ကောင်းလွန်းတယ်။ ရွှေရောင် မီးလျှံအဆင့် မွန်းစတားတွေတောင် အဲဒီမီးလျှံတွေကြောင့် ချက်ချင်း သေသွားတယ်ဟ။"

လင်းဟွမ်သည် ရီရီယွီကို အနိုင်ယူ၍ မရနိုင်သော မီးလျှံတစ်ခုကဲ့သို့ ခံစားနေရသည်။ သူမ ဒေါသထွက်လာပါက မည်သည့်အရာကိုမဆို လောင်ကျွမ်းပြာကျ ပစ်နိုင်သည်။ သူမအတွက်

မတ်တပ်ရပ်နေဖို့သာ လိုအပ်ပြီး တိုက်ခိုက်ရန်ပင် မလိုအပ်ချေ။

"သူမ အစွမ်းက အင်မော်တယ်အဆင့်တွေ အပေါ်မှာလည်း သက်ရောက်မှု ရှိမလားဆိုတာ သိချင်လာပြီ"

လင်းနို့နတ်ဆိုးများသည် သူတို့ထဲမှ အချို့က မီးလောင် သေဆုံးသွားသည်ကို မြင်သည်နှင့် ကျန်သည့် လင်းနို့နတ်ဆိုးများက ရီရီယွီကို တိုက်ခိုက်ရန် စွန့်လွှတ်လိုက်ကြသည်။ ထိုအစား

ရီကျန်းနှင့် ကျန်သည့်လူများကိုသာ စတင်တိုက်ခိုက်ကြတော့သည်။

သို့သော်လည်း ရီရီယွီသည် လင်းနို့နတ်ဆိုးများက သူမ၏ခေါင်းနှင့် မထိအောင်၊ သူမကို မတွေ့ဆုံအောင် ရှောင်တိမ်းရန် ကြိုးစားနေကြောင်း သတိထားမိသွားသည်။ သို့သော်လည်း အသုံးမဝင်ဘူးဟု ပြောရမည်သာ။

ထို့နောက် ရီရီယွီက သူမခေါင်းကို ပြန်သိမ်းပြီး ကံကြမ္မာစွမ်းအားနှင့် အနီရောင်မီးလျှံ ကြာပွတ်တစ်ခု ဖန်ဆင်းလိုက်သည်။ ကြာပွတ် တိုက်ခိုက်မှုက

ကြီးမားသော ဧရိယာကို လွှမ်းခြုံ တိုက်ခိုက်နိုင်သည်။ သူမ၏ မီးတောက်နေသော ကြာပွတ်မှာ လေထုကိုပင် တောက်လောင်စေ၍ အနီရောင် အလင်းတန်းများကို ဖြစ်ပေါ်စေသည်။

လင်းနို့နတ်ဆိုးများတွင် ကြောက်မက်စရာကောင်းသော အမြန်နှုန်းရှိသော်လည်း ကြာပွတ်တိုက်ခိုက်မှုအားလုံးကို ရှောင်တိမ်းရန် ခဲယဉ်းလှသည်။ သူတို့ထဲမှ အတော်များများသည် ရီရီယွို့ကြာပွတ်နှင့် ထိမှန်ပြီး မကြာခင် ပြာများဖြစ်သွားသည်။

ရီရီယွီက ကြာပွတ်ကို ဖော့ရမ်းလိုက်တိုင်း သူမ မျက်နှာပေါ်က စိတ်လှုပ်ရှားနေမှုကို အတိုင်းသား မြင်နေရသည်။

ထိုအချိန်၌ လင်းဟွမ်သည် ဆေဘာတာအိုကို ရွေးချယ်ခဲ့သော သူမရွေးချယ်မှုက မှားသည်ဟု မရေမရာ ခံစားလိုက်ရသည်။ ကြာပွတ်သည် သူမနှင့် အတော်လေး လိုက်ဖက်ပုံရသည်။

ယခုအခါ၌ ရီရီယွီက သူမစွမ်းရည်ကို ထုတ်ဖော်ပြီးနောက် တစ်ဖက်သတ် တိုက်ပွဲကြီး ဖြစ်လာခဲ့သည်။ တိုက်ပွဲ ပြီးဆုံးရန် ဆယ်မိနစ်ခန့်သာ

အချိန်ယူခဲ့ရပြီး လင်းနို့နတ်ဆိုး ငါးဆယ်ကျော်ကို သတ်ဖြတ်နိုင်ခဲ့သည်။

လင်းနို့နတ်ဆိုး၏ ကြွက်သားမျှင်များကို ဇီဝဗေဒဆိုင်ရာ လုပ်ငန်း တော်တော်များများတွင် ဈေးကောင်းကောင်းနှင့် ရောင်းချနိုင်သည်။

ကံဆိုးသည်မှာ အလောင်း အနည်းငယ်သာ အခြေအနေ ကောင်းမွန်တော့သည်။ ရီကျန်းနှင့် ကျန်သည့်လူများက အလောင်းဆယ်လောင်းသာ ကောက်ယူနိုင်ခဲ့ကြသည်။

"နောက်တစ်ခန်း သွားရအောင်။"

သူတို့ ရှင်းလင်းရေး လုပ်ပြီးသောအခါ လင်းဟွမ်က လန်စန်လေ့ကို ခေါင်းညိတ်ပြလိုက်သည်။

ရီရီယွီသည် စိတ်ကြိုက် တိုက်ခိုက်ပြီးနောက် ဒေါသများ ပြေပျောက်သွားခဲ့ပြီး ခန္ဓာကိုယ်ပေါ်ရှိ မီးလျှံများလည်း ပျောက်ကွယ်သွားကာ ပုံမှန်အခြေအနေကို ပြန်လည် ရောက်ရှိသွားသည်။

"ကြာပွတ်ကို မင်းရဲ့ နောက်ထပ်ကျွမ်းကျင်မှုတစ်ခုအနေနဲ့ လေ့ကျင့်ဖို့ အကြံပေးချင်တယ်”

စကြံ့တစ်လျှောက်တွင် လမ်းလျှောက်နေရင်း လင်းဟွမ်က အကြံပေးလိုက်သည်။

"ဆေဘာတာအိုမှာ ငါက အရည်အချင်း မပြည့်မီဘူးလို့ မင်း ထင်နေတာလား"

ရီရီယွီက လင်းဟွမ်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"အဲဒီလို မဆိုလိုပါဘူး။ မင်းက သေနတ်သမား မဖြစ်လာနိုင်တော့ အဝေးရောက် တိုက်ခိုက်မှုတွေမှာ အားနည်းနေတဲ့ မင်းရဲ့ အားနည်းချက်ကို ကြာပွတ်က ဖြည့်စည်းပေးနိုင်တယ်လေ"

လင်းဟွမ်က ပြန်ရှင်းပြလိုက်သည်။

“အဟွန့်…”

ရီကျန်းက သူတို့ စကားဝိုင်းကို နှောင့်ယှက်ချင်သဖြင့် ချောင်းဆိုးလိုက်သည်။

ရီရီယွီက ခေါင်းမော့ပြီး ရီကျန်းကို စိုက်ကြည့်လိုက်ပြီးနောက် သူမက

"ရိုးရိုးသားသား ပြောရမယ်ဆို ငါ ငယ်ငယ်တုန်းက ကြာပွတ်ကို အရမ်း ကြိုက်တယ်။ ဒါပေမယ့် ငါ့အဖေနဲ့အစ်ကိုက အဓိက လက်နက်အဖြစ်

ကြာပွတ်ကိုရွေးရင် ငါလက်ထပ်ဖို့ ခက်လိမ့်မယ် ဆိုပြီး ဝိုင်းပြောကြတာနဲ့ ဆေးဘာကျင့်စဉ်ကိုပဲ အဓိကထား သင်ယူဖို့ ဖြစ်လာခဲ့တာပဲ"

"ကြာပွတ်သုံးရင် လက်ထပ်ဖို့ ခက်ခဲမယ် ဟုတ်လား။"

မကြာခင် လင်းဟွမ်စိတ်ထဲ၌ ကြိုးနှင့် ချည်နှောင်ခြင်း ခံထားရသော အမျိုးသား တစ်ယောက်ကို အမျိုးသမီး တစ်ယောက်က ကြာပွတ်ဖြင့် ရိုက်နေသည့်မြင်ကွင်း ပေါ်လာသည်။

(အဲဒါက အကြောင်းပြချက်များ ဖြစ်နေမလား....)

"မလိုလားအပ်တဲ့ အတွေးတွေပါ။ မိန်းမတွေက သူတို့ကြိုက်တဲ့ လက်နက်ကို ရွေးချယ်ပိုင်ခွင့် ရှိတယ်။ နတ်ဘုရားတစ်ပိုင်း နှင်းဆီကတော့ ခြွင်းချက်ပေါ့။ နတ်ဘုရားတစ်ပိုင်း နှင်းဆီ မတိုင်ခင်က ကြာပွတ်ကို လက်နက်အဖြစ် သုံးတဲ့ အမျိုးသမီးတွေမှ အများကြီးပဲ။ အဲ့ဒီပြဿနာသာ မရှိခဲ့ရင် မင်းသုံးလည်း ဘာဖြစ်မှာလဲ။ ကြာပွတ်သုံးတာ ပုံမှန်ပါပဲ။ ဘာဖြစ်လို့ ပြဿနာတစ်ခုလို့ မြင်နေရတာလဲ။"

လျှန်ယုရှင်းက မေးလိုက်သည်။ ရီကျန်းကို ပြောချင်ပုံပင် ။

"နတ်ဘုရားတစ်ပိုင်း နှင်းဆီ ဟုတ်လား"

လင်းဟွမ်သည် သူမက မည်သူလဲဆိုသည်ကို မသိပေ။

သွေးရဲရဲလေးက လင်းဟွမ်အတွေးကို သိနေသဖြင့် ချက်ချင်း

"နတ်ဘုရားတစ်ပိုင်း နှင်းဆီဆိုတာက လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀၀) ကျော်က တည်ရှိခဲ့တဲ့ အရမ်း

အစွမ်းထက်တဲ့ အမျိုးသမီးတစ်ယောက်ပဲ။ သူမရဲ့ လက်နက်က အဆိပ်ပြင်းတဲ့ အဆူးတွေနဲ့ ကြာပွတ်နှစ်ချောင်းပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀၀) ကျော်က သူမရဲ့ခင်ပွန်းကို တစ်ခြား အမျိုးသမီးတစ်ယောက်နဲ့အတူ အိပ်ရာပေါ်မှာ ဖမ်းမိခဲ့တယ်။ အဲဒီနှစ်ယောက်ကို အသားအပိုင်းအစတွေ ဖြစ်အောင် ကြိတ်ချေ ထုထောင်းပြီးနောက် စိတ်မနှံ့တဲ့ လူတစ်ယောက် ဖြစ်လာခဲ့တယ်။ အဲဒီနောက်ပိုင်းမှာ သူမက အိမ်ထောင်သည် စုံတွဲတွေရဲ့ သတင်းအချက်အလတ်တွေကို လိုက်စုံစမ်းပြီး

အိမ်ထောင်ရေး ဖောက်ပြန်နေတဲ့ လူတစ်ယောက်ကို တွေ့တိုင်း ကြာပွတ် ပြစ်ဒဏ်ပေးတော့တာပဲ။ ဒီကိစ္စနဲ့ပက်သက်ရင် အဓိက ဇုန်ကလူတွေတောင် ကြောက်လန့်ရတယ်။"

"အဖွဲ့ခွဲ (၂) ရဲ့ ပြည်ထောင်စု ဥက္ကဋ္ဌက သူ့မိန်းမအပေါ် ဖောက်ပြန်ခဲ့လို့ သူ့ကို လူမြင်ကွင်းမှာ စိတ်ကြိုက် တိုက်ခိုက်၊ ရိုက်နှက်ပြီး သတ်ခွင့်မသာဘဲ ထွက်ပြေး သွားရတယ်။ အဲ့ဒီနောက်ပိုင်း နှစ်ပေါင်းများစွာ ကြာပြီးတဲ့နောက်မှာ အဖွဲ့ခွဲ (၂) တစ်ခုလုံးကို ဖျက်ဆီးဖို့

ရည်ရွယ်ချက်နဲ့ ကမ္ဘာပျက်အဆင့် မွန်းစတား အလုံးအရင်း ကျူးကျော်မှုတစ်ခုကို ဖန်းတီးဖို့ ပြင်ဆင်လာတယ်"

"နတ်ဘုရားတစ်ပိုင်းအဆင့် မွန်းစတား (၁၆) ကောင်လည်း အဲဒီမွန်းစတားအုပ်ကြီးထဲမှာ ပါတယ်။ မွန်းစတားအုပ်စုကြီးကလည်း တစ်ဒါဇင်ကျော် ရှိပြီး ဘေးကင်းရေး ဇုန်မှာရှိတဲ့ မွန်းစတား အများစုကလည်း သူတို့နဲ့ ပူးပေါင်းလာကြတယ်။ အဲ့ဒါကြောင့် အဖွဲ့ခွဲ (၂) တစ်ခုလုံး ပျက်စီးမလို ဖြစ်ခဲ့ရပေမယ့် အဖွဲ့ခွဲ (၃) နဲ့ အဖွဲ့ခွဲ (၁) က

တပ်ဖွဲ့ဝင်တွေရဲ့ ကျေးဇူးကြောင့် အဖွဲ့ခွဲ (၂) ကို မပျက်စီးအောင် ကာကွယ်နိုင်ခဲ့ကြတယ်"

"ဘုရားတစ်ပိုင်း နှင်းဆီက ပြည်ထောင်စု ဥက္ကဋ္ဌကို သတ်နိုင်ခဲ့တယ်။ ဒါပေမယ့် သူမလည်း ခြေကုန်လက်ပန်းကျနေပြီး တခြား နတ်ဘုရားတစ်ပိုင်းတွေရဲ့ သတ်ဖြတ်မှုကို ခံလိုက်ရတယ်။ ဒီကိစ္စက ပြီးသွားခဲ့တာ နှစ်ပေါင်းရာနဲ့ချီ ကြာမြင့်ခဲ့ပေမယ့် လူတွေက ကြာပွတ်ကို လက်နက်အဖြစ် ရွေးချယ်ဖို့ ရှောင်ရှား နေကြတုန်းပဲ။ အထူးသဖြင့် အမျိုးသမီးတွေက

ကြာပွတ်ကို အခိက လက်နက်အဖြစ် ရွေးချယ်တဲ့ အချိန်မှာပေါ့"

လင်းဟွမ်သည် သွေးရဲရဲလေး၏ ရှင်းပြချက်ကို နားထောင်ပြီးနောက် ထိုကိစ္စနှင့် ပက်သက်၍ နားလည်မှု လွဲသွားကြောင်း သိလိုက်ရသည်။

သို့သော်လည်း လျှန်ယုရှင်းကမူ ရီရီယွီကို ထောက်ခံနေသည်။

ရီကျန်းသည် လျှန်ယုရှင်းက ရီရီယွီကို ထောက်ခံနေသော်လည်း စကားမပြောဘဲ ရေငုံနှုတ်ပိတ် နေသည်။ သူအတွေးက

လွဲမှားနေကြောင်း သူသိသော်လည်း သူ့ဘက်တွင် သူ့အဖေ ရှိနေဆဲဖြစ်သဖြင့် ကြာပွတ် သင်ယူချင်သည့် ရီရီယို၏ ရည်ရွယ်ချက်များကို စွန့်လွှတ်ရန် အကြံပေးနိုင်ခဲ့သည်။

"နတ်ဘုရားတစ်ပိုင်း နှင်းဆီ ဖန်တီးခဲ့တဲ့ ပြဿနာကြောင့် အမျိုးသမီးတွေ ကြာပွတ် မသုံးသင့်ဘူးဆိုရင် ဓားလေးချောင်း ဖြစ်စဉ်အပြီးမှာ အမျိုးသားတွေလည်း ဓါး မသုံးသင့်ဘူးလို့ ဘာဖြစ်လို့ မတားမြစ် ခဲ့တာလဲ။ အဲ့ဒီကိစ္စ ဖြစ်ပြီးတဲ့နောက်မှာ

ခေါးသုံးတဲ့ လူအရေအတွက်က နှစ်ဆတောင် တိုးလာသေးတယ်”

လျှန်ယုရှင်းက ထိုကဲ့သို့ သောက်တလွဲ စံနှုန်းများကို မုန်းတီးသည်။

ရီကျန်းသည် သူ့အမှား သူသိသဖြင့် နှုတ်ဆိတ်နေသည်။ သူတို့ဘေးတွင် ရပ်နေသော လီလန်ကမူ သူနှင့် မအပ်စပ်သဖြင့် ဝင်မပြောဝံ့ပေ။

လင်းဟွမ်သည် ခေါးကို အဓိထားလေ့လာနေသောကြောင့် ခါးလေးချောင်း အဖြစ်အပျက်နှင့် ပက်သက်၍ ကောင်းကောင်း သိနေသည်။

လွန်ခဲ့သော နှစ်ပေါင်း (၄၀၀) ကျော်က ခေးလေးချောင်း ဟုခေါ်သော လူတစ်ယောက်က ကမ္ဘာပေါ်တွင် ခါးက အစွမ်းထက်ဆုံး လက်နက်ဟု ပြောဆိုခဲ့သည်။ သူ့လက်ထဲတွင် အနက်ရောင် ခါးတစ်ချောင်းကို အမြဲတမ်း ကိုင်ထားပြီး နေရာအသီးသီးက လူများကို စိန်ခေါ်ခဲ့သည်။

သူသည် အဖွဲ့ခွဲ (၃) မှ အဖွဲ့ခွဲ (၁) အထိ ခါးအသုံးမပြုသည့် လူအများစုကို စိန်ခေါ်ခဲ့ပြီး မည်သူမျှ သူ့ကို အနိုင်မယူနိုင်ခဲ့ပေ။

ခါးလေးချောင်းသည် သူ့ကို မည်သူမျှ အနိုင်မယူနိုင်ကြောင်း သိသွားပြီးနောက် အဖွဲ့ခွဲ (၃) ရှိ တားမြစ်နယ်မြေထဲ သွားကာ ချိတ်တံဆိပ်ကို ချိုးဖျက်ပြီး လွန်ခဲ့သော နှစ်ပေါင်း (၈၀၀) ကျော်က ချိတ်ပိတ်ထားခဲ့သည့် မွန်းစတားများကို လွှတ်ပေးခဲ့သည်။ နောက်ဆုံးတွင် သူသည် ပရိုတိုစ် (ပထမ မျိုးဆက်)ကို ခုနစ်ရက်နှင့် ခုနစ်ညတိုင်တိုင် တိုက်ခိုက်ခဲ့ပြီး ပင်ပန်းနွမ်းနယ်လွန်းသဖြင့် သေဆုံးသွားခဲ့သည်။

သူ၏ရှုးသွပ်သော လုပ်ရပ်များက အဖွဲ့ခွဲ (၃) ကို ကြီးမားသော ဘေးဒုက္ခများ သယ်ဆောင်လာခဲ့သည်။ ထိုအချိန်တွင် လူအများသည် ပထမမျိုးဆက် မွန်းစတားကို နှိမ်နင်းနိုင်ခဲ့သည့် တစ်ခုတည်းသော အကြောင်းပြချက်မှာ နတ်ဘုရားက သူတို့ကို ကူညီခဲ့သောကြောင့်ဟု ဆိုကြသည်။

သို့သော်လည်း ဓားလေးချောင်း ဖြစ်ရပ်ပြီးနောက် မည်သူကမျှ ဓား အသုံးပြုခြင်းကို တားမြစ်ရန် အကြံပြုခြင်း မရှိကြပေ။ ထိုအစား ဓါးလေ့ကျင့်သူ အရေအတွက်ပင် တိုးများ လာခဲ့သေးသည်။

အတိတ်က သန်မာသော ယောက်ျားများ အကြောင်း ပြောရမည်ဆိုလျှင် လင်းဟွမ်သည် ဤကမ္ဘာပေါ်တွင် မရေမတွက်နိုင်သော အရူးများ ရှိနေသည်ဟု တွေးလိုက်မိသည်။

"ရပါတယ်။ ဒါက အကြံလေးပေးရုံပါပဲ။ မင်းတို့တွေ ဘာဖြစ်လို့ ငြင်းခုံနေကြတာလဲ"

လင်းဟွမ်သည် အခြေအနေ တင်းမာလာသည်ကို မြင်လိုက်လျှင် ချက်ချင်း

"ဒီခတ်မှာတော့ ဘယ်သူမှ ဂရုမစိုက်တော့ဘူး။ ဒီနေရာထဲမှာလည်း ကြာပွတ်သုံးတဲ့ လူတွေ

အများကြီး ရှိတယ်။ ရီယို့ မင်းက ကြာပွတ်ကို လေ့ကျင့်ချင်ရင် လေ့ကျင့်နိုင်သေးတယ်။ ဒါပေမယ့် အဲဒါကို သင်ယူဖို့တော့ အချိန်နည်းနည်းလေး ပေးရလိမ့်မယ်။ ကြာပွတ်ကို မလေ့လာချင်ရင် တခြား အသေးအမွှားအရာတွေကိုလည်း မင်း လေ့ကျင့်လို့ ရသေးတယ်"

ကျန်သည့်လူများသည် ခဏမျှ ငြိမ်သက်နေလိုက်ကြသည်။ စကြံ်န်အဆုံးသို့ ရောက်သောအခါ တီလမ်းဆုံတစ်ခုကို ရောက်လာပြီး ညာဘက်သို့

လှည့်လိုက်ရာ မကြာခင် ဒုတိယမြောက် မွန်းစတားအခန်းကို ရောက်ရှိလာကြသည်။

## အခန်း(၅၈၀) - ခါးခြေထောက် တီကောင်

မြေအောက်ထပ် ဒုတိယအခန်းရှိ မွန်းစတားများမှာ ခါးခြေထောက် တီကောင်များ ဖြစ်ကြသည်။

ထိုမွန်းစတားများကို ကြည့်လိုက်ပါက ခါးခုတ်ကောင်နှင့် ဆင်တူသော်လည်း သူတို့တွင် ရှည်လျားသော ခြေတံခြောက်ခု ရှိသည်။ သူတို့ ဝမ်းဗိုက်နှင့် နောက်ခြေတွင်ရှိသော ခြေထောက်လေးချောင်းက ခုန်နိုင်စွမ်းကို ပိုင်ဆိုင်ထားသည်။

ထို့အပြင် မည်သည့်နေရာကိုမဆို တွယ်တက်နိုင်သည်။ သူတို့က ရှေ့ခြေထောက် ရှစ်ခုနှင့် တိုက်ခိုက်ကြပြီး ထိုလက်ချောင်း အသီးသီးက ဓါးကဲ့သို့ ထက်မြ၍ ထိပ်တန်းအဆင့် ဓါတ်ကြွင်းများနှင့်ပင် ယှဉ်နိုင်သည်။

အင်းဆက် အများစုသည် သူတို့ နောက်ကျောပေါ်၌ မျက်ကွယ်နေရာ တစ်ခု ရှိသည်။ သို့ သော်လည်း ဓါးခြေထောက် တီကောင်တွင် မရှိပေ။ တစ်စုံတစ်ယောက်က သူ့ကို =နောက်ကျောဘက်မှ တိုက်ခိုက်

လာခဲ့မည်ဆိုလျှင်ပင် ထိုတိုက်ခိုက်မှုများကို ခုခံကာကွယ်ရန်အတွက် သူတို့၏ ခါးခြေထောက်များကို (၁၈၀) ဒီဂရီလှည့်၍ ခုခံနိုင်ကြသည်။ ကျွမ်းကျင်သော ယောဂသမား တစ်ယောက်ကဲ့သို့ ပျော့ပြောင်းလှသည်။

မကြာခဏ လျစ်လျူရှုခံရသော ခါးခြေထောက် တီကောင်၏ စွမ်းရည်များထဲမှတစ်ခုမှာ သူတို့၏ အတောင်ပံများပင် ။ အမှန်တကယ်ဆို သူတို့ နောက်ကျောရှိ တောင်ပံတစ်စုံမှာ သူတို့ ခါးခြေထောက်များနှင့် တန်းတူညီတူ ထက်မြက်သော

ခါးသွား အတောင်ပံများ ဖြစ်သည်။ အတိအကျ ပြောရမည်ဆိုလျှင် သူတို့ ခန္ဓာကိုယ်ပေါ်တွင် ခါး (၈)ချောင်း ရှိသည် မဟုတ်ဘဲ ခါး (၁၀) ချောင်း နေရှိခြင်းပင်။

မုဆိုးအများစုသည် သူတို့၏ နာမည်ကြောင့် လှည့်စားခြင်း ခံရပြီး အတောင်ပံများနှင့် သတ်ဖြတ်ခြင်းကို ခံရတတ်ကြသည်။ သူတို့တွင် ပေါက်ကွဲထွက်နိုင်သော အရှိန်စွမ်းအား ရှိကာ မယုံကြည် နိုင်လောက်အောင် သတ်ဖြတ်နိုင်စွမ်း ရှိသည့် မွန်းစတားတစ်ကောင်ပင်။

အရွယ်ရောက်ပြီးသော ဓါးခြေထောက်တီကောင်၏ ကိုယ်ထည်သည် အလျားငါးမီတာခန့်ရှိပြီး အများစုက အပြာရောင် မီးလျှံအဆင့်ရှိကြသည်။ သူတို့ထဲမှ အချို့မှာ ခရမ်းရောင် မီးလျှံအဆင့် တက်လှမ်းပြီးနောက် အဆင့်တူများကြားထဲတွင် ထိပ်တန်းမှ ရပ်တည်နေကြသော မွန်းစတားများ ဖြစ်ကြသည်။ ရိုးရှင်းစွာ ပြောရလျှင် သူတို့၏ တိုက်ခိုက်ရေး အစွမ်းမှာ သူတို့အမှန်တကယ် ရှိနေသော တိုက်ခိုက်ရေး အဆင့်ထက် အဆင့်တစ်ဆင့် ပိုမြင့်မားသော အခြေအနေမှာ ရှိနေကြသည်။

ရီကျန်းနှင့် ကျန်သည့်လူများသည် ဒုတိယမြောက် အခန်းထဲမှ ဓါးခြေထောက် တီကောင်များကို တွေ့လိုက်လျှင် မျက်နှာ ပျက်သွားကြသည်။ အထူးသဖြင့် လီလန်ပင်။ ဤကဲ့သို့ မွန်းစတားမျိုးကို သတ်ပစ်ရန် မည်မျှ ခက်ခဲကြောင်း သူ သိနေသည်။

“ရှောင်ရီ၊ ရှောင်လီ သတိထား”

ရီကျန်းက သူတို့ နှစ်ယောက်ကို သတိပေးလိုက်သည်။

ခါးခြေထောက် တီကောင်များက လင်းနို့နတ်ဆိုးများနှင့် မတူဘဲ တိုက်ခိုက်ပါက သတ်ဖြတ်နိုင်စွမ်းပါ တွဲ၍ ပါလာတတ်ကြသည်။

လင်းဟွမ်နှင့် လန်စန်လော့တို့သည် သူတို့လေးယောက်နောက်မှ တည်တည်ငြိမ်ငြိမ် ရပ်ကြည့်နေသည်။ ဤကဲ့သို့ မွန်းစတားမျိုးကို စိတ်ထဲမထားချေ။

"လင်းဟွမ်၊ မင်း သတိထားနော်။ မင်းရဲ့ဆင့်ခေါ်မွန်းစတားက အရမ်းမြန်တော့

ဒီမွန်းစတားတွေကို သေသေချောချာ အာရုံစိုက်ခိုင်းထား”

လျန်ယုရှင်းသည် လင်းဟွမ်၏ အရည်အချင်းနှင့်ပက်သက်၍ မသေချာ မရေရာသောကြောင့် မျက်မှောင်ကြုတ်ပြီး စိုးရိမ်စိတ်နှင့် သတိလှမ်းပေးလိုက်သည်။ ထို့အပြင် လျန်ယုန်ရှင်းသည် ရီကျန်းက လင်းဟွမ်ကို ဘာကြောင့် သတိမပေးရလဲ ဆိုသည်ကို သိချင်နေသည်။ လန်စန်လော့က လင်းဟွမ်ကို ကာကွယ်ပေးရန် လုံလောက်သည်ဟု ရီကျန်းက ထင်နေသည်လော။

အမှန်တကယ်ဆို ရီကျန်းသည် လင်းဟွမ် သန့်ရှင်းမီးလျှံအဆင့် မတက်လှမ်းခင်က လင်းဟွမ်နှင့် တိုက်ခိုက်ခဲ့ဖူးသောကြောင့် သူ့ထက်များစွာ အားနည်းခြင်း မရှိနိုင်ဘူးဟု ခံစားရသည်။ အဆိုပါ လက်ရည်စမ်းတိုက်ပွဲတွင် ရီရီယွီက ပရိတ်သတ် တစ်ယောက် လုပ်ခဲ့ပြီး လင်းဟွမ်က မည်မျှ သန်မာကြောင်း သိခဲ့သည်။

လီလန်ကမူ မီးတောင်ငရဲတွင် ရှိစဉ်က လင်းဟွမ်စွမ်းရည်များကို မြင်တွေ့ ခဲ့ဖူးပြီး လင်းဟွမ်က မည်မျှ အားကောင်းနိုင်လည်း

ဆိုသည်ကို သေသေချာချာ မသိသော်လည်း သေချာသည်မှာ လင်းဟွမ်က သူ့ထက် အများကြီး ပို၍ သန်မာသည်။

လင်းဟွမ် ရွှေအဆင့် ပြည့်ဝအဆင့်တွင် ရှိစဉ်က လင်းဟွမ်၏ စွမ်းရည်ကို မမြင်ဖူးခဲ့သော တစ်ဦးတည်းသော လူမှာ လျန်ယုရှင်း တစ်ယောက်တည်းသာ ရှိသည်။ ထို့ကြောင့် သူမက လင်းဟွမ်အတွက် စိတ်ပူနေခြင်းပင်။

"စိတ်မပူနဲ့၊ လန်စန်လေ့က ဒီမွန်းစတားတွေကို ငါ့အနား လာခွင့်ပေးမှာ မဟုတ်ဘူး"

လင်းဟွမ်က ပြုံးပြုံးရွှင်ရွှင် ပြန်ဖြေလိုက်ပြီးနောက် ရီရီယွီနှင့် လီလန်တို့ကို လှမ်းပြောလိုက်သည်။

"ရီယွီ၊ လူအိုကြီး လီ၊ တာဆီးရုံပဲ လုပ်နော်။ အဝေးကြီး မသွားနဲ့"

လီလန်သည် သူ၏ သန်မာမှုက မလုံလောက်ကြောင်း သိသဖြင့် ရှူးရှူးမိုက်မိုက် မဝင်ရဲပေ။

ရီရီယွီသည် သူမ၏ မီးလျှံများကို ပြန်၍ အသက်သွင်းချင်သော်လည်း ထိုသို့ လုပ်ဆောင်ရန်

တွန့်ဆုတ်နေသည်။ သို့သော်လဲ သူမ မီးလျှံများ၏ အကျိုးသက်ရောက်မှုမှာ လေ့ကျင့်ရေး တိုက်ပွဲတစ်ခုထဲတွင် အသုံးပြုသင့်သည့် အရာ မဟုတ်သောကြောင့် သေသေချာချာ စဉ်းစားပြီးနောက် လက်လျှော့ရန် ဆုံးဖြတ်လိုက်သည်။

မကြာခင် ခါးသွား တီကောင်များသည် လင်းဟွမ်နှင့် ကျန်သည့်လူများထံ ထိုးဖောက်ဝင်ရောက်လာကြသည်။

ရီကျန်းနှင့် လျန်ယုရှင်းတို့က ရှေ့တန်းတွင် ရှိနေပြီး ရီရီယွီနှင့် လီလန်တို့၏ ကာကွယ်ရေး စည်းနှင့် မဝေးသောကြောင့် မွန်းစတားအုပ်ကြီးက ကျော်ဖြတ်လာသည်။ ထိုမွန်းစတားများ နောက်တွင် မွန်းစတားများ ရှိနေကြသည်။

ဤကဲ့သို့ အခြေအနေတွင် သူတို့ လေးယောက်ကြားမှ အရည်အချင်း ကွာဟချက်မှာ ကြီးမားလာခဲ့သည်။

လီလန်၏လှံရှည်သည် အရှည် သုံးမီတာခန့် ရှိသော လှံကြီးအဖြစ် ပြောင်းလဲသွားသည်။ သူ၏

တိုက်ခိုက်ရေးအစွမ်းက ဓါးသွား တီကောင်နှင့် လက်ရည်တူနေသည်။

အခြားတစ်ဖက်တွင်မူ ရီရီယွိသည် နှစ်ဖက်ပိတ်ညှပ် ခံထားရသောကြောင့် သူမ၏ ဓါးသွားက စတင်၍ မီးတောက်လာသည်။

လျှန်ယုရှင်းက လက်နှစ်ဖက်တွင် ဓါးတစ်ချောင်းဆီ ကိုင်ထားသည်။ ဓါးများကို ရေခဲနှင့်မီး ဒြပ်စင်များ ဖုံးအုပ်ထားသည်။ သူမသည် ဆန့်ကျင်ဘက် ဒြပ်စင်နှစ်ခုကို အသက်သွင်းထားပြီး ပေါက်ကွဲသံ တစ်ခု ထွက်ပေါ်လာသည်နှင့်

မွန်းစတားအုပ်ကြီးထဲ ပြေးလွှား ဝင်ရောက်သွားသည်။ သူမ ဖြတ်သန်းသွားသည့် အခိုက်အတန့်၌ မွန်းစတားများ နောက်ဆုတ်သွားကြသည်။

အခြားတစ်ဖက်တွင်မူ ရီကျန်း၏ လက်ထဲမှ ဓါးရှည်ကို ပစ်လွှတ်လိုက်သော်လည်း ဓါးသည် လေထဲတွင် ဂငယ်ကွေ့ ကွေ့ပြီး သူ့လက်ထဲ ပြန်ရောက် လာသည်။ ထိုဖြစ်စဉ်အတွင်း၌ ထက်ရှသော ဓါးသွားက မွန်းစတားများ၏ ခန္ဓာကိုယ်ကို ဖြတ်တောက်သွားသည်။

နောက်ဆုံး၌ လျှန်ယုရှင်းနှင့် ရီကျန်းတို့သည် သူတို့၏ အရည်အချင်း အစစ်အမှန်ကို ထုတ်ဖော်ပြသလာကြသည်။ ရီရီယွီနှင့် လီလန်တို့သည် တိုက်ပွဲအတွင်း ဝင်ရောက်ကူညီနိုင်ခြင်း လုံးဝ မရှိသောကြောင့် သူတို့၏ စွမ်းရည်များကို ထိန်ချန်ထားခြင်း မလုပ်နိုင်ကြတော့ချေ။

ရိုးသားစွာပြောရလျှင် လျှန်ယုရှင်းမှာ စွမ်းအင်ဂုဏ်သတ္တိ နှစ်ခုရှိပြီး ရီကျန်း၏ဆေဘာမှာ လွှမ်းမိုးနိုင်စွမ်း ရှိနေသည်။ ထိုအရာကို လင်းဟွမ်

တစ်ခါမှ မမြင်ဖူးသလို သူ့ မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီ။

လျှန်ယုရှင်း၏ ယခုလက်ရှိ တိုက်ခိုက်မှုများက ထိရောက်နေသည်။ သူမက မွန်းစတားများကို ရေခဲနှင့် အေးခဲပြီး မီးနှင့်သတ်ပစ်သည်။ ထို့အပြင် ရေခဲဓါးကို ခံစစ်လက်နက်အဖြစ် အသုံးပြုပြီး မီးဓါးနှင့် တိုက်ခိုက်သည်။ သို့သော်လဲ လင်းဟွမ်သည် ဒါက ထိုစွမ်းအင် ဂုဏ်သတ္တိနှစ်ခု၏ အရိုးရှင်းဆုံးပုံစံ တစ်ခုသာ ဖြစ်ကြောင်း သိရှိထားသည်။

လျှန်ယုရှင်းထံတွင် ပိုအစွမ်းထက်သော ဝှက်ဖဲများ ရှိအုံးမည်။

ရီကျန်း၏ ဆေဘာလွှမ်းမိုးခြင်း စွမ်းရည်ကို မြင်ပြီးကတည်းက ဆေဘာလွှမ်းမိုးခြင်း စွမ်းရည်အကြောင်းနှင့် ပက်သက်၍ ပြောစရာ မလိုတော့ချေ။

ရီကျန်းသည် ဆေဘာလွှမ်းမိုးမှု စွမ်းရည်ကို ထုတ်ဖော်ရန် မွန်းစတားများ အနားနီးကပ်လာသည့် အချိန်မှ အသုံးပြုခဲ့ပြီး ဘာကြောင့် ဆေးဘာ

အနည်းငယ် မဖန်ဆင်းရလဲ ဆိုသည်ကို သိချင်နေခဲ့သည်။

သို့သော်လည်း လင်းဟွမ်သည် ရီကျန်းက ဓါးတစ်ချောင်းတည်းကိုပင် အဆင်ပြေ ချောမွေ့အောင် မထိန်းချုပ်နိုင်ကြောင်း မြင်လိုက်မှ သူ့ဘက်က မျှော်လင့်ချက်ကြီးစွာ ထားနေမိကြောင်း သဘောပေါက်သွားသည်။ ရီကျန်း၏ ဓါးစိုးမိုးမှု စွမ်းရည်မှာ မွန်းစတားထံမှရရှိသော စွမ်းရည်နှင့် သိသိသာသာ ကွဲပြားနေသည်။ ထိုအစား သူဘာသာသူ လေ့ကျင့်ထားခြင်းပင် ။

ရီကျန်းနှင့် တိုက်ခိုက်ခဲ့ဖူးသော လင်းဟွမ်သည် ဒါက ရီကျန်း၏ အစွမ်းထက်ဆုံး စွမ်းရည် မဟုတ်သေးကြောင်း ရှင်းရှင်းလင်းလင်း သိနေသည်။ သို့သော်လည်း ယခုလက်ရှိ အခြေအနေတွင် ဒါသည် အထိရောက်ဆုံး စွမ်းရည် ဖြစ်လိမ့်မည်။

ဓါးသွားခြေထောက် တီကောင်၏ အရှိန်နှင့် အမြန်နှုန်းကြောင့် ပုံမှန်ဆေဘာနှင့် တိုက်ခိုက်ပါက သေဆုံးရန် ခဲယဉ်းလှသည်။

ထိုစဉ် ဓါးသွားခြေထောက် တီကောင် တစ်ကောင်သည် လျှန်ယုရှင်းအား

တိုက်ခိုက်နေခြင်းကို ရုတ်တရုတ် စွန့်လွှတ်လိုက်သည်။ ထို့နောက် ပစ်မှတ်ပြောင်းလဲပြီး လီလန်ထံ ပြေးဝင် တိုက်ခိုက်လိုက်သည်။ ၎င်း၏ ခြေလက် အစိတ်အပိုင်းများက ပြင်းထန်သော ပေါက်ကွဲစွမ်းအားနှင့်အတူ ဆန့်ထွက်လာပြီး လီလန်က လှံကို အချိန်မှီ မဖော့ရမ်းနိုင်ခင် မျက်စိတစ်မှိတ်အတွင်း၌ လီလန်ရှေ့တွင် ဖျတ်ခနဲ ပေါ်လာသည်။

"သောက်ကျိုးနဲ ငါတော့ သေပြီ"

လီလန်၏ စိတ်ထဲတွင် သူ အပိုင်းပိုင်း အဖြတ်ခံနေရသော မြင်ကွင်းများ မြင်ယောင်လာသည်။ ထိုစဉ် လေထဲတွင် အနီရောင် အလင်းတန်းတစ်ခု ဖျတ်ခနဲလက်လာပြီး လီလန်ကို တိုက်ခိုက်ရန် ကြိုးစားလာသော ဓါးခြေထောက် တီကောင်မှာ ချက်ချင်း ပေါက်ကွဲသွားသည်။ ဖရဲသီးတစ်လုံးကို သေနတ်နှင့် ပစ်ခတ်၍ ဖောက်ခွဲလိုက်သကဲ့သို့ပင်။

ဓါးခြေထောက် တီကောင် အသေကောင် မြေပေါ်သို့ ပြုတ်ကျသွားသည်ကို မြင်လိုက်လျှင်

လီလန်က နောက်ပြန်လှည့်၍ လင်းဟွမ်ကို ကြည့်လိုက်သည်။

ထုံးစံအတိုင်းပင် လင်းဟွမ်က စကြံ့တွင် မတ်ရပ်နေပြီး လက်ပိုက်ကာ တိုက်ပွဲကို အေးအေးဆေးဆေး ကြည့်နေသည်။ လန်စန်လော့ကမူ ဟင်းသီးဟင်းရွက် ခြောက်များကို ပါးစပ်ထဲပစ်ထည့်နေပြီး ဘာမှ မဖြစ်ခဲ့သလိုပင်။

"ဟော့ တိုက်ပွဲ တိုက်ခိုက်နေတဲ့အချိန်မှာ အာရုံ မထွေပြားနဲ့"

မကြာခင် လင်းဟွမ်၏ အပြစ်တင်သံကို ကြားလိုက်ရသည်။ ထို့နောက် လီလန်သည် သူ့အကြည့်များကို တိုက်ပွဲအတွင်းသို့ ပြန်ပြောင်းလိုက်သည်။ သို့သော်လည်း အချိန်ကြာသည့်အထိပင် သူ့စိတ်ကိုသူ တည်ငြိမ်အောင် မထိန်းနိုင်သေးချေ။ လန်စန်လော့ သန်မာကြောင်း သိပြီးသား ဖြစ်သော်လည်း စက္ကန့်ပိုင်းအတွင်း၌ ဓါးခြေထောက် တီကောင်ကို သတ်ဖြတ်နိုင်သည့် အချက်က သူ့ကို ထိတ်လန့်သွားစေသည်။

ဤတိုက်ခိုက်မှုကို ရှောင်တိမ်းရန် မပြောနှင့် ပြန်၍တိုက်ခိုက်ရန်ပင် အခွင့်အရေး မရခဲ့ချေ။ လန်စန်လော့၏ တိုက်ခိုက်မှုက ဓါးခြေထောက် တီကောင် ဦးခေါင်းထဲ ထိုးဖောက် ဝင်ရောက်သွားသောအခါမှသာ တုန့်ပြန်နိုင်ခဲ့သည်။ ပြောရမည်ဆိုလျှင် လန်စန်လော့က သူ့ကို စက္ကန့်ပိုင်းလေးအတွင်း၌ သတ်ဖြတ်နိုင်သည်။

(လင်းဟွမ် ကိုယ်တိုင်က လန်စန်လော့ကို အနိုင်ယူနိုင်ပါ့မလား"

လီလန်စိတ်ထဲ သံသယ ဝင်လာသည်။ နောက်ထပ် တစ်စက္ကန့်တွင် သူ့စိတ်ထဲက သံသယကို ပြန်ငြင်းလိုက်သည်။

"လင်းဟွမ်က အဖြူရောင်မီးလျှံအဆင့်ပဲ ရှိသေးတယ်။ လန်စန်လော့ကို မယှဉ်နိုင်ဘူး"

ဒုတိယမြောက် အခန်းထဲမှ တိုက်ပွဲသည် နာရီဝက်ခန့် ကြာသောအခါ ပြီးဆုံးသွားခဲ့ပြီ။

လီလန်နှင့် ရီရီယွီတို့ကို တိုက်ခိုက်ရန် ကြိုးစားလာခဲ့သည့် မွန်းစတား အချို့ကို လန်စန်လော့က စက္ကန့်ပိုင်းလေးအတွင်း သတ်ပစ်

ခဲ့သည်။ ထို့နောက် ကျန်သည့်ခါးခြေထောက် တီကောင်များသည် ထူးခြားသောအရာ တစ်ခုခု ရှိနေပြီဟု ခံစားမိပုံရပြီး ဆက်လက် မတိုက်ခိုက်ရဲကြတော့ချေ။

နာရီဝက်ခန့် တိုက်ခိုက်ပြီးနောက် ရီကျန်းနှင့် လျန်ယုရှင်းတို့သည် ခါးခြေထောက် တီကောင် (၆၀)ကျော် သတ်ဖြတ်ခဲ့ကြသည်။

ခါးခြေထောက် တီကောင်၏ ခြေထောက်များမှာ သူတို့ခန္ဓာကိုယ်တွင် တန်ဖိုး အရှိဆုံး အစိတ်အပိုင်းများ ဖြစ်ကြသည်။ ဒါသည် ခါး

အမျိုးအစား ဓါတ်ကြွင်းများ ပြုလုပ်ရာတွင် အဓိက အသုံးပြုသော ကုန်ကြမ်းပစ္စည်းများထဲမှ တစ်ခုပင် ။

ထိုဓါးခြေထောက် ရှစ်ချောင်းကို အဆင့်မြင့် အဆင့် ဓါတ်ကြွင်း နှစ်ခုနှင့် ရောင်းချနိုင်သည်။ ဒါသည် ငွေများကို ခိုးယူနေရသလို ငွေရလွယ်ကူလှ၏။ သူတို့သည် ဓါးခြေထောက် တီကောင် အလောင်းများကို သိမ်းဆည်းပြီးနောက် နောက်တစ်ခန်းသို့ သွားကြသည်။

## အခန်း(၅၈၁) - မြေအောက် တတိယအထပ်။

လင်းဟွမ်နှင့် ကျန်သည့်လူများက ဒုတိယ အထပ်ရှိ အခန်း (၁၂) ခန်းကို ရှင်းလင်းပြီးသောအခါ အချိန်မှာ ညနေ (၆) နာရီထိုးနေခဲ့ပြီ။ အပြာရောင် မီးလျှံအဆင့်နှင့် ခရမ်းရောင် မီးလျှံအဆင့် မွန်းစတားများသည် ကံကြမ္မာကို အံမတုနိုင်ဘဲ လက်မြှောက် အရှုံးပေး၍ သေဆုံးခဲ့ကြရသည်။ သူတို့၏ အဆုံးစွန်ဆုံး လှုပ်ရှားမှုများ အပြင်

ရီကျန်းနှင့် လျန်ယုရှင်းတို့က သူတို့၏ စွမ်းရည် အကုန်လုံးကို အသုံးပြုခဲ့ရသည်။

လင်းဟွမ်သည် သူတို့လေးဦးထဲတွင် ရီကျန်းက အစွမ်းအဆ အရှိဆုံးဖြစ်ပြီး အင်မော်တယ်အဆင့် (၁)ကိုပင် သတ်ဖြတ်နိုင်ကြောင်း သတိထားမိသည်။ သူသည် အင်မော်တယ်အဆင့် မဟုတ် သေးသော်လည်း ရွှေရောင် မီးလျှံအဆင့် မွန်းစတားများထက် ပို၍ အစွမ်းထက်သည်။

ရီရီယွီနှင့် လီလန်တို့၏ တိုက်ခိုက်ရေးအဆင့်မှာ ခရမ်းရောင် မီးလျှံအဆင့်မှာသာ ရှိသောကြောင့်

အကန့်အသတ် ရှိနေသည်။ အကယ်၍ ရီရီယွီသာ သူမ၏ အဆုံးစွန်ဆုံး တိုက်ခိုက်ရေးအစွမ်းကို ထုတ်သုံးပါက လျှန်ယုရှင်းစွမ်းရည်နှင့် ခပ်ပါးပါး ယှဉ်နိုင်သည်ဟု လင်းဟွမ် ပြောနိုင်သည်။

အခန်း (၁၂) ခန်းကို ရှင်းလင်းသုတ်သင်သည့်အချိန်၌ လန်စန်လေ့သည် များများစားစား မတိုက်ခိုက်ခဲ့ပေ။ သူ ပါဝင်ခဲ့သော နှစ်ကြိမ်မှာ ရီရီယွီနှင့် လီလန်တို့ကို ကာကွယ်ရန်အတွက် အလစ်ချောင်း

တိုက်ခိုက်လာသော မွန်းစတားများကို တိုက်ခိုက်ပေးခဲ့ခြင်းသာ။

လန်စန်လော့၏ ကာကွယ်မှုအောက်တွင် သူတို့နှစ်ယောက်သည် မွန်းစတားများကို တစ်ကောင်ချင်းစီ ထိပ်တိုက်ရင်ဆိုင်၍ တိုက်ခိုက်နိုင်ခဲ့ကြသည်။ ဒါသည် သူတို့စွမ်းရည်ကို လေ့ကျင့်ရန်အတွက် အကောင်းဆုံး အခွင့်အရေးပင်။

သို့သော်လည်း လင်းဟွမ်ကမူ လုံးဝ မတိုက်ခိုက်ခဲ့ပေ။ ခံစစ်စည်းကို ဖြတ်ကျော်လာသော

မွန်းစတားအားလုံးမှာ လန်စန်လော့လက်ချက်ကြောင့် သေဆုံးသွားခဲ့ပြီ။

မြေအောက် တတိယအထပ်သို့ ဝင်သော ဝင်ပေါက်မှာ ဒုတိယအထပ်ရှိ စတုတ္ထမြောက် အခန်းပင် ။ အခန်း (၁၂) ခန်းကို ရှင်းလင်းပြီးနောက် စတုတ္ထမြောက် အခန်းကို ပြန်သွားကာ ကျောက်လှေကားမှ တစ်ဆင့် ဆင်းလာကြသည်။

"ရှောင်ရီ၊ ရှောင်လီ မင်းတို့တွေ တတိယအထပ် တိုက်ပွဲမှာ မပါဝင်နိုင်တော့ဘူး။ ဒီတော့ ဘေးကင်းအောင်နေပြီး စောင့်ကြည့်နေကြ"

ရီကျန်းက သူတို့နှစ်ယောက်လုံးကို သတိပေးလိုက်သည်။

"ငါ့ရဲ့မီးလျှံကို အသုံးပြုလို့ရတယ်"

ရီရီယွီက တိုက်ပွဲဝင်ရန် စိတ်အားထက်သန်နေသည်။

"ရှောင်ရီ၊ ဒီဟင်းလင်းပြင် အပျက်အဆီးထဲ ငါတို့လာရတဲ့ အဓိက ရည်ရွယ်ချက်က ငါတို့ရဲ့ တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ဖို့ပဲ။ ရတနာတစ်ခုခု ရလာတာလဲ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါပေမယ့် မင်းရဲ့တိုက်ခိုက်ရေး အရည်အချင်းကို

မြင့်တင်မယ့်အစား မီးလျှံကိုပဲ အားကိုးနေရင် မင်းပဲ ဆုံးရှုံးသွားမှာပေါ့။ မီးလျှံအစား မင်းရဲ့ အခြေခံ အုတ်မြစ်ကို အားကောင်းအောင် ပိုလုပ်သင့်တယ်။ သေရေးရှင်ရေး အချိန်ကျမှသာ မီးလျှံကို အသုံးပြုသင့်တယ်”

ရီကျန်းက သူ့ညီမကို ထိုကဲ့သို့ အခိုင်အမာ ပြောဆိုနေသော်လည်း ရီရီယွီက သူမ အရည်အချင်းကို စမ်းသပ် ချင်နေကြောင်း သိနေသည်။ ရီရီယွီသည် ထိုစကားများကို ကြားသောအခါ တိတ်ဆိတ်သွားပြီး

ယခုလက်တလော၌ မီးလျှံများအပေါ်၌ အားကိုးနေခဲ့ကြောင်း သတိပြုမိလိုက်သည်။

“အောက်ထပ်မှာ ရွှေရောင် မီးလျှံအဆင့် မွန်းစတား လေးကောင်ရှိတယ်။ မင်းအစ်ကိုနဲ့ မစ္စလျန်က ကိုင်တွယ်နိုင်ပါတယ်။ စိတ်မပူနဲ့ သူတို့ မလုပ်နိုင်ရင်တောင် ငါ တစ်ယောက်လုံး ဒီမှာ ရှိပါသေးတယ်”

လင်းဟွမ်သည် အနေရခက်နေသော အခြေအနေကို သတိထားမိပြီး ဝင်ပြောလိုက်သည်။

"ဒါဆိုရင် ငါတို့ ဘယ်လိုလုပ်ကြမလဲ။ ငါတို့ တစ်ယောက်ကို မွန်းစတား နှစ်ကောင်စီ...."

လျှန်ယုရှင်းသည် လှေကား အဆုံးနားတွင် ရှိနေသော ရီကျန်းကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ငါ မွန်းစတားသုံးကောင်က ယူမယ်။ မင်းက တစ်ကောင်သတ်လိုက်။ အဲ့ဒါပြီးမှ ငါ့ကို လာကူညီ၊ ဒါဆိုရင် ပိုထိရောက်လိမ့်မယ်"

ရီကျန်းက အကြံ ပြုလိုက်သည်။ လှေကားအဆုံးသို့ ရောက်သောအခါ ကြီးမားသော အခန်းကြီးထဲ ရောက်သွားသည်။ အခန်း၏

အရွယ်အစားမှာ မြေအောက် ဒုတိယအထပ်ရှိ အခန်းများထက် နှစ်ဆ ပိုကြီးသည်။

အခန်းထဲသို့ ရောက်သောအခါ မျက်လုံးအစုံပေါင်းများစွာက သူတို့ခြောက်ယောက်ကို မတူညီသောနေရာအသီးသီးမှ ကြည့်နေကြသည်။ အခန်းထောင့်လေးခုတွင်ရှိနေသော မွန်းစတား လေးကောင်သည် အခန်းအလယ် ရောက်လာကြသည်။

"ကြည့်ရတာတော့ ငါတို့တွေ မွန်းစတားနှစ်ကောင်စီ သတ်ရတော့မယ် ထင်တယ်"

ရီကျန်းက အနေရခက်စွာပြုံးပြီး သူတို့ထံ ပြေးဝင်လာသော မွန်းစတားနှစ်ကောင်ကို လှမ်းကြည့်လိုက်သည်။

လျန်ယုရှင်းက စကားတစ်ခွန်းမှ မပြောဘဲ သူတို့ထံ ပြေးဝင်လာသော မွန်းစတား နှစ်ကောင်ဆီ ပြေးဝင်သွားသည်။

မွန်းစတားလေးကောင်မှာ ကြက်သွေးမျက်လုံး ကင်းမီးကောက်၊ ခရမ်းမြူခိုး ပင့်ကူ၊ ဆတ်ဆတ်ကြဲ သုတ်ကောင်နှင့် အပုပ်ကောင်စား မြင်းခွာဂဏန်းတို့ ဖြစ်ကြသည်။ အားလုံးက အဆိပ်ရှိကြပြီး

အထူးသဖြင့် ဆတ်ဆတ်ကြဲ သုတ်ကောင်က ကိုင်တွယ်ရန် မလွယ်ကူပေ။

ရီရီယွီသည် လှမ်းကြည့်ပြီး ကြက်သီးမွေးညင်းများ ထလာသည်။

ကြက်သွေးမျက်လုံး ကင်းမီးကောက်သည် ငါးမီတာကျော် ရှည်လျားပြီး ကြည်လင်၍ ထွင်းဖောက်မြင်ရသော သလင်းကျောက် ခန္ဓာကိုယ်မျိုး ရှိသည်။ ၎င်း မျက်လုံးနှင့် အမြီးများသည် အဖိုးတန် ကျောက်မြတ်ရတနာ တစ်ခုကဲ့သို့ နီရဲတောက်ပနေသည်။ ရုပ်ဆိုးခြင်း

မဟုတ်ဘဲ လက်ရာမြောက်သော အနုပညာပစ္စည်း တစ်ခုကဲ့သို့ပင် ။ သို့သော်လည်း ဤမွန်းစတားကို အိမ်တွင် အနုပညာလက်ရာ တစ်ခုအဖြစ် ထားရှိရန် ခက်ခဲ ပေသည်။

ကြက်သွေးမျက်လုံး ကင်းမီးကောက်သည် အစွယ်ရောက်သည်နှင့် ရွှေရောင် မီးလျှံအဆင့်သို့ ရောက်ရှိပြီး အလွန်လျင်မြန်သော အရှိန် ရှိသလို အဆိပ် ပြင်းထန်လှ၏။ အင်မော်တယ် အဆင့် (၂) ရောက်နေသည့် လူများပင် ရင်မဆိုင်ဝံ့ပေ။ ၎င်းအမြီးတွင် သိုလှောင်ထားသော အဆိပ်မှာ

အင်မော်တယ် အဆင့် (၃) များကိုပင် သတ်ဖြတ်နိုင်စွမ်းရှိသည်။

ခရမ်းမြူခိုးပင့်ကူမှာ ခြေတံ ရှည်လျားပြီး ခန္ဓာကိုယ်ကို ခရမ်းရောင် အဆိပ်အခိုးအငွေ့များ ဝန်းရံထားသည်။ အင်မော်တယ်အဆင့် အောက်ရှိ သက်ရှိများသည် ထိုအခိုးအငွေ့ကို ရှူလိုက်ရုံဖြင့် သေဆုံးနိုင်သည်။ ထို့အပြင် ၎င်း၏အစွယ်နှင့် ခြေထောက်များတွင် တစ်နှစ်ပတ်လုံး ပြင်းထန်သော အဆိပ်အခိုးအငွေ့များ ဖုံးလွှမ်း နေသောကြောင့်

အင်မော်တယ်အဆင့်နှစ် အောက်ရှိ လူသားများကို သတ်ဖြတ်နိုင်သည်။

ခရမ်းမြူခိုးပင့်ကူသည် မည်သည့် သက်ရှိကိုမဆို ချေးပေါက်ထဲ စိမ့်ဝင်နိုင်သော အဆိပ်များကို ထုတ်လွှင့် နိုင်စွမ်းရှိသည်။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် အဆိပ်သင့်သော နေရာရှိ အရိုးများအားလုံး ပျက်ဆီး သွားလိမ့်မည်။ ထို့အချက်ကြောင့်လည်း အင်မော်တယ်အဆင့် လူများက ရန်မစ ချင်ကြခြင်းပင် ။

ထိုအချိန်၌ ဆတ်ဆတ်ကြဲ သုတ်ကောင်သည် ရောင်စုံအဆူးများနှင့် ဖုံးလွှမ်းထားသည့် ခုနှစ်မီတာ၊ ရှစ်မီတာခန့် ရှည်လျားသော သံကောင် တစ်ကောင်နှင့် ဆင်တူသည့် မွန်းစတား ဖြစ်သည်။ ဤမွန်းစတား၏ အဆူးများထဲတွင် အဆိပ် အမျိုးအစားပေါင်း ထောင်ပေါင်းများစွာ ပါဝင်သည်။ အဆိပ်များသည် အဆိပ်တစ်ခုနှင့်တစ်ခု ပေါင်းစပ်၍ ရောထွေးနေသောကြောင့် ကုသ၍ မရလောက်အောင် ရှုပ်ထွေးလှသည်။

တိုက်စစ် အပိုင်းတွင် နေ့းကွေးပြီး အားနည်းသော်လည်း ကိုင်တွယ်ရ ခက်ခဲသည်။ အဆိပ်ရှိသော ဆူးများအပြင် ၎င်း၏ခန္ဓာကိုယ်ကို အကြိမ်ပေါင်း ရာနှင့်ချီပြီး ခွဲထုတ်နိုင်သည်။ အထူးသဖြင့် ကျဉ်းကြပ်သော နေရာများ၊ အကန့်အသတ်ရှိသော နေရာများတွင် ကိုင်တွယ်ရ ခက်ခဲသည်။

နောက်ဆုံးတစ်ကောင်မှာ ဆယ်မီတာ နီးပါးခန့် ရှိသော အပုပ်ကောင်စား မြင်းခွာဂဏန်းပင်။ အလောင်းများနှင့် ဒြပ်စင်စွမ်းအင် မျိုးစုံကို

စားသုံးသည်။ ဒြပ်စင်စွမ်းအင် စားသုံးခြင်း အပေါ်မူတည်၍ သူတို့ခန္ဓာကိုယ်များက ကွဲပြား သွားကြသည်။ လုံလောက်သော ဒြပ်စင် စွမ်းအင်များကို စားသုံးပြီးနောက် ဒြပ်စင်စွမ်းရည်ကို ရရှိစေပြီး တွင်းထွက်သတ္တုများကို စားသုံးပါက ထူထဲခိုင်မာသော ခုခံနိုင်စွမ်းကို ရရှိစေသည်။

ငင်းသည် မတူညီသော ဒြပ်စင်သတ္တုများနှင် ဒြပ်စင်စွမ်းအင်များကို စားသုံးခြင်းမှ စွမ်းရည်အမျိုးမျိုးကို ရရှိနိုင်သည့် တစ်မူထူးခြားသော သက်ရှိပင် ။

ယခုလက်ရှိ သူတို့ စိုက်ကြည့်နေသော အပုပ်ကောင်စား မြင်းခွာဂဏန်းမှာ ငွေသတ္တုများကို စားသုံးပြီး ငွေရောင်အလင်းများ တလက်လက် တောက်ပနေသည်။ ၎င်း၏ ခံစစ်စွမ်းရည်က ကြောက်စရာ ကောင်းနေမှာ အသေအချာပင်။

ထုံးစံအတိုင်း အဆိပ်ကလည်း ပြင်းထန်သည်။ ၎င်း၏ ကိုက်ခြင်းကို ခံရသည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်မှာ ဆွေးမြေ့၍ ပုပ်ပွလာပြီး နောက်ဆုံး၌ သေဆုံးရသည်။

လင်းဟွမ်သည် မွန်းစတားလေးကောင်ကို ကြည့်ပြီးနောက် ရီကျန်းနှင့် လျန်ယုရှင်းတို့အတွက် ခက်ခဲ ကြမ်းတမ်းသော တိုက်ပွဲ တစ်ခု ဖြစ်လိမ့်မည်ဟု သိနေသည်။

"လန်စန်လော့ ကူညီဖို့ အသင့်ပြင်ထား"

လင်းဟွမ်က လန်စန်လော့ကို စိတ်ချင်း ဆက်သွယ်ပြီး ပြောလိုက်သည်။ မွန်းစတားလေးကောင်က အဆိပ် ပြင်းထန်လွန်းသဖြင့် လင်းဟွမ်က သူတို့ကို

ကူညီနိုင်စေရန် လန်စန်လေ့ကို ကြိုတင်၍ တပ်လှန့်ထားလိုက်သည်။

# အခန်း(၅၈၂) - အစွမ်းထက်သော ဒြပ်စင် ဉာဏ်အလင်းပွင့်မှု။

ရီကျန်းက ခရမ်းမြူခိုးပင့်ကူနှင့် အပုပ်ကောင်စားမြင်းခွာဂဏန်းတို့ကို တိုက်ခိုက်ခဲ့ပြီး ၎င်းတို့ကလည်း ကြမ်းကြမ်းတမ်းတမ်း ပြန်တိုက်ခိုက် နေသည်။ တစ်ကောင်က အဝေးရောက် တိုက်ခိုက်မှုတွင် ကျွမ်းကျင်ပြီး နောက်တစ်ကောင်မှာ အနီးကပ် တိုက်ခိုက်မှုတွင် ကျွမ်းကျင်၏။

ငွေရောင်ရှိသော အပုပ်ကောင်စား မြင်းခွာဂဏန်းမှာ ကြောက်စရာကောင်းသော ခံစစ်စွမ်းရည် ပိုင်ဆိုင်ထားသည်။ ရီကျန်းသည် သူ၏ ပုံမှန်တိုက်ခိုက်မှုဖြင့် ၎င်း၏ ခုခံကာကွယ်မှုကို မချိုးဖျက်နိုင်ပေ။ ထိုမွန်းစတား၏ ကျောပေါ်တွင် အဖြူရောင် အစင်းကြောင်းများသာ ချန်ထားခဲ့နိုင်သည်။

မြင်းခွာဂဏန်း အပေါ်ကို အစွမ်းထက်သော ဓါးကျင့်စဉ် အသုံးပြု၍ တိုက်ခိုက်ခဲ့သော်လည်း ၎င်းသည် အဆင့်မြင့် ကုသရေး စွမ်းရည်နှင့်

တစ်မူထူးခြားပြီး ထိရောက်မှုရှိသော ကုသရေး စွမ်းရည် ရှိသည်။ ဒဏ်ရာထဲမှ အသားများ ပေါက်ထွက်ပြီး သွေးများထွက်သော်လည်း စက္ကန့်ပိုင်းလေးအတွင်း၌ အပြည့်အဝ ပြန်လည် ကောင်းမွန်သွားသည်။

အခြားတစ်ဖက်တွင်မူ ခရမ်းမြူခိုး ပင့်ကူက ကြုံ့သလို တွေ့သည့်ပုံစံမျိုးစုံဖြင့် တပြိုင်နက် တိုက်ခိုက်နေသည်။ ၎င်းက အဆိပ်ပင့်ကူမျှင်များကို ရံဖန်ရံခါ မှုတ်ထုတ်နေပြီး ရီကျန်းက မည်မျှ အစွမ်းထက်ကြောင်း သိနေပုံပင်။ ထို့ကြောင့်

အဝေးမှသာ တိုက်ခိုက်နေခဲ့သည်။ ၎င်း၏ အနီးအနားတွင် အဆိပ်မြှုခိုးများ ရှိနေသဖြင့် ရီကျန်းကလည်း အနားမသွားရဲပေ။

ရီကျန်းသည် မြင်းခွာဂဏာန်းနှင့် တိုက်ခိုက်နေရသဖြင့် ခရမ်းမြှုခိုးပင့်ကူကို တိုက်ခိုက်ရန် အချိန်မရှိပေ။ ကံကောင်း ထောက်မစွာဖြင့် မွန်းစတားနှစ်ကောင် ဘက်ကလည်း သူ့ကို အနိုင်မယူနိုင်ဘဲ အခြေအနေက ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေသည်။

ထိုအချိန်တွင် လျှန်ယုရှင်းက ကြွက်သွေးမျက်လုံးကင်းမြီးကောက်နှင့် ဆတ်ဆတ်ကြဲ တုတ်ကောင်တို့ကို တိုက်ခိုက်နေသည်။ ထိုမွန်းစတားနှစ်ကောင်၏ တိုက်ခိုက်ရေး ဗျူဟာအရ ထိပ်တိုက်ရင်ဆိုင်ခြင်းကို အသုံးပြုနေသည်။

ဆတ်ဆတ်ကြဲ သုတ်ကောင်သည် ခုခံမှုအပိုင်းတွင် အားကောင်းခြင်း မရှိသော်လည်း တိုက်ခိုက်သည့် နေရာ၌ ကြောက်ရွံ့ခြင်း လုံးဝမရှိပေ။ လျှန်ယုရှင်း အနားကပ်လာသောအခါ ဒိုင်းတစ်ခုအဖြစ် တာဝန် ထမ်းဆောင်ပြီး

ကြက်သွေးမျက်လုံး ကင်းမြီးကောက်ကမူ အဆိပ်ရှိသောအမြီးနှင့် အဝေးမှ တိုက်ခိုက်နေခဲ့သည်။

ကံကောင်း ထောက်မစွာဖြင့် ဆတ်ဆတ်ကြဲ သုတ်ကောင်သည် နှေးကွေးပြီး လျှန်ယုရှင်းကလည်း ၎င်းတို့ကို အေးခဲနိုင်စွမ်း ရှိနေသဖြင့် ကိုင်တွယ်နိုင်ခဲ့ကာ ထိုနှစ်ကောင်က သူမအပေါ်တွင် မည်သည့်အရာမျှ မလုပ်နိုင်အောင် တားဆီးနိုင်ခဲ့သည်။ သို့သော်လည်း သူမက ကြက်သွေးမျက်လုံး ကင်းမြီးကောက်ကို တိုက်ခိုက်

လိုက်သည့်အခါတိုင်း ဆတ်ဆတ်ကြဲ သုတ်ကောင်၏ အဆူးများက သူမကို တားဆီး ပိတ်ဆို့ထားသည်။ ထို့ကြောင့် သူမတိုက်ပွဲကလည်း ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေသည်။

ဆယ်မိနစ်ခန့် ကြာသောအခါ ရီကျန်းသည် အစွမ်းကုန် တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲက ခဏ ရပ်တန့်သွားသည်။

"လင်းဟွမ်၊ ငါနဲ့မစ္စလျန် ဒီမှာမရှိရင် ဒီနေရာက အင်မော်တယ်အဆင့် မွန်းစတားတွေကို မင်း သတ်နိုင်မယ်လို့ ယုံကြည်ချက် ဘယ်လောက်ရှိလဲ"

ရီကျန်းက လင်းဟွမ်ကို လှမ်းအော်ပြီး မေးလိုက်ရာ

"(၁၀၀) ရာခိုင်နှုန်း.."

လင်းဟွမ်သည် ယခင်ကအတိုင်း တူညီသော အဖြေကိုသာ ပြန်ပေးလိုက်သည်။

ရီကျန်းသည် သူ၏ကံကြမ္မာစွမ်းအား ကုန်ဆုံး နိုင်သောကြောင့် အဆုံးစွန်သော တိုက်ခိုက်မှုကို မထုတ်သုံးချင်ခဲ့ပေ။ အစပိုင်းတွင် လင်းဟွမ်က သူ့ကိုကူညီပြီး အင်မော်တယ်အဆင့် မွန်းစတားတစ်ကောင်ကို သတ်ဖြတ် ပေးချင်ခဲ့သည်။

သို့သော်လည်း လင်းဟွမ် အကူအညီ မလိုခဲ့ဘဲ လင်းဟွမ်က သူ့ကို လျှော့တွက်ခဲ့မိပုံပင်။

အမှန်တိုင်း ပြောရမည်ဆိုလျှင် ရီကျန်းသည် ဤစစ်အခြေစိုက်စခန်း အပျက်ထဲ မဝင်ခင် လင်းဟွမ်က အင်မော်တယ်အဆင့် မွန်းစတားများကို သတ်နိုင်သည်ဟု ပြောသည့်အချိန်က သံသယ ဝင်ခဲ့သည်။ သို့သော်လည်း လန်စန်လော့၏ တိုက်ခိုက်ရေး အစွမ်းကို မြင်ပြီးနောက် သံသယများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်သွားသည်။

လန်စန်လော့က အင်မော်တယ်အဆင့် (၃) မွန်းစတား တစ်ကောင်ကို သူတစ်ကောင်တည်း သတ်ဖြတ် နိုင်လိမ့်မည်ဟု မယူဆသော်လည်း လင်းဟွမ်ထံတွင် လန်စန်လော့ကဲ့သို့ အစွမ်းထက်သော မွန်းစတား ဝုက်ဖဲများ ရှိလိမ့်မည်ဟု ခန့်မှန်းခဲ့သည်။

လင်းဟွမ်က အင်မော်တယ်အဆင့် မွန်းစတားတစ်ကောင်ကို သူ့ဘာသာသူ သတ်ဖြတ်နိုင်ကြောင်း အတည်ပြုပြီးနောက် ရီကျန်းသည် အင်မော်တယ်အဆင့်

ဤမွန်းစတားအတွက် ကံကြမ္မာစွမ်းအားများ ခြေတာစရာ မလိုတော့ကြောင်း တွေးလိုက်မိသည်။

"ဒြပ်စင်ဉာဏ်အလင်း - ပေါက်ကွဲမှု"

"ဆေဘာတာအိုအဆင့် (၂)"

ရီကျန်းက ဓါးကို လွှဲရမ်း လိုက်သောအခါ လင်းဟွမ်မျက်လုံးများ တောက်ပလာသည်။ ဆေဘာတာအို ပေါင်းစပ်မှုကြောင့် အထူးစွဲဆောင်မှု ရှိနေသည်။ ဆေဘာအသွားပေါ်မှ ခရမ်းရောင် အလင်းတစ်ခု ထွက်ပေါ်လာပြီးနောက် ရီကျန်း၏ တိုက်ခိုက်မှုကို ခုခံကာကွယ်နိုင်သော မြင်းခွာ

ဂဏာန်းပင် ဤတိုက်ခိုက်မှုကြောင့် သူ့သေသွားနိုင်ကြောင်း ခံစားလိုက်ရသည်။ သို့သော်လည်း သိလိုက်သည့် အချိန်တွင် နောက်ကျသွားခဲ့ပြီ။

ဆေဘာ အသွားပေါ်မှအလင်းသည် မြင်းခွာဂဏာန်း၏ ရင်ဘတ်ထဲ ထိုးဖောက်ဝင်ရောက်သွားပြီး နောက်ကျောဘက်မှ ထုတ်ချင်း ပေါက်ထွက်သွားသည်။

မြင်းခွာ ဂဏာန်း၏ ရင်ဘတ်ပေါ်တွင် လက်သီးအရွယ်အစားခန့် အပေါက်တစ်ခု ရှိနေပြီး

ထိုအပေါက်မှတဆင့် အခြားတစ်ဖက်ခြမ်းကို ထုတ်ချင်းပေါက် မြင်နေရသည်။ မြင်းခွာဂဏန်းသည် ရင်ဘတ်ပေါ်မှ ပြင်းထန်သော နာကျင်မှု ဝေဒနာကြောင့် ကုသရန် ကြိုးစားလိုက်သော်လည်း ဒဏ်ရာကို မဖယ်ရှားနိုင်သည့် အထူး စွမ်းအားတစ်ခု ကျန်ရှိနေခဲ့ကြောင်း တွေ့လိုက်ရသည်။

(၁၀) စက္ကန့်ခန့် ကြာသောအခါ ဒိုင်းတစ်ခုကဲ့သို့ တာဝန်ယူခဲ့သော မြင်းခွာဂဏန်းသည် ပျက်စီးသွားခဲ့သည်။ အချိန်တိုလေးအတွင်းတွင် မကုသနိုင်သော်လည်း အခြား အစိတ်အပိုင်းများက

အကောင်းတိုင်း ရှိနေသေးသည်။ သို့သော်လည်း ရီကျန်း၏ တိုက်ခိုက်မှုက ၎င်း၏နှလုံးကို တိုက်ရိုက် ထိမှန်သွားခဲ့ပြီ။

ဤအဖြစ်အပျက်တွင် ရီကျန်း အစွမ်းထက်၍ မဟုတ်ပေ။ မြင်းခွာဂဏန်းက ရီကျန်းကို အတိုင်းအတာ တစ်ခုအထိ လျှော့တွက် ခဲ့မိသောကြောင့်ပင်ါ ။ အကယ်၍ (၂) စင်တီမီတာခန့် လွဲသွားခဲ့လျှင်ပင် သေဆုံးလိမ့်မည် မဟုတ်ချေ။ သို့သော်လည်း မြင်းခွာဂဏန်းသည် ရီကျန်းက သူ့ရင်ဘတ်ကို ထုတ်ချင်းပေါက်အောင်

တိုက်ခိုက်နိုင်လိမ့်မည် မဟုတ်ဟု လျှော့တွက်ခဲ့မိသောကြောင့် တိုက်ခိုက်ရန် အခွင့်အရေး ရခဲ့ခြင်းဖြစ်သည်။

လင်းဟွမ်သည် ရီကျန်းက မြင်းခွာဂဏန်းအား သတ်ဖြတ်လိုက်သည်ကို မြင်လျှင် မမျှော်လင့်ထားသဖြင့် အံ့အားသင့်သွားကာ

“ဒီ တိုက်ခိုက်မှုထဲမှာ ဆေဘာတာအိုအပြင် အခြားတစ်ခု ရှိပုံပဲ”

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။

"ဒါက သူ့ရဲ့ တိုက်ခိုက်မှု အမြန်နှုန်းနဲ့ ပေါက်ကွဲအားကို မြှင့်တင်ပေးနိုင်တဲ့ ဒြပ်စင် ဉာဏ်အလင်းပွင့်မှုပဲ"

လန်စန်လေ့က ရှင်းပြလိုက်သည်။

"ဒြပ်စင် ဉာဏ်အလင်းပွင့်မှု ဟုတ်လား"

ထိုအရာကို ဆေဘာတာအိုနှင့် ပေါင်းစပ်၍ ရကြောင်း သူမသိခဲ့ပေ။

"ငါ မသိခဲ့ဘူး"

"သူက ဆေဘာတာအို အဆင့် (၂) နယ်ပယ်မှာပဲ ရှိနေသေးပေမယ့် ဒီတိုက်ခိုက်မှုက အဆင့် (၃) ရှိတဲ့ လူတစ်ယောက်လို အစွမ်းထက်နေပြီ"

လင်းဟွမ်သည် ဒြပ်စင် ဉာဏ်အလင်းပွင့်မှုကို မကျွမ်းကျင်သေးပေ။ ဤစွမ်းရည်ကို ပထမဦးဆုံးအကြိမ် မြင်လိုက်ရသဖြင့် သူ့အတွက် အသစ်အဆန်း ဖြစ်နေသည်။

ရီကျန်းသည် တိုက်ခိုက်မှု တစ်ခုတည်းနှင့် မြင်းခွာဂဏန်းကို သတ်ဖြတ်ပြီးနောက် ခရမ်းမြူခိုး ပင့်ကူထံ ပြေးဝင်သွားသည်။

ရီကျန်း ပြေးဝင်လာသည်ကို မြင်လျှင် ခရမ်းမြူခိုးပင့်ကူက အဆိပ် မှုတ်ထုတ်လိုက်သော်လည်း အလုပ်မဖြစ်ခဲ့ပေ။

ရီကျန်းက ဆေဘာကို လွှဲရမ်းလိုက်ရာ အဆိပ်များ မှုတ်ထုတ်နေသော ခရမ်းမြူခိုးပင့်ကူ၏ ပါးစပ်ထဲ ဆေဘာက တစ်ဝက်ခန့် ထိုးဖောက်ဝင်ရောက်သွားသည်။ ထို့နောက် ဆေဘာကို ပါးစပ်မှ ဗိုက်ရောက်သည်အထိ အောက်ဘက်သို့ ဆွဲချလိုက်သည်။

ထို့နောက် ရီကျန်းသည် အဆိပ်မြှုခိုးများနှင့် မထိစေဘဲ ချက်ချင်း နောက်ပြန်ဆုတ်လိုက်ချိန်တွင် ခရမ်းမြှုခိုးပင့်ကူက ချက်ချင်း သေဆုံးသွားခဲ့ပြီ။

ရီကျန်းသည် တစ်မိနစ်အတွင်း၌ ရွှေရောင်မီးလျှံအဆင့် မွန်းစတား နှစ်ကောင်ကို သတ်ဖြတ်ပြီးနောက် လျန်ယုရှင်းကို ကူညီရန် လှမ်းကြည့်လိုက်သည်။ သူမ ရှိနေသော အခန်းတစ်ဝက်ခန့်မှာ အေးခဲ နေသည်ကို မြင်လိုက်ရသည်။ ဆတ်ဆတ်ကြဲ သုတ်ကောင်မှာ အေးခဲပြီး မလှုပ်ရှားနိုင်တော့ပေ။ လျန်ယုရှင်းက

တစ်ကိုယ်လုံး အဖြူရောင် နှင်းခဲများ ဖုံးလွှမ်းနေသည့် ကြက်သွေးမျက်လုံး ကင်းမြီးကောက်ထံ ဖြည်းဖြည်းချင်း ရွေ့သွားနေသည်။

"သူမကိုပဲ ကိုင်တွယ်ခိုင်းလိုက်ပါ"

လင်းဟွမ်က ရီကျန်းကို လှမ်းပြောလိုက်သဖြင့်

ရီကျန်းက ခေါင်းညိတ် ပြပြီး မွန်းစတားနှစ်ကောင်၏ အလောင်းကို သိမ်းကာ လျန်ယုရှင်း၏တိုက်ပွဲကို စောင့်ကြည့်ရန် လင်းဟွမ် ဘေးနားသို့ လမ်းလျှောက်လာသည်။

လျှန်ယုရှင်းသည် အစောပိုင်းက လင်းဟွမ်နှင့် ရီကျန်တို့ပြောခဲ့သည့် စကားဝိုင်းကို ကြားလိုက်ပုံရပြီး သူမ၏ နှင်းခဲနိုင်စွမ်း စွမ်းရည်ကို အပြည့်အဝ ထုတ်ဖော် ပြသလိုက်သောကြောင့် ထိန်းမနိုင်၊ သိမ်းမရ ဖြစ်လာသည်။ အခန်းတစ်ဝက်ထိ အေးခဲနေသော နှင်းခဲများသည် သူမ၏ ခြေထောက်အောက်တွင် အဖြူရောင် ရေခဲအလွှာတစ်ခု ဖြစ်တည်လာသည့် တိုင်အောင် ပျံ့နှံ့လာ၏။

ယခုအခါ အခန်းထဲတွင် အေးလွန်းသဖြင့် လီလန်နှင့် ရီရီယွီတို့ပင် တောင့်မခံနိုင်တော့ချေ။ သို့သော်လည်း မွန်းစတားနှစ်ကောင်နှင့် တိုက်ခိုက်နေသော လျန်ယုရှင်းကမူ အပူချိန်ကို ခံစားရခြင်း မရှိပေ။

“သူမက နှင်းခဲဒြပ်စင် ဉာဏ်အလင်းပွင့်မှုကို တော်တော်လေး ကျွမ်းနေပြီပဲ”

ရီကျန်းက အလေးအနက် ကြည့်ပြီး ပြောလိုက်သည်။ သူမကို စောင့်ကြည့်နေရင်း လျန်ယုရှင်း၏ စွမ်းရည်မှာ သူ့ထက်

အားမနည်းကြောင်း သေချာသွားခဲ့ပြီ။ လျှန်ယုရှင်းက သူမ၏ စွမ်းအားများဖြင့် မွန်းစတားနှစ်ကောင်ကို အပြည့်အဝ ဖိနှိပ်ညှင်းပန်း ထားဆဲပင် ။

ဆတ်ဆတ်ကြဲ သုတ်ကောင်နှင့် ကြက်သွေးမျက်လုံး ကင်းမြီးကောက်တို့မှာ သွေးအေးသက်ရှိများ ဖြစ်သောကြောင့် နိမ့်ပါးသော အပူချိန်က သူတို့၏လှုပ်ရှားမှုကို ကြီးကြီးမားမား ထိခိုက်စေသည်။ အပူချိန် နိမ့်ဆင်းသွားသောကြောင့် ကြက်သွေးမျက်လုံး ကင်းမြီးကောက်က ဖြည်းဖြည်းချင်း လှုပ်ရှားနေရပြီး ဆတ်ဆတ်ကြဲ

သုတ်ကောင်ကမူ  လုံး၀ အေးခဲသွားကာ ယခင်ကလို အစွမ်း  မရှိတော့ချေ။

လျှန်ယုရှင်းက  သူမ၏ဓါးကို  စိတ်ချယုံကြည်စွာ ခုတ်လိုက်သောအခါ  ဓါးသွားရာ  လမ်းကြောင်း တစ်လျှောက်  လေထုမှာပင်  အေးခဲသွားသည်။ ခဏအကြာ  အခန်းတစ်ဝက်မှာ  အေးခဲနေသော ငရဲကြီး  တစ်ခုကဲ့သို့  ဖြစ်လာသည်။ ကြက်သွေးမျက်လုံး  ကင်းမြီးကောက်ပင် အေးခဲနေသော  ကံကြမ္မာလက်အောက်မှ

လွတ်မြောက်နိုင်ခြင်း မရှိဘဲ ရေခဲပန်းပုရုပ်အဖြစ် ပြောင်းလဲသွားသည်။

မွန်းစတားနှစ်ကောင်ကို သတ်ပြီးပြီဟု တွေးလိုက်စဉ် လျန်ယုရှင်းက သူမ၏ ဒုတိယမြောက်ဆေဘာ ဓါးချက်ကို ထုတ်ဖော် လိုက်သည်။ သူမ၏ဓါးပေါ်တွင် အပြာရောင် မီးလျှံများက ကြောက်စရာကောင်းသော အစွမ်းများနှင့် စုဝေးလာသည်။

"မီးတောက် ဥဒဏ်အလင်းပွင့်ခြင်းလား"

ရီကျန်းသည် လျန်ယုရှင်းက ဒြပ်စင်နှစ်မျိုးကို ဤမျှအထိ ကျွမ်းကျင် ပိုင်နိုင်လိမ့်မည်ဟု မမျှော်လင့်ထားသောကြောင့် မျက်လုံး သူငယ်အိမ်များ ပြူးကျယ်သွားသည်။

မကြာခင် ဓါးပေါ်မှ မီးလျှံ၏အပူချိန်သည် မြင့်တက်လာသည်။

လျန်ယုရှင်းသည် အေးခဲ၍ တောင့်တင်းနေသော မွန်းစတားနှစ်ကောင်ကို တိုက်ခိုက်ရမည့်အစား သူမဓါးကို ရေခဲပြင်ပေါ် ထိုးလိုက်ရာ ဓါးနှင့်ရေခဲပြင် ထိလိုက်မိသည်နှင့် တပြိုင်နက် ရေခဲများက

မီးတောက်လောင်သွားသည်။ ရေခဲက မီးတောက် လောင်နေသလိုပင်။

လင်းဟွမ်က လီလန်နှင့် ရီရီယွီတို့၏လက်ကို ဆုပ်ကိုင်ပြီး ခုန်ဆုတ်လိုက်သည်။ ရီကျန်းကလည်း ထိုနည်းတူစွာ ခုန်ဆုတ်လိုက်သည်။ သူတို့ ခုန်ဆုတ်လိုက်သည့် အချိန်မှာပင် ပေါက်ကွဲသံကို ကြားလိုက်ရပြီး မြေပြင်က ပြင်းထန်စွာ တုန်ခါသွားသည်။

ညာဏ်အလင်းနှစ်ခု ထိပ်တိုက် တွေ့ဆုံခြင်းမှာ ကြောက်စရာ ကောင်းလှ၏။ အခန်းတစ်ခုလုံးကို

မီးတောက်မီးလျှံများ ဝါးမျို သွားသော်လည်း လန်စန်လော့က အမှောင်ထု ကြေးမုံဖြင့် ကာကွယ် နိုင်ခဲ့သည်။

မကြာခင် မွန်းစတားနှစ်ကောင်ကို ဖုံးအုပ်ထားသော နှင်းခဲများနှင့်အတူ ပေါက်ကွဲသံများလည်း ပျောက်ကွယ် သွားသည်။ မွန်းစတားနှစ်ကောင်လည်း ပျောက်ကွယ်သွားခဲ့ပြီး လျန်ယုရှင်းက သူမ၏ အဖြူရောင်ကုတ်အင်္ကျီဖြင့် မတ်တပ်ရပ်နေသည်။

“ကြောက်စရာ ကောင်းလိုက်တဲ့စွမ်းရည်ပဲ”

လင်းဟွမ်က ဟန်လုပ်၍ ပြုံးပြီးပြောလိုက်သည်။

လန်စန်လော့က အမှောင်ထု ကြေးမုံကို ဖယ်ရှားပြီးနောက် အခန်း၏ အခြားတစ်ဖက်တွင် ပေါ်လာသည်။

"တောင်းပန်တယ်.. ဒီစွမ်းရည်ကို တိုက်ပွဲထဲမှာ ပထမဦးဆုံးအကြိမ် အသုံးပြုတာပဲ။ ဒီစွမ်းရည်ကို အပြည့်အဝ မကျွမ်းသေးဘူး"

လျန်ယုရှင်းက ခေါင်းခါရင်း ပြုံးလိုက်သည်။

"ဒါက အင်မော်တယ်အဆင့် (၁) ကို သတ်နိုင်ပြီး အင်မော်တယ်အဆင့် (၂) ကိုတောင် ဒဏ်ရာ ရစေနိုင်တယ်"

ရီကျန်းက လျှန်ယုရှင်း၏စွမ်းရည်ကို အထင် ကြီးနေသည်။

"ငါ ပြန်ရောက်တဲ့ အချိန်ကျရင် ဒြပ်စင် ဉာဏ်အလင်းပွင့်မှုနဲ့ ပက်သက်ပြီး လေ့လာဖို့ အချိန်တစ်ခု ယူရအုံးမယ့်ပုံပဲ"

လင်းဟွမ်က အစ,တစ်ဝက် အတည် တစ်ဝက် ဟန်ပန်နှင့် ပြောလိုက်သည်။

"မင်းက ဒြပ်စင် ဉာဏ်အလင်းပွင့်မှုကို မကျွမ်းကျင် သေးဘူးလား"

ရီကျန်းသည် မမျှော်လင့်ထားသဖြင့် အံ့အား သင့်သွားသည်။

"ဟုတ်တယ်၊ ဒြပ်စင်စွမ်းအားကို ကောင်းကောင်း မသုံးတတ်သေးဘူး"

လင်းဟွမ်က ဝန်ခံလိုက်သည်။

"ငါတို့ရဲ့ ကံကြမ္မာစွမ်းအားတွေ ပြန်ပြည့်လာမှ နောက်တစ်ခန်းထဲ ဝင်ကြမလား.."

"စိတ်မပူနဲ့၊ မင်းတို့ကောင်တွေ ဘေးကနေ အေးအေးဆေးဆေး လက်ပိုက် ကြည့်နေလို့ ရတယ်။ နောက်ဆုံး မွန်းစတားကို ငါကိုင်တွယ် လိုက်မယ်"

လင်းဟွမ်က ပြုံးပြီး နောက်ဆုံးအခန်းထဲ ဦးဆောင်ဝင်သွားသည်။

## အခန်း(၅၈၃) – မြေထောက်များ သခင်။

လင်းဟွမ်နှင့် ကျန်သည့်လူများသည် မြေအောက် တတိယအထပ် နောက်ဆုံးအခန်း စကြံရှေ့ကို ရောက်သည်နှင့် ရပ်တန့်လိုက်ကြသည်။

"မဝင်လာနဲ့..."

လင်းဟွမ်သည် ရီကျန်းနှင့် ကျန်သည့်လူများက လာမည့် တိုက်ပွဲတွင် မကိုင်တွယ်နိုင်ကြောင်း သိနေ၍

"လန်စန်လော့ ဒီမှာကျန်ခဲ့။ သူတို့ကို ကာကွယ်ထား"

လင်းဟွမ်က လန်စန်လော့ဘက် လှည့်ကြည့်ပြီး ညွှန်ကြားလိုက်သည်။

"ငါ့ အကူအညီ မလိုဘူးလား"

လန်စန်လော့က မေးလိုက်သဖြင့်

"မလိုဘူး"

လင်းဟွမ်က ပြန်ဖြေပြီးသည်နှင့် သူ့လက်ထဲတွင် အထွတ်အထိပ် ဓါးဓာတ်ကြွင်းတစ်ခု ပေါ်လာသည်။

ဒါသည် သူ့ကံကြမ္မာစွမ်းအားကို အလွန်အကျူး စုပ်ယူနိုင်သောကြောင့် အသုံးမပြုခဲ့သော ရှေးဟောင်းခေတ်ကြွင်း ဖြစ်သည့် လေတိုးသံ (ခါး) ပင်။

ရီကျန်းနှင့် ကျန်သည့်လူများသည် သူ့လက်ထဲမှ ခါးကိုမြင်လိုက်လျှင် မမျှော်လင့်ထားသဖြင့် အံ့အား သင့်သွားပြီး

"မင်းကိုယ်တိုင် တိုက်ခိုက်ဖို့ စီစဉ်နေတာလား"

လျန်ယုရှင်းက မေးလိုက်သည်။

သူမသည် လင်းဟွမ်က မွန်းစတားကို သူကိုယ်တိုင်သတ်ဖြတ်မည့်အစား သူ ဆင့်ခေါ်သော မွန်းစတားနှင့် တိုက်ခိုက်ခိုင်းလိမ့်မည်ဟု ထင်နေခဲ့သည်။

“စိတ်မပူနဲ့။ စောင့်ကြည့် နေစမ်းပါ”

လင်းဟွမ်က ခေါင်းခါပြီးပြုံးလိုက်သည်။ သူ့ကို လျှော့တွက်နေကြောင်း သူသိသည်။ လင်းဟွမ်သည် ဓါးကိုဆွဲကိုင်၍ နောက်ဆုံးအခန်းထဲ ဝင်သွားသည်။

အမှောင်ထဲတွင် မြေပြင်မှ (၁၀) မီတာ အကွာတွင် တွဲလှောင်းချထားသော အနီရောင်

မီးလုံးကြီး (၁၂) လုံး လင်းထိန်နေသည်။ ထို့နောက် လေထဲတွင် တွားသွားသတ္တဝါ တစ်ကောင်၏ ညည်းညူသံကို ကြားနေရသည်။

နောက်ဆုံး၌ အင်မော်တယ်အဆင့် မွန်းစတား၏ ပုံစံကို တွေ့လိုက်ရသည်။

ဒါသည် အလွန်ကြီးမားသော ကင်းခြေများ ဖြစ်ပြီး ၎င်း၏ အနက်ရောင် ဦးခေါင်းမှလွဲ၍ လမ်းမီးတိုင်များနှင့် ဆင်တူသည့် အနီရောင် ခန္ဓာကိုယ် အဆစ်အပိုင်း (၁၂) ပိုင်း ပါရှိသည်။ မီတာရာနှင့်ချီ ရှည်လျားပြီး အဆစ်တစ်ခုစီတိုင်းတွင်

အနက်ရောင်ရှိသည့် ထက်ရှသော ခြေထောက်များ ရှိသည်။ ၎င်း၏ နောက်ကျောပေါ်မှ ခရမ်းရင့်ရောင် အဆိပ်အဆူးများ ထိုးထွက်နေသည်။

"ခြေထောက်များ သခင်"

ရီကျန်းနှင့် ကျန်သည့် လူများသည် ဤမွန်းစတားကြီးကို မြင်လိုက်လျှင် မျက်လုံး သူငယ်အိမ်များ တုန်ခါသွားသည်။

ခြေထောက်များ သခင်သည် ကင်းခြေများနှင့် တူသော ကြီးမားသည့် ကျောရိုးမဲ့သတ္တဝါပင် ။ ဤမွန်းစတားသည် အရွယ် ရောက်သည်နှင့်

အင်မော်တယ်အဆင့်ကို ရောက်ရှိလာပြီး ခြေထောက်အတွဲ (၁၀၀) ကျော်ရှိသည်။ နှစ်စဉ် နှစ်တိုင်း ခြေထောက်အသစ် တစ်စုံ ထွက်ပေါ်လာပြီး အသက် တစ်ထောင်အထိ ရောက်သောအခါ ခြေထောက်အတွဲပေါင်း တစ်ထောင် ရှိကာ ထိုအချိန်တွင် အင်ပါယာအဆင့် (၉) ဖြစ်လာပြီး ဘုရင်တစ်ပါး ဖြစ်လာသည်။ ထို့ကြောင့် ခြေထောက်များသခင် ဆိုသည့် နာမည် ထွက်ပေါ်လာခြင်းပင်။

ခြေထောက်များ သခင်သည် ရက်စက်သည်။ ၎င်းဗိုက်ဆာလာသောအခါ အခန်းထဲရှိ သက်ရှိအားလုံးမှာ ဆာလောင်မှု၏ သားကောင်များ ဖြစ်သွားကြသည်။ ကြောက်စရာကောင်းသော အဆိပ်လည်းရှိပြီး အသက်ကြီးရင့် လာသည်နှင့်အမျှ အဆိပ်က ပိုမို၍ ပြင်းထန်လာသည်။

အရွယ်ရောက်ပြီးသော ခြေထောက်များသခင် အများစုသည် အင်မော်တယ်အဆင့် (၁) တွင် ရှိသော်လည်း သူတို့၏အဆိပ်မှာ အင်မော်တယ် အဆင့် (၃) ကိုပင် သတ်ပစ်ရန် လုံလောက်သည်။

အဆိပ်ရှိသော သွားများက တစ်ချက်ကိုက်ရုံနှင့် အင်မော်တယ် အဆင့် (၄) သက်ရှိ တစ်ကောင်ကိုပင် သတ်နိုင်ပြီး အင်မော်တယ်အဆင့် (၅) သက်ရှိ တစ်ကောင်အတွက်ပင် ခြိမ်းခြောက် ပေးနိုင်သော ပြင်းထန်သည့် အဆိပ်မျိုးပင် ။

အစောပိုင်းတွင် ၎င်းက အိပ်ပျော်နေသဖြင့် သွေးရဲရဲလေးက ၎င်း၏ တိုက်ခိုက်ရေးအဆင့်ကို မခွဲခြားနိုင်ခဲ့ပေ။ သို့သော်လည်း ခြေထောက်အတွဲ (၃၀၀) ကိုကြည့်ပြီးနောက် အင်မော်တယ် အဆင့် (၃)တွင် ရှိနေသည်မှာ ထင်ရှားသည်။

ဤဟင်းလင်းပြင် အပျက်အစီးထဲရှိ အင်မော်တယ်အဆင့် (၆) နှင့် အဆင့် (၇) မွန်းစတားများပင် ဤခြေထောက်အများ သခင်နှင့် မတိုက်ခိုက်ချင်သည်မှာ အထင်အရှားပင်။

ရီကျန်းနှင့် ကျန်သည့်လူများမှာ မွန်းစတား၏ အသွင်အပြင်ကို မြင်ပြီးနောက် တုန်လှုပ်ခြောက်ခြား နေကြသည်။

“ဟီးဟီးဟီး... လူသား မစားရတာ တော်တော်လေး ကြာနေပြီ”

ခြေထောက်များသခင်က သူတို့ကို သတိထားမိသော်လည်း တိုက်ခိုက်ခြင်း မလုပ်သေးပေ။ ထိုအစား ခြိမ်းခြောက်သောစကားကို ပြောဆိုလိုက်သည်။

“အသက်ရှင်နေတဲ့ ခြေထောက်များ သခင်ကို ပထမဦးဆုံးအကြိမ် တွေ့ဖူးတာပဲ”

လင်းဟွမ်က သူ့ပြိုင်ဘက်ကို ကြည့်ပြီး ပြောလိုက်သည်။

“မင်းကိုကြည့်ရတာ ငါ့ကို မကြောက်တဲ့ပုံပဲ”

ခြေထောက်များ သခင်သည် လင်းပွမ်ထံမှ ကြောက်ရွံ့သည့် အရိပ်အယောင်ကို မမြင်ရပေ။ ထိုအစား လင်းပွမ်က တည်ငြိမ်နေပုံရပြီး ဟန်ဆောင်နေခြင်းလည်း မဟုတ်ပေ။

“ကောင်လေး။ မင်းက အဖြူရောင်မီးလျှံအဆင့်ပဲ ရှိသေးတယ်။ ဘာဖြစ်လို့ ငါ့ကို မကြောက်တာလဲ။ မင်းမှာ ငါမသိသေးတဲ့ ဖဲတွေ ရှိလို့လား”

ခြေထောက်များ သခင်သည် လူသားများကို ပထမဦးဆုံးအကြိမ် တွေ့ဖူးပုံရသည်။ လင်းပွမ်၏ ထူးဆန်းသော အပြုအမူကို မြင်သော်လည်း

လူသားများက သူ၏ ထောက်ချောက်ထဲ ကျရောက်နေပြီဟု ကျိန်းသေပေါက် ယူဆထားသည်။

"ငါ မင်းကို မကြောက်ဘူး။ မင်းရဲ့ အရည်အချင်းက ငါ့ကို ခြိမ်းခြောက်နိုင်တဲ့အဆင့်မှာ မရှိသေးဘူး"

လင်းဟွမ်က ပြန်ဖြေသည်။

ထို့နောက် ခြေထောက်များသခင်သည် လင်းဟွမ် နောက်မှလူများကို လှမ်းကြည့် လိုက်သည်။ ရီကျန်းနှင့် ကျန်သည့် လူများကို

သာမန်ကာလျှံကာသာ ကြည့်ခဲ့သော်လည်း လန်စန်လေ့ကို တွေ့သောအခါ အကြည့်က ရပ်တန့်သွားသည်။

"ရွှေရောင် မီးလျှံအဆင့် သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား တစ်ကောင်လား။ အဲ့ဒါက ငါ့အတွက်တော့ နည်းနည်းလေး ပြဿနာရှိတယ်။ ဒါပေမယ့် ဒီညပြီးရင်တော့ မင်းတို့ကောင်တွေက ငါ့ရဲ့အဆာပြေလေးတွေ ဖြစ်လာမှာပါ"

ခြေထောက်များ သခင်က လင်းဟွမ်ကို ထိန်းချုပ်သူ တစ်ယောက်ဟု ယူဆလိုက်သည်။

"ကဲ... အပြင်ထွက်ဖို့ အချိန်လည်းနီးလာပြီ ဆိုတော့ မင်းတို့အားလုံးကို စားရမယ်"

"ကံဆိုးတာပဲ။ ဒီညတော့ မင်း ညစာဝတ်ပြီ"

လင်းဟွမ်က မထိတထိ ပြုံးလိုက်သည်။

လန်စန်လေ့သည် လင်းဟွမ်နှင့် ခြေထောက်များသခင်တို့က ညစာ အကြောင်း ပြောနေသည်ကို ကြားလိုက်လျှင် သူ့လက်ထဲမှ ဟင်းသီးဟင်းရွက် အခြောက်ထုပ်ကို ပြန်သတိရပြီး သွားရည်ကျလာသည်။ စတင် တိုက်ခိုက်တော့မည့် တိုက်ပွဲအတွက် စိုးရိမ်နေသည့်ပုံ မရှိချေ။

ရီကျွန်းနဲ့ ကျန်သည့်လူများက လန်စန်လော့ကို လှမ်းကြည့်ပြီး စကားမပြောနိုင် ဖြစ်နေကြသည်။ ဘာကြောင့် ဤမျှ ပေါ့ပေါ့ပါးပါး ဖြစ်နေရလဲ ဆိုသည်ကိုလည်း သူတို့ နားမလည်နိုင်ကြပေ။

"လန်စန်လော့၊ လင်းဟွမ်ဆီမှာ မင်း ထက်ပိုပြီး အစွမ်းထက်တဲ့ ဆင့်ခေါ်မွန်းစတားတွေ ရှိသေးလား"

ရီရီယွီက မနေနိုင်ဘဲ မေးလိုက်ရာ

"ငါ့ရဲ့ လက်ရှိအရည်အချင်းနဲ့ဆို သူ့ဆီမှာ ရှိသေးတယ်"

လန်စန်လေ့က တိုတိုတုတ်တုတ်သာ အဖြေပေးခဲ့ပြီး နောက်ထပ် ထပ် မပြောတော့ချေ။ သူ၏အဖြေက ရီကျန်းနှင့် ကျန်သည့်လူများ မမျှော်လင့်ထားသော အဖြေ ဖြစ်နေသောကြောင့် အံ့အားသင့်သွားပြီး တစ်ချိန်တည်းမှာပင် သံသယဝင်လာကြသည်။

"ဒါဆို ဘာဖြစ်လို့ မခေါ်သေးတာလဲ"

လျန်ယုရှင်းသည် လင်းဟွမ်က ပေါ့ဆလွန်းသည်ဟု တွေးမိပြီး မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲဆိုတော့ သူလုပ်စရာ မလိုသေးလို့လေ"

လန်စန်လော့က စကားပြောရင်း ဟင်းသီးဟင်းရွက် ခြောက်ထုပ်ကို စိတ်ပြေနပြေ ထိုင်စားနေသည်။

လင်းဟွမ်သည် ခြေထောက်များ သခင်နှင့် မီတာ(၂၀) အကွာတွင် မတ်တပ်ရပ်နေပြီး မွန်းစတားများကို ဆင့်ခေါ်မည့်ပုံ မရှိချေ။

"လူတွေ ပြောနေကြတဲ့ စကားပုံတစ်ခု ရှိတယ်။ မျက်ကန်း တစ္ဆေမကြောက်တဲ့။ ဒီနေ့တော့

အဲ့ဒီစကားပုံက ဘာလဲဆိုတာ ငါ နားလည်သွားပြီ။ မင်းရဲ့ နှံ့အ,မှုကြောင့် ဒီညတော့ ငါ့ရဲ့ ဟင်းလျာတစ်ပွဲ ဖြစ်လာတော့မှာပဲ”

ခြေထောက်များသခင်သည် ယခင်က လူသားများကို လေ့လာခဲ့ဖူးသည့် အကြောင်းကို လင်းဟွမ်ရှေ့တွင် ထုတ်ဖော် ပြောဆိုလိုက်သည်။ ထို့အပြင် သူ့ကို ငနုံလေးတစ်ယောက်ဟု ထင်နေသည်။

ခြေထောက်များ သခင်သည် ထိုစကား ပြောပြီးသည်နှင့် မြွေပေါက်ကလေး

တစ်ကောင်အလား လျှင်မြန် သွက်လက်စွာ ပြေးသွားပြီး လင်းဟွမ်၏ရှေ့တွင် ချက်ချင်း ပေါ်လာသည်။

ခြေထောက်များ သခင်၏ ရှေ့လျှားမှု အမြန်နှုန်းကို မြင်လိုက်လျှင် ရီကျန်းနှင့် ကျန်သည့်လူများ တုန်လှုပ်သွားကြသည်။ အချိန်မီ မတုံ့ပြန် နိုင်လောက်အောင် မြန်ဆန်လွန်းလှ၏။

လေထဲတွင် ဖြတ်ခနဲ လက်သွားသော အဖြူရောင်အလင်းကို မြင်လိုက်ရသည်။ ဒါသည် ဓါးတာအို အဆင့် (၃) ထွက်ပေါ်လာသော

အလင်းရောင်ဖြစ်ပြီး လင်းဟွမ်လက်ထဲက ဓါးမှ ထွက်ပေါ်လာခြင်းပင်။

ထို ဓါးချက်တစ်ချက်က အင်မော်တယ်အဆင့် (၃ ) ခြေထောက်များ သခင်ကို ရပ်တန့်စေခဲ့သည်။

လင်းဟွမ်သည် သူ့ရှေ့မှ မွန်းစတားကို စိုက်ကြည့်ပြီး မပြုံးချင်သလိုလို ပြုံးချင်သလိုလို ပြုံးလိုက်ကာ

“ဘာကြောင့် မင်းကို မကြောက်တာလဲလို့ မေးခဲ့တယ် မဟုတ်လား။ အဖြေက ရိုးရိုးလေးပဲ။ ငါက မင်းထက်ပိုပြီး အစွမ်းထက်နေလို့ပဲ”

## အခန်း(၅၈၄) - လင်းဟွမ်နှင့် ခြေထောက်များ သခင်တို့၏ တိုက်ပွဲ။

ရီကျန်းနှင့် ကျန်သည့်လူများသည် လင်းဟွမ်က ခြေထောက်သခင်ကို ဓါးချက် တစ်ချက်တည်းနှင့် တားဆီးလိုက်သည်ကို မြင်လျှင် အံ့ဩမှင်တက် သွားကြသည်။

ရီကျန်းသည် လင်းဟွမ်က အစွမ်းထက်မှန်း သိသော်လည်း ဤမျှ အစွမ်းထက်ကြောင်း မသိခဲ့ပေ။

အစပိုင်းတွင် လင်းဟွမ်က သူ့ထက်နည်းနည်းလေး အားနည်း နိုင်သည်ဟုပင် ထင်နေခဲ့သည်။

လင်းဟွမ်က မည်မျှပင် အစွမ်းထက်စေကာမူ သူ့ထက်ပို၍ အစွမ်းထက်နိုင်မည် မဟုတ်ဟု ထင်နေခဲ့သော်လည်း ယခုလက်ရှိ အခြေအနေကို ကြည့်ရသည်မှာ လင်းဟွမ်အား လျှော့တွက် မိခဲ့သည့်ပုံပင် ။

တစ်ချိန်တည်းမှာပင် ရီရီယွီနှင့် လီလန်တို့က ရီကျန်းထက်ပင် ပို၍ အံ့အားသင့်နေကြသည်။

ရွှေအဆင့်မှာ ရှိစဉ်ကတည်းက လင်းဟွမ်၏ စွမ်းရည်ကို မြင်တွေ့ခဲ့ဖူးပြီး ထိုအချိန်မှာပင် ပါရမီရှင်တစ်ယောက် ဖြစ်နေခဲ့သည်။ ယခုမူ ထိုအချိန်ကထက်ပင် ပို၍ အားကောင်းလာခဲ့ပြီ။

ယခုအခါ လင်းဟွမ်၏ စွမ်းရည်မှာ သူတို့နှစ်ယောက်လုံးအတွက် လုံးဝကို အဆင့်သစ်တစ်ခုသို့ ရောက်ရှိနေခဲ့ပြီ။ ဒါသည် ဒဏ္ဍာရီလာ အထွတ်အထိပ် ပါရမီရှင်များထက်ပင် ပို၍ ကြောက်စရာ ကောင်းနေသည်။

အထွတ်အထိပ် ပါရမီရှင်များသည် အဆင့်တစ်ဆင့် ထက်ပို၍ အစွမ်းထက်ကြသည်။ လင်းဟွမ်သည် အဖြူရောင် မီးလျှံအဆင့်သာ ရှိသေးသော်လည်း အဆင့်ကြီး တစ်ခုလုံးကို ကျော်လွန်ပြီး အင်မော်တယ် အဆင့် (၃) ကို တိုက်ခိုက်နိုင်နေသည်။

သူတို့ လေးယောက်ထဲတွင် လျန်ယုရှင်းက အံ့အားအသင့်ဆုံးပင်။ နောက်ဆုံးအကြိမ် လင်းဟွမ်နှင့် တွေ့ဆုံခဲ့သော လျို့ဝှက်ဆန်းကြယ် လေလံပွဲတွင် လင်းဟွမ်၏ တိုက်ခိုက်မှုကို

မတွေ့ခဲ့ရသောကြောင့် လင်းဟွမ်၏ အရည်အချင်း အစစ်အမှန်ကို သူမ မသိခဲ့ရပေ။

လင်းဟွမ်တွင် အာဏာရှင်ကဲ့သို့ အစွမ်းထက်သည့် ဆင့်ခေါ် မွန်းစတားများ ရှိနေသောကြောင့် ဆင့်ခေါ်မွန်းစတားများ အပေါ်တွင်သာ မှီခို အားကိုးနေရသည်ဟု အမြဲတမ်း ထင်နေခဲ့သည်။

အကယ်၍ သူမရှေ့တွင် ဖြစ်ပျက်နေသော မြင်ကွင်းကို သူမကိုယ်တိုင် မြင်တွေ့ရခြင်း မဟုတ်ခဲ့ပါက အဖြူရောင် မီးလျှံအဆင့် လူတစ်ယောက်က အင်မော်တယ်အဆင့် (၃)

မွန်းစတား တစ်ကောင်နှင့် တိုက်ခိုက်နိုင်သည်ဟု လာပြောပါက မည်သို့မှ ယုံနိုင်မည်မဟုတ်ချေ။

"အင်မော်တယ် အဆင့် (၃) နဲ့ အံတုပြီး တိုက်ခိုက်နေတဲ့ အဖြူရောင်မီးလျှံအဆင့်။ ငါ အိပ်မက် မက်နေတာလား..."

လီလန်သည် အံ့သြမှင်တက်နေပြီး အောက်မေးရိုး ပြုတ်ကျကာ ပါးစပ် အဟောင်းသား ဖြစ်နေသည်။ အိပ်မက်မက်နေသည် ထင်၍ ကိုယ့်ပါးကို ကိုယ် ပြင်းပြင်းထန်ထန် ပြန်ရိုက်လိုက်သည်။

ဖြောင်း......

"ဒါက ငါသိတဲ့ လင်းဟွမ်လား။ ဒီကောင်က နတ်ဘုရား ပြန်ဝင်စား လာတာလားကွာ"

ရီရီယွီလည်း အံ့သြမှင်တက်၍ အဖျားတက်သလို တတွတ်တွတ် ရေရွတ်နေသည်။

"ငါ့ကိုယ်ငါ တော်တော်လေး အရည်အချင်း ရှိနေပြီလို့ ထင်နေတာ ဒီကမ္ဘာပေါ်မှာ အဆင့်ကြီး တစ်ခုလုံး မြင့်တဲ့ မွန်းစတားတစ်ကောင်နဲ့ တိုက်ခိုက်နိုင်တဲ့ အထွင့်အထိပ် ပါရမီရှင်တစ်ယောက် ရှိနေလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့မိဘူး။

မယုံကြည်ခဲ့မိဘူး။ ဒီနေ့တော့ ငါ့မျက်စိနဲ့ငါ မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရပြီ”

ရီကျန်းက အားတင်းပြီး ပြုံးလိုက်ကာ လင်းဟွမ်၏အစွမ်းထက်မှုဒဏ်ကို ခံနေရသည်။

“ငါ ဒီကောင့်ကို လျှော့တွက်မိတာပဲ”

လျန်ယုရှင်းလည်း အားကျနေပင် ။

လန်စန်လော့ တစ်ယောက်တည်းသာ မအံ့သြသောသူ ဖြစ်သည်။ လင်းဟွမ်က မည်မျှ အစွမ်းထက်ကြောင်း သိနေပြီးသား ဖြစ်သဖြင့်

ဟင်းသီးဟင်းရွက် ခြောက်ထုပ်ကို အေးအေးဆေးဆေး ဆက်စားနေခဲ့သည်။

အခန်းထဲ၌ လင်းဟွမ်နှင့် ခြေထောက်များ သခင်တို့၏ တိုက်ပွဲက ဆက်လက် ဖြစ်ပွားနေခဲ့သည်။

ခြေထောက်များ သခင်သည် ထိပ်တိုက်တွေ့ဆုံမှု တစ်ခုစီတိုင်း၌ လင်းဟွမ်က မြင်ရသည်ထက် များစွာပိုမို၍ အစွမ်းထက်ကြောင်း သဘောပေါက်လာသည်။ လင်းဟွမ်၏စွမ်းရည်ကို သံသယရှိနေဆဲ ဖြစ်နေသော်လည်း သက်တောင့်သက်သာ မရှိတော့ချေ။

“မင်းက အထွတ်အထိပ် ပါရမီရှင်ပဲ။ ငါ့ကို စိန်ခေါ်ဖို့ သတ္တိရှိနေတာ မဆန်းတော့ဘူး။ ဟား... ဟား... ဟား... အထွတ်အထိပ် ပါရမီရှင် တစ်ယောက်က တခြား လူသားတွေထက် ပိုပြီး အရသာရှိမှာပဲ...”

ခြေထောက်များသခင်က လင်းဟွမ်၏ တိုက်ခိုက်မှုများကို တားဆီးပြီး သူ၏ခါးနှင့် တူသောခြေထောက်ကို တစ်ချက် ဝှေ့ရမ်းလိုက်သည်။

“မင်း စားနိုင်လား၊ မစားနိုင်လားဆိုတာ မင်းရဲ့ အရည်အချင်းအပေါ်မှာ မူတည်တယ်”

လင်းဟွမ်က တစ်ချက် ပြုံးလိုက်ပြီး ခြေထောက်များသခင်ကို သူ့ထံလာခဲ့ရန် လက်ဟန် အမူအရာ ပြလိုက်သည်။

"ဟ... ဒီကောင် ရှုးနေတာပဲ။ အင်မော်တယ်အဆင့် မွန်းစတားကိုတောင် စိန်ခေါ်နေတာလား။ ငါလည်း အဲ့ဒီလိုလုပ်နိုင်ရင် ဘယ်လောက် ကောင်းလိုက်မလဲ"

လီလန်က စိတ်လှုပ်ရှားစွာ အော်ဟစ်ရင်း စောင့်ကြည့်နေသည်။

"ငါတော့ မင်း မေ့လိုက်ပါလို့ပဲ ပြောချင်တယ်။ ရှေ့အဆင့်မှာ ရှိခဲ့တဲ့ မင်းရဲ့ အရည်အချင်းကို သုံးသပ်ကြည့်ရရင်တော့ အင်မော်တယ် အဆင့် (၃) မွန်းစတား တစ်ကောင်နဲ့ တွေ့လို့ကတော့ အမြီးတန်းအောင် ထွက်ပြေးရမှာ သေချာတယ်"

ရီရီယွီက လီလန်ကို ကဲ့ရဲ့ရှုတ်ချသော မျက်လုံးများနှင့် မျက်စောင်း ထိုးလိုက် ပြောလိုက်သည်။

လီလန် ဆွံ့အနေပြီး

"ငါက ရွှေရောင်မီးလျှံအဆင့် အထွတ်အထိပ်ကို ရောက်တဲ့အခါ အင်မော်တယ်အဆင့် (၃) နဲ့ တိုက်ခိုက်နိုင်မယ်လို့ ထင်နေခဲ့တယ်။ ဒါပေမယ့် အစောပိုင်း ခြေထောက်များသခင်ရဲ့ တိုက်ခိုက်မှုကို မြင်ပြီးတဲ့နောက် ရွှေရောင် မီးလျှံ အထွတ်အထိပ်အဆင့်ကို ရောက်ရင်တောင် တားဆီးနိုင်မယ်လို့ မထင်ဘူး"

ရီကျန်းက မျက်မှောင်ကြုတ်ပြီး သူ၏အမြင်ကို ထုတ်ဖော် ပြောဆိုလိုက်သည်။

"ဒီအင်းဆက်ကြီးရဲ့ စွမ်းရည်က တခြား အင်းဆက်ကြီးတွေနဲ့ နှိုင်းယှဉ်လို့ မရဘူး"

လျန်ယုရှင်းကလည်း ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။

လင်းဟွမ်က ခါးကို တစ်ချက်ဆွဲရမ်းလိုက်သည့်အချိန်၌ လင်းဟွမ်၏ အသေးစိတ် အကြောင်းအရာများကို မြင်သွားခဲ့သည်။

"အစ်ကို... မင်း ရွှေရောင်မီးလျှံ အထွတ်အထိပ်အဆင့်ကို ရောက်နေရင်တောင်

အခုလက်ရှိ လင်းဟွမ်နဲ့ မတိုက်နိုင်ဘူးလို့ ပြောချင်တာလား”

ရီရီယွီက ဤကဲ့သို့ မေးလိုက်သည့်အချိန်၌ သူမအမူအရာက မကျေမနပ် ဖြစ်နေသည်။

“သူသာ ဆင့်ခေါ်တဲ့ မွန်းစတားတွေကို ဆင့်ခေါ်ရင်တော့ ကျိန်းသေပေါက် ရှုံးလိမ့်မယ်။ ဒါပေမယ့် တစ်ယောက်ချင်း တိုက်မယ်ဆိုရင် (၅၀)ရာခိုင်နှုန်းလောက်တော့ အခွင့်အရေး ရှိတယ်။ ဒါပေမယ့် အဲ့ဒါကလည်း အတိအကျ

မဟုတ်သေးဘူး။ အခုလက်ရှိ သူ ပြထားတဲ့ စွမ်းရည်က အကုန် မဟုတ်လောက်သေးဘူး”

ရီကျန်းက လင်းဟွမ်ထက် အားနည်းသည်ဟု ဝန်မခံခဲ့ပေ။

သူတို့ စကားပြောနေစဉ် လင်းဟွမ်နှင့် ခြေထောက်များ သခင်တို့သည် အကြိမ်ပေါင်းများစွာ ထိပ်တိုက်ရင်ဆိုင်၍ တိုက်ခိုက်နေကြသည်။

ခြေထောက်များ သခင်သည် အကောင်အထည် ကြီးမားသော်လည်း ကြောက်စရာ ကောင်းလောက်အောင် လျှင်မြန် သွက်လက်

လွန်းသည်။ တိုက်ခိုက်မှု တစ်ခုစီတိုင်းက စီးဆင်းနေသော ရေများအလား ချောမွေ့လွန်းကာ ၎င်း၏ ခန္ဓာကိုယ်ကို ကျွမ်းကျင် ပိုင်နိုင်စွာ ထိန်းချုပ်ထားသည်။ ၎င်း၏ အဆိပ်ဆူးများ၊ အစွမ်းထက်သော သန်မာမှု၊ ခံနိုင်ရည်များကို ထည့်သွင်းပေါင်းစပ်၍ တိုက်ခိုက်မှု တစ်ခုစီတိုင်း၌ ထိုအားသာချက်ကို အပြည့်အဝ အသုံးချထားသည်။

လင်းဟွမ်က သူ့ကို စိန်ခေါ်ခဲ့သဖြင့် ဒေါသ ပေါက်ကွဲနေခြင်းပင်။

ငင်းကိုယ်ပေါ်ရှိ အဆိပ်ဆူးများကို ပုံသေ အစီအစဉ်မရှိဘဲ ကျပန်း ပစ်လွှတ်နေသဖြင့် လင်းဟွမ်ကို အင်မတန် ဒုက္ခပေးနိုင်ကြောင်း ဝန်ခံရမည်။ အဆိုးဆုံး အချက်မှာ ခြေထောက်များသခင်၏ အဆိပ်ဆူးများသည် ခန္ဓာကိုယ်ပေါ်တွင် ကြံ့သလို ထွက်ပေါ်လာပြီး ပစ်ခတ်နေခြင်းသာ ...

အကယ်၍ လင်းဟွမ်တွင် နယ်မြေပိုင်နက် အသိစိတ် မရှိခဲ့ပါက ဆူးပေါင်းများစွာက အကြိမ်

ပေါင်းများစွာ ထိမှန်ပြီး ဇကာပေါက် ဖြစ်နေပေလိမ့်မည်။

နောက်ထပ် အခက်အခဲတစ်ခုမှာ ခြေထောက်များ သခင်၏ ခံစစ်စွမ်းရည်ပင်။ လင်းဟွမ်သည် အနက်ရောင်အခွံကို ချိုးဖျက်ရန် မည်သို့ပင် ကြိုးစားစေကာမူ ဓါးနှင့် ထိလိုက်တိုင်း အစင်းကြောင်းလေးသာ ကျန်ရစ်ခဲ့သည်။ ထို့အပြင် ခြေထောက်များ သခင်တွင် အစွမ်းထက်သော ပြန်လည် ကုသရေးစွမ်းရည် ရှိနေသည်။

အဆင့်မြင့် ပြန်လည်ကုသရေး စွမ်းရည်လောက် အစွမ်းထက်ခြင်း မရှိသော်လည်း ကုသနိုင်စွမ်းမှာ အားကောင်း နေသေးသည်။ လင်းဟွမ် ချန်ထားခဲ့သော ၎င်းကိုယ်ပေါ်က အခြစ်ရာ၊ အစင်းရာများမှာ တစ်မိနစ်မပြည့်ခင် ပြန်လည် ပျောက်ကွယ်သွား၏။

“ဒီကောင်က ငါထင်ထားတာထက် အများကြီး အစွမ်းထက်နေတာပဲ”

လင်းဟွမ်သည် သူ၏ကတ်များကို အသုံးပြုရန် စဉ်းစားနေသည်။ ထို့အပြင် ဤတိုက်ခိုက်မှု

တစ်လျှောက်လုံး၌ မည်သည့် ဓါးကျင့်စဉ်ကိုမျှ အသုံးမပြုခဲ့ချေ။

"ခြေထောက်များ သခင်ရဲ့ အားနည်းချက်က သူ့ရဲ့အဆစ်တွေပဲ။ အထူးသဖြင့် ခေါင်းနဲ့ ချိတ်ဆက်ထားတဲ့ အဆစ်ပေါ့"

သွေးရဲရဲလေးက ပြောလာသည်။

"ဒါပေမယ့် ဒီကောင်က သွက်လက် မြန်ဆန်လွန်းတယ်။ တစ်ချိန်လုံး လှုပ်ရှားနေပြီး ဆူးတွေက အဆက်မပြတ် ပစ်နေတော့ တိုက်ခိုက်ဖို့ ပစ်မှတ်က လွဲလွဲ နေတယ်"

လင်းဟွမ်သည် ၎င်း၏ အဆစ်များကို တိုက်ခိုက်ရန် ကြိုးစားခဲ့သော်လည်း ခြေထောက်များ သခင်က သတိထားနေခဲ့သည်။

“သူ့ရဲ့အရှိန်ထက် ပိုမြန်အောင် လုပ်ပါ”

သွေးရဲရဲလေးက အကြံပြုလိုက်သည်။

လင်းဟွမ်သည် ထိုစကားကို ကြားလျှင် အံ့အားသင့်သွားသည်။ ခဏအကြာ တစ်စုံတစ်ခုကို သဘောပေါက်သွားပြီး အကြံများစွာဖြင့် ပြုံးလိုက်သည်။

"ဒီကောင့်ထက် ပိုမြန်မှရမှာလား။ ဘယ်လို လုပ်ရမလဲ ငါ သိပြီထင်တယ်"

## အခန်း(၅၈၅) - အဆုံးမဲ့ ခြိမ်းခြောက်မှု။

ခြေထောက်များ သခင်၏ ခံစစ်စွမ်းရည်မှာ အလွန် အားကောင်းနေပြီး တစ်ခုတည်းသော အားနည်းချက်မှာ ၎င်း၏အဆစ်များပင်။ သို့သော်လည်း ၎င်း၏အဆစ် (၃၀၀) သည် တစ်ခုနှင့်တစ်ခု ဆင်တူသည်။ ကြောက်စရာကောင်းသော အရှိန်အဟုန်နှင့် လှုပ်ရှားနေသောကြောင့် အဆစ်တစ်ခုတည်းကို ထပ်ခါတလဲလဲ ပစ်မှတ်ထားရန် ခက်ခဲနေသည်။

သွေးရဲရဲလေး၏ အကြံပြုချက်ကြောင့် လင်းဟွမ်၏ ဉာဏ်အလင်း ပွင့်သွားခဲ့သည်။ လုပ်ရမည့် တစ်ခုတည်းသောအရာမှ မွန်းစတားထက် ပိုမြန်အောင် လှုပ်ရှားဖို့ပင်။ အဆစ်များကို မခွဲခြားနိုင်သောကြောင့် ဦးခေါင်း နောက်ဘက်ရှိ ပထမဦးဆုံးအဆစ်ကို တိုက်ခိုက်ရန် ကြိုးစားရမည်။

လင်းဟွမ်သည် သဘောပေါက်သွားသည့် အချိန်၌ အင်အား အသုံးပြု၍ တိုက်ခိုက်မည့်အစီအစဉ်ကို စွန့်လွှတ်လိုက်သည်။ သူ၏လက်ရှိ အစွမ်းဖြင့် မွန်းစတားကို သတ်ဖြတ် နိုင်သော်လည်း

ထိုနည်းလမ်းက အတော်လေး ပင်ပန်းနွမ်းနယ် စေလိမ့်မည်။

"အခု ငါတို့တွေ သွေးပူလေ့ကျင့်ခန်း ပြီးပြီ။ ငါဘာလုပ်နိုင်လဲဆိုတာ မင်းကို ချက်ချင်း ပြမယ်"

လင်းဟွမ်က အကြံများစွာဖြင့် ပြုံးလိုက်ပြန်သည်။ သူ၏ခေါင်းကို ဝန်းရံထားသော အဖြူရောင် ကံကြမ္မာစွမ်းအားများမှာ ယခု ဤလျှပ်စီးကြောင်းများလို တဖျတ်ဖျတ် လက်လာကာ တစ်စက္ကန့်မပြည့်ခင် အဖြူရောင် မိုးကြိုးခေါင်းအဖြစ်

ပြောင်းလဲသွားသည်။ ယခုအခါ၌ ခေးသည် (၂) စင်တီမီတာ ပိုရှည်လာခဲ့ပြီ။

"ဒါက သွေးပူလေ့ကျင့်ခန်းပဲ ရှိသေးတာလား"

ရီကျန်းနှင့် ကျန်သည့်လူများ အံ့သြသင့်နေကြသည်။

"ဒါ မိုးကြိုးဂုဏ်သတ္တိ မဟုတ်လား။"

ရီကျန်းသည် လင်းဟွမ်က မည်သည့်အရာ လုပ်ဆောင်ရန် ကြိုးစားနေသည်ကို နားမလည်သဖြင့် စောင့်ကြည့်ရင်း ဇဝေဇဝါ ဖြစ်နေသည်။

"ဒြပ်စင် ဉာဏ်အလင်းကို နားမလည်ဘူးဆို။ ဒါက ဘာလဲ”

လျှန်ယုရှင်းလည်း မျက်မှောင် ကြုတ်သွားသည်။ ဒြပ်စင် ဉာဏ်အလင်းပွင့်မှု မရှိပါက တိုက်ခိုက်မှုမှာ လုံလောက်အောင် အဆင့်မမြင့်ဘဲ ခြေထောက်များ သခင်ကို တိုက်ခိုက်ရာ၌ အသုံး မဝင်ချေ။

လင်းဟွမ်၏ခေါင်းကို ဖုံးအုပ်ထားသော အလင်းရောင်မှာ သူ၏ ကံကြမ္မာစွမ်းအားမှ ပြောင်းလဲထားသော ပုံမှန်လျှပ်စီးကြောင်းသာ ဖြစ်နိုင်သည်။

ခြေထောက်များသခင်သည် မူလက လင်းဟွမ်၏ ခါးအသွင်ပြောင်းလဲမှုကို မြင်လိုက်သည့် အချိန်၌ အံ့အား သင့်သွားသော်လည်း ဒါက ကံကြမ္မာစွမ်းအားမှ ပြောင်းလဲထားသော ပုံမှန်လျှပ်စီးကြောင်းသာ ဖြစ်ကြောင်း သိသွားသည့်အခါ၌ ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာသည်။

"မင်းက ထူးထူးဆန်းဆန်း လုပ်ပြမယ်လို့ ထင်နေတာ။ ဒီမိုးကြိုးနဲ့ ငါ့ကို တစ်နေကုန် ထိုင်ရိုက်ရင်တောင် အယားပြေမှာ မဟုတ်ဘူး"

"တကယ်လား"

လင်းဟွမ်က ပြုံးလိုက်သည်။

အဖြူရောင် လျှပ်စီးကြောင်းများသည် တစ်ကိုယ်လုံး ပျံ့နှံ့လာပြီး လျှပ်စီးမိုးကြိုး တစ်ခုအလား ပျံသန်းသွားသည်။

"ဟာ... မြန်လိုက်တာ"

လင်းဟွမ်၏အရှိန်ကို မြင်လျှင် ခြေထောက်များ သခင်ပင် တုန်လှုပ်သွားသည်။

ရီကျန်းနှင့် ကျန်သည့်လူများမှာ လင်းဟွမ်၏ လှုပ်ရှားမှုကို လိုက်ကြည့်၍ မမှီကြတော့ပေ။ လင်းဟွမ် ပျောက်ကွယ် သွားသည်ကိုသာ မြင်လိုက်ရသည်။

အမှန်တကယ်ဆို လင်းဟွမ်က ခြေထောက်များ သခင်၏ ခေါင်းပေါ်ကို နေရာကူးပြောင်းသွားခြင်း ဖြစ်ပြီး မတုံ့ပြန်နိုင်ခင် အသွင်ပြောင်းထားသော အဖြူရောင် လျှပ်စီးဓားက ၎င်းဦးခေါင်းနောက်မှ ပထမဦးဆုံး အဆစ်ကို ထပ်ခါထပ်ခါ ခုတ်ချ လိုက်သည်။ ဓါးချက်၏ အမြန်နှုန်းမှာ

လျှင်မြန်လွန်းသောကြောင့် အကြိမ် ပေါင်းရာနှင့်ချီ ခုတ်ချနိုင်ခဲ့သည်။

"ဝေါင်း...."

ခြေထောက်များသခင်သည် ပြင်းထန်စွာ ဟိန်းဟောက်လိုက်ပြီး လင်းဟွမ်ကို မရေမတွက်နိုင်သော အဆိပ်ဆူးများနှင့် ပစ်ခတ်လိုက်သည်။

ဤတစ်ကြိမ်တွင် လင်းဟွမ်သည် အဆိပ်ဆူးများကို မရှောင်ခဲ့ပေ။ သူ့ရှေ့၌ အမှောင်ထုကြေးမုံ ပေါ်လာသည်။ အဆူးများက

ကြေးမုံ မျက်နှာပြင်ကို ထိမှန်သွားသော်လည်း လှိုင်းကြက်ခွပ်များ ထွက်ပေါ်လာပြီးနောက် မကြာခင် ကြေးမုံ့က စုပ်ယူသွားပြီး ဒဏ်ပြန် ပစ်လွှတ်လိုက်သည်။ လင်းဟွမ် ခေါ်းနှင့် ခုတ်နေခဲ့သော ခြေထောက်များသခင် ဦးခေါင်း နောက်ဘက်ရှိ အဆစ်ကို ပြန်ကန်ထွက်လာသော အဆူးများက ထိမှန်သွားသည်။

ခြေထောက်များ သခင်၏ အဆူးများသည် လင်းဟွမ် ခုတ်ချနေသော ခေါ်းချက်ထက် အားနည်းခြင်း မရှိပေ။

တပြိုင်နက်တည်းမှာပင် လင်းဟွမ်၏ ခါးနှင့် အခုတ်ခံနေရသလို အဆိပ်ရှိသော အဆူးများစွာနှင့် အပစ်ခံလိုက်ရသဖြင့် ခြေထောက်များသခင်သည် နာကျင်မှုကြောင့် အော်ဟစ် ညည်းတွားနေသည်။

သို့သော်လည်း အဆူးများက အရိုးအဆစ်များထဲမှ တစ်ခုကိုသာ ပစ်မှတ်ထားသောကြောင့် အဆိပ်ဒဏ် မခံရပေ။ အဆိပ်သည် ၎င်း၏ သွေးကြောထဲသို့ ဝင်ရောက်သွားပါက အန္တရာယ် ရှိနိုင်သော်လည်း အဆိပ်ခုခံနိုင်စွမ်း မြင့်မားသောကြောင့် အဆိပ်မိပါက

တုံ့ပြန်မှု အနည်းငယ် ဖြစ်ပေါ်ခဲ့ပြီး သေတော့ မသေခဲ့ချေ။

ခြေထောက်များသခင်သည် တိုက်ခိုက်မှု မအောင်မြင်သောကြောင့် ထွက်ပြေးရန် ဆုံးဖြတ်လိုက်သည်။ ၎င်းထံတွင် ရင်သပ်ရှုမောဖွယ်ကောင်းသော ကုသနိုင်စွမ်း ရှိသော်လည်း လင်းပတွမ်က အဆစ်တစ်ခုတည်း အပေါ် ထပ်ခါတလဲလဲ တိုက်ခိုက်နေခြင်းကိုမူ တောင့်မခံနိုင်ချေ။

အကယ်၍ အဆစ် ကျိုးသွားပါက ၎င်း၏ လှုပ်ရှားမှုကို ကြီးမားစွာ ထိခိုက်စေနိုင်သောကြောင့်ပင်။

ခြေထောက်များ သခင်သည် လင်းဟွမ်ကို ခါချရန် ကြိုးစားသည့် အနေနှင့် ၎င်း၏ ရာနှင့်ချီသော ခြေထောက်များကို လျှင်မြန်စွာ လှုပ်ရှား၍ ခန္ဓာကိုယ်ကို လူးလိမ့်လိုက်သည်။

"ပြေးချင်တာလား"

လင်းဟွမ်က အော်ဟစ်လိုက်သည်။

အကယ်၍ သူက အခြား မွန်းစတားတစ်ကောင်နှင့်သာ တိုက်ခိုက်နေပါက ထိုမွန်းစတား၏ နောက်ကျောပေါ်တွင် မတ်တပ်ရပ်နိုင်မှာ သေချာသည်။ သို့သော်လည်း ခြေထောက်များ သခင်ကမူ ၎င်း၏ နောက်ကျောပေါ်တွင် မရေမတွက်နိုင်သော ဆူးများ ရှိနေသောကြောင့် ရပ်စရာ နေရာမရှိချေ။

သူလုပ်နိုင်သည့် တစ်ခုတည်းသော အရာမှာ ၎င်းကို မီးအောင်ပုံ့သန်းပြီး ၎င်း၏အဆစ်ကို တိုက်ခိုက်ရန်ပင် ။

ခြေထောက်များသခင်က အရှိန်အဟုန်လျှင်မြန်သလို ဦးတည်ရာ လမ်းကြောင်းကိုလည်း အဆက်မပြတ် ပြောင်းလဲနေသောကြောင့် လင်းဟွမ်အတွက် အဆစ်ကို တိုက်ခိုက်ရန်ခက်ခဲစေခဲ့ပြီး သူ၏တိုက်ခိုက်မှု ထက်ဝက်ခန့်သာ အဆစ်ပေါ်သို့ ကျရောက်နေသည်။

၎င်း၏ ကုသနိုင်စွမ်းမှာ ကြီးမားသော်လည်း တူညီသောနေရာ တစ်ခုကို ဆက်တိုက် အတိုက်ခံရပါက အဆစ်များ ကွဲသွားမည်ကို သိနေသည်။ အဆစ်ကွဲသွားသည်နှင့် လျင်မြန်စွာ

မလှုပ်ရှားနိုင်တော့ဘဲ ထိုအချိန်တွင် အသတ်ခံရလိမ့်မည်။

"လူသား၊ မင်းက ငါ့ကို ရွေးချယ်စရာမရှိအောင် လုပ်နေတာပဲ"

ခြေထောက်များ သခင်သည် အဖြူရောင်မီးလျှံအဆင့် ဤလူသား ပါရမီရှင်၏ လက်ထဲ၌ သေသွားနိုင်ကြောင်း သိလိုက်သဖြင့် ထိန်ချန်ထားခြင်း မရှိတော့ပေ။

ခြေထောက်များ သခင်၏ အဆူးများထဲတွင် ခရမ်းရောင် ပိုးကောင်၏ ခန္ဓာကိုယ်ကို

ဖုံးကွယ်ထားသည်။ ထိုပိုးကောင်သည် ပင့်ကူမျှင်ကဲ့သို့ ပါးလွှာပြီး ခြေထောက်များသခင်၏ နောက်ကျောပေါ်တွင် ပင့်ကူအိမ် တစ်ခုကဲ့သို့ ဖြစ်ပေါ်လာသည်။ မူလက ပိုးကောင်၏ ကိုယ်ထည်မှာ ခရမ်းနက်ရောင် ဖြစ်ပြီး ယခုအခါ လုံးဝအနက်ရောင် ဖြစ်သွားခဲ့ပြီ။

လင်းဟွမ်၏ မျက်လုံးသူငယ်အိမ် တုန်ခါသွားပြီး ချက်ခြင်း နောက်ပြန်ဆုတ်လိုက်သည်။

ခြေထောက်များ သခင်က ၎င်း၏ အဆုံးစွန်သော တိုက်ခိုက်မှုကို ထုတ်ဖော်တော့မည် ဖြစ်သောကြောင့် ဤကဲ့သို့ လု ပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

၎င်းကို ခန္ဓာကိုယ်မှ အဆိပ်အားလုံးကို အသုံးပြုပြီး လေထဲတွင် ပင့်ကူအိမ် တစ်ခု တည်ဆောက်ခြင်းကို အဆုံးမဲ့ ခြိမ်းခြောက်မှုဟု ခေါ်သည်။

အဆိပ်ရှိသော ပင့်ကူအိမ်သည် ခရမ်းရောင်ပင့်ကူမျှင်များ အဖြစ် လေထဲတွင် ပျံ့နှံ့လာသည်။ အဆိပ်ရှိသော ပိုးကောင်များသည်

အခြားသတ္တဝါများ၏ ချေးပေါက်များအတွင်းသို့ စိမ့်ဝင်နိုင်ပြီး မမြင်နိုင်သော ပိုးလောင်းများက အသက်ရှူလိုက်တိုင်း အဆုတ်ထဲ ဝင်ရောက်သွားနိုင်သည်။

ထို့အပြင် ခြေထောက်များသခင်က ၎င်း၏ ခန္ဓာကိုယ် တစ်ခုလုံးတွင်ရှိသော အဆိပ်များကို အသုံးပြုထားသောကြောင့် ၎င်း၏ တိုက်ခိုက်ရေး အဆင့်ထက် အဆင့် နှစ်ဆင့်ပိုမြင့်သော သက်ရှိတစ်ကောင်ကိုပင် သုံးမိနစ် အတွင်းမှာ ဘုန်းခနဲ လဲ၍ သေဆုံးသွားစေနိုင်၏။

ထိုစွမ်းရည်ကို အသုံးပြုပါက ခြေထောက်များ သခင်၏ ခန္ဓာကိုယ်ထဲရှိ အဆိပ်များအားလုံး ကုန်ဆုံးသွားမည် ဖြစ်ပြီး ထိုပမာဏကို ရရှိရန် နှစ်ပေါင်း ရာနှင့်ချီ အချိန်ယူရသည့်အတွက် ယင်းကဲ့သို့ လုပ်ဆောင်ရန် ဆန္ဒမရှိပေ။

ထို့အပြင် နောက်ထပ်အကြောင်းအရင်း တစ်ခုမှာ ဤစွမ်းရည်ကို အသုံးပြုပြီးသည်နှင့် ၎င်း၏ ကိုယ်ပိုင်တိုက်ခိုက်ရေး အဆင့် ကျဆင်းသွားတတ်သောကြောင့်ပင် ။

"ငါတော့ ကိုယ့်ဒုက္ခ ကိုယ်ရှာလိုက်မိပြီ”

လင်းဟွမ်သည် ခြေထောက်များသခင်က ဤမျှ လုပ်ဆောင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"ခြေထောက်များသခင်က ဒီလို လုပ်တာ ပထမဆုံး အကြိမ်ဆိုရင် အခုလက်ရှိ အဆိပ်ရဲ့ ပြင်းထန်မှုက ကီလိုမီတာ (၆၀) အကွာအဝေးအတွင်း ပျံ့နှံ့ ဖုံးလွှမ်းနိုင်ပြီး အရာအားလုံး သေဆုံး သွားနိုင်တယ်။"

သွေးရဲရဲလေးက ခန့်မှန်းလိုက်သည်။

"လင်းဟွမ်၊ အဆိပ်မပြန့်ခင် လုပ်"

ရီကျန်းသည် ခြေထောက်များသခင်က ၎င်း၏ အဆုံးစွန်သော တိုက်ခိုက်မှုကို ထုတ်ဖော်နိုင်သည်နှင့် တိုက်ခိုင်ရန် မဖြစ်နိုင်ကြောင်း သိလိုက်သည်။

"ငါက အင်မော်တယ်အဆင့် (၃) အထိ တကယ်ပဲ မမြှင့်တင်ချင်ဘူး။ အဲဒါက အနိုင်ကျင့်သလို ဖြစ်သွားလိမ့်မယ်။"

လင်းဟွမ်က ခေါင်းကို အသာအယာ ခါယမ်းလိုက်သည်။ သူ၏ အဖြူရောင်လျှပ်စီးခါးမှာ ယခုအခါ မီးတောက်အဖြစ် ပြောင်းလဲသွားခဲ့ပြီ။

"စီးဆင်းနေသော မီးဓါး"

လင်းဟွမ် အော်ပြောလိုက်သည့် အချိန်၌ အခန်းတစ်ခုလုံး ဖြူဖွေး လင်းထိန်တောက်ပသွားသည်။

ရီကျန်းနှင့် ကျန်သည့်လူများ တွေ့လိုက်ရသည့် တစ်ခုတည်းသော အရာမှာ လင်းဟွမ်၏လက်ထဲမှ နေရောင်ကဲ့သို့ အဖြူရောင် အလင်းများ တောက်ပနေသည့် ဓါးတစ်လက်ပင်။

(၁၀) စက္ကန့်ကြာသောအခါ အဖြူရောင် အလင်းရောင် မှေးမှိန်လာသည်နှင့် လေထဲမှ အရိပ်တစ်ခု ဆင်းသက်လာသည်။ အခန်းထဲတွင်

ခရမ်းရောင်ပိုးများ မရှိသလို ကြီးမားလှသည့် ခြေထောက်များသခင်ကို မည်သည့် နေရာမှာမှ မတွေ့ရတော့ချေ။

"လင်းဟွမ်၊ မင်း အနိုင်ရသွားပြီလား"

လီလန်သည် သိနေသော်လည်း မေးဖြစ်အောင် မေးလိုက်သေးသည်။

"ဟုတ်တယ်"

"ခြေထောက်များ သခင် ဘယ်မှာလဲ "

ရီရီယွီက ချက်ချင်း မေးလိုက်သည်။

"ထုံးစံအတိုင်းပေါ့ သေသွားပြီ။"

လင်းဟွမ်က ခေါင်းယမ်းကာ ပြုံးလိုက်သည်။

"အဆိပ်တွေရော ရှင်းပြီးပြီလား"

ရီရီယွီ သံသယဝင် နေသေးသဖြင့်

"ရှင်းပြီးပြီ။ စိတ်မပူနဲ့။"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

"မင်းသုံးတဲ့ စွမ်းရည်က.."

ရီရီယွီသည် ဆက်မေးချင်သော်လည်း ရီကျန်းက သူမပခုံးကို ပုတ်ပြီး ခေါင်းခါပြလိုက်သည်။

ဒါသည် လင်းဟွမ်၏ အဆုံးစွန်သော တိုက်ခိုက်မှု ဖြစ်သည့်မှာ ထင်ရှားသည်။ ရီကျန်းလည်း သူ အသုံးပြုခဲ့သော လှုပ်ရှားမှု အတိအကျကို သိချင်သော်လည်း ဘောင်ကျော်သွားသလို ဖြစ်နိုင်သောကြောင့် မမေးခဲ့ပေ။

ရီရီယွီသည် ရီကျန်း တားလိုက်သည့်အချိန်မှ သူမမေးရန် မသင့်တော်ကြောင်း သဘောပေါက်သွားပြီး ခေါင်းညိတ်ကာ လျှာလေး ထစ်လစ် ထုတ်ပြလိုက်သည်။

"ဒီမှာ ဂိုဒေါင်တစ်ခု ရှိတယ်၊ ယူစရာ ရှိ၊မရှိ ကြည့်ရအောင်။ လမ်းတစ်လျှောက်လုံးမှာ ရတနာတွေ မတွေ့ခဲ့တော့ ဒီအခန်းထဲမှာ ဝှက်ထားတာ ဖြစ်နိုင်တယ်။"

လင်းဟွမ်သည် အခန်းတစ်ဝိုက်ကို လှည့်ပတ်ရှာဖွေ ကြည့်သော်လည်း မည်သည့်အရာမျှ မတွေ့ခဲ့ရပေ။

လူခွဲ၍ လိုက်ရှာသောအခါ လျန်ယုရှင်းက မြေအောက်အခန်းထဲ ဝင်နိုင်သည့် လျှို့ဝှက်တံခါးပေါက် တစ်ခုကို တွေ့လိုက်သည်။

ဝင်ပေါက်ကို ကျောက်တုံးဖြင့် ဖုံးကွယ်ထားသောကြောင့် သွေးရဲရဲလေး သို့မဟုတ် လင်းဟွမ်၏ နယ်မြေပိုင်နက် အသိစိတ်နှင့် အာရုံခံနိုင်ခြင်း မရှိပေ။

သူတို့သည် ဧရာမ ကျောက်တုံးကြီးကို ရှာဖွေတွေ့ရှိပြီးနောက် မြေအောက်ခန်းသို့ လှေကားမှ ဆင်းလာကြရာ စတုရန်းမီတာ (၂၀၀) အောက်သာ ကျယ်ဝန်းသော ဂိုဒေါင်တစ်ခုကို တွေ့လိုက်ရသည်။

ဗီရိုအားလုံး ပြိုကျနေပြီး မြေပြင်ပေါ်တွင် ပြန့်ကျဲနေသော အင်ပါယာနှလုံးသား လက်စွပ်များ၊

လက်နက်များ၊ သံချပ်ကာများနှင့် အကောင်းတိုင်း ရှိနေသော ခတ်ကြွင်းများ ပြုတ်ကျ၍ ပျံ့ကျဲ နေသည်။ အမျိုးမျိုးသော စစ်တပ် အသုံးအဆောင် ပစ္စည်းများ ရှိသော်လည်း ယခုအခါ သုံးမရတော့ချေ။

သွေးရဲရဲလေးက ပစ္စည်းများကို စစ်ဆေးပြီးနောက် နောက်ဆုံး၌ တွက်ချက်မှုရလဒ်ကို ထုတ်ပေး လိုက်သည်။

"အင်ပါယာ နှလုံးသားလက်စွပ် စုစုပေါင်း (၃,၅၈၇) ကွင်း၊ ကောင်းမွန်တဲ့ အဆင့်မြင့် ခတ်ကြွင်း(၃၂၇) ခု၊ ခတ်ကြွင်း (၅၁၁) ခုနဲ့

တခြားပစ္စည်း အမျိုးမျိုး၊ ကံကြမ္မာသလင်းကျောက် အပိုင်းအစနဲ့ သတ္တုတချို့ ရှာတွေ့တယ်။"

"မဆိုးပါဘူး"

လင်းဟွမ်က သူတို့ ရှာတွေ့သည့် အရာများအတွက် ကျေနပ်နေသည်။

"အရင်က စည်းကမ်းအတိုင်းပဲ။ ငါတို့တွေ အညီအမျှ ခွဲဝေယူကြမယ်။"

လင်းဟွမ်သည် ပစ္စည်း အားလုံးကို သိုလှောင်လက်စွပ်ထဲ ထည့်နေရင်း သူတို့အားလုံးက

မြေအောက်အခန်းထဲမှ ပြန်ထွက်ပြီးနောက် ဤဟင်းလင်းပြင် အပျက်အစီးနေရာ အကြောင်းကို မည်ကဲ့သို့ ရှင်းပြရင် ကောင်းမလဲဟု စဉ်းစားနေခဲ့စဉ်

"မြေအောက်ထဲကနေ မွန်းစတားတွေ အများကြီး ထွက်လာတယ်"

မြေအောက် ပထမထပ်သို့ ပြန်ရောက်သောအခါ သွေးရဲရဲလေးက ပြောလာသည်။

## အခန်း(၅၈၆) - အဆင့် (၅) ဟင်းလင်းပြင် အပျက်အစီး ဟုတ်လား.....

ဤတစ်ကြိမ်တွင် သွေးရဲရဲလေးက သတင်းကောင်း မသယ်လာခဲ့ပေ။ ခြေထောက်များ သခင် အသတ်ခံရသည့် အခိုက်အတန့်၌ သွေးရဲရဲလေးက ကပ်ပါးကောင်များကို ၎င်းအပေါ်တွင် ကူးစက် စေခဲ့သည်။ အင်ပါယာအဆင့် (၃) ဆိုသည်မှာ သွေးရဲရဲလေးက ကပ်ပါးကောင် ကူးစက်နိုင်သော အမြင့်ဆုံးအဆင့်ပင် ။

ဤမွန်းစတားထံမှ ရရှိသော သတင်း အချက်အလက်များမှာ အစောပိုင်းက အခြားမွန်းစတားများထံမှ သွေးရဲရဲလေး ရရှိခဲ့သော သတင်း အချက်အလက်များထက် ပိုများသည်။

လင်းဟွမ် ရရှိခဲ့သော မှတ်ဉာဏ်များအရ သူသတ်ခဲ့သည့် ကိုင်ဇာဘုရင်သည် ဤဟင်းလင်းပြင် အပျက်အစီးထဲတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သည်။

ဤဟင်းလင်းပြင် အပျက်အစီးထဲတွင် အစွမ်းအထက်ဆုံး မွန်းစတားမှာ အင်ပါယာအဆင့် မဟုတ်ပေ။ လင်းဟွမ်သည် ခြေထောက်များ

သခင်၏ မှတ်ဉာဏ်ကို ဖတ်ကြည့်ပြီးနောက် ဤနေရာအား အဆင့် (၄) ဟင်းလင်းပြင် အပျက်အစီးတစ်ခုဟု ထင်ခဲ့သည်မှာ မည်မျှ မှားယွင်းကြောင်း သူသိလိုက်ရသည်။ ဒါသည် နတ်ဘုရားတစ်ပိုင်း အဆင့်များပင် ရှိနေသော အဆင့်(၅) ဟင်းလင်းပြင် အပျက်အစီး တစ်ခု ဖြစ်နေခြင်းပင်။

နတ်ဘုရားတစ်ပိုင်း မွန်းစတား သုံးကောင်နှင့် လျှို့ဝှက်ဆန်းကြယ်သော မွန်းစတားတစ်ကောင် တည်ရှိနေပြီး အသားစွမ်းအင် ပမာဏများစွာ

လိုအပ်သောကြောင့် လစဉ်လတိုင်း သွေးစတေးမှုများ ပြုလုပ်ရသည်။ သတ်ဖြတ်ခြင်း ဖြစ်စဉ် ပြီးဆုံးပြီးနောက်၊ မွန်းစတား အသေကောင် အားလုံးကို နတ်ဘုရားတစ်ပိုင်းအဆင့် မွန်းစတားများနှင့် လျှို့ဝှက်ဆန်းကြယ် မွန်းစတားထံ ယဇ်ပူဇော်ရသည်။

လစဉ်လတိုင်း နတ်ဘုရားတစ်ပိုင်း မွန်းစတား သုံးကောင်နှင့် လျှို့ဝှက် ဆန်းကြယ် မွန်းစတားတို့သည် ယဇ်ပူဇော်ထားသော

သားကောင်များကို မည်သူက ရယူမည်ကို ဆုံးဖြတ်ရန် တိုက်ခိုက်ကြရသည်။

အကယ်၍ ယဇ်ပူဇော်မှု မလုံလောက်ပါက နတ်ဘုရားတစ်ပိုင်း မွန်းစတား သုံးကောင်နှင့် လျှို့ဝှက်ဆန်းကြယ် မွန်းစတားတို့သည် မွန်းစတားများကို ၎င်းတို့ကိုယ်တိုင် အမဲလိုက်၍ သတ်ပစ်ကြသည်။

လင်းဟွမ်သည် ဤသွေးစတေးမှုကြောင့် ဟင်းလင်းပြင် အပျက်အစီးရှိ မွန်းစတားများ မျိုးသုဉ်းသွားမည် မဟုတ်ကြောင်း ကောင်းကောင်း

သိနေသည်။ ဟင်းလင်းပြင် အပျက်အစီးများထဲ၌ မွန်းစတား အကောင်အရေအတွက် နည်းပါး သွားသည်နှင့် တပြိုင်နက် ဟင်းလင်းပြင် အပျက်အစီးကို ပြန်လည် အသက်သွင်းရန် မျက်လုံးတုများ ပွင့်လာပြီး မွန်းစတား အမြောက်အမြား ဝင်ရောက်လာလိမ့်မည် ဖြစ်သည်။

ယခုလက်ရှိ၌ လင်းဟွမ် စိုးရိမ်နေသည့်အရာမှာ သုံးရက် အကြာတွင် ဖြစ်ပျက်လာမည့် သွေးစတေးခြင်းပင်။ ထိုအချိန်သို့ ရောက်လျှင် အိပ်ပျော်နေသော နတ်ဘုရားတစ်ပိုင်း မွန်းစတား

သုံးကောင်နှင့် လှျို့ဝှက်ဆန်းကြယ် မွန်းစတားတို့ နိုးထလာလိမ့်မည်။

(နောက်ထပ် သုံးရက်ကြာရင် ငါတို့ရဲ့ခရီးကို အဆုံးသတ် ရမှာလား)

လင်းဟွမ် စိတ်ညစ်သွားသည်။ သူနှင့်အတူ ဟင်းလင်းပြင် အပျက်အစီးသော့ ရှိနေပါသော်လည်း နောက်တစ်ကြိမ် ပြန်ဝင်နိုင်ရန် တစ်နှစ်ကြာအောင် စောင့်ဆိုင်းရပေလိမ့်မည်။

သွေးစတေးခြင်းမှာ ဤဟင်းလင်းပြင် အပျက်အစီးထဲရှိ သက်ရှိ အားလုံးအပေါ်

သက်ရောက်မှုရှိပြီး မွန်းစတားများက သတ်ဖြတ်နိုင်မည့် အရာများကို ရှာဖွေနေသောကြောင့် စစ်မြေစိုက်စခန်း အပျက်ထဲတွင် ပုန်းအောင်းနေလျှင်ပင် အန္တရာယ်ကင်းလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ဤဟင်းလင်းပြင် အပျက်အစီး နေရာထဲတွင် ဘေးကင်း လုံခြုံသော နေရာ မရှိချေ။

ယခုလက်ရှိ လင်းဟွမ်၏ စွမ်းရည်အရ အင်မော်တယ်အဆင့် မွန်းစတား တစ်ကောင်ကို သေချာပေါက် တိုက်ခိုက်နိုင်သည်။ သို့သော်လည်း

အင်ပါယာအဆင့် မွန်းစတားတစ်ကောင်နှင့် တိုက်ခိုက်ရမည် ဆိုပါက သူ၏အဆုံးစွန်သော စွမ်းရည်နှင့်ပင် ၎င်းကို အနိုင်ယူနိုင်လိမ့်မည်ဟု ယုံကြည်ချက် မရှိပေ။

ဒါသည် သွေးစတေးခြင်း မစတင်ခင် ဤဟင်းလင်းပြင် အပျက်အစီးထဲမှ ပြန်ထွက်ခွာရန် သူစဉ်းစားရသည့် အကြောင်းအရင်းပင်။

လင်းဟွမ် စိတ်ထဲတွင် ရှိနေသေးသည့် နောက်တစ်ချက်မှာ ကျန်သည့်လူများကို မည်ကဲ့သို့

ရှင်းပြရမလဲ ဆိုသည့်အချက်ပင်။ လေးလေးနက်နက် တွေးတောနေစဉ် သွေးရဲရဲလေးက

"မြေအောက်ထဲက ထွက်လာတဲ့ မွန်းစတားတွေ အများကြီးပါလား"

"အပြင်မှာ မှောင်နေပြီလား။"

လင်းဟွမ် အံ့အားသင့်သွားသည်။

"ဟုတ်တယ်၊ သူတို့ အမဲလိုက်တဲ့အချိန် ရောက်ပြီ"

သွေးရဲရဲလေးက ပြန်ဖြေလိုက်သည်။

အမဲလိုက်သည့် အချိန်မှာ နေဝင်ချိန်နှင့် နောက်တစ်နေ့မနက် နေထွက်လာမည့်အချိန် အထိ ဖြစ်သည်။ ဒါသည် သွေးစတေးခြင်း မဟုတ်သော်လည်း ဤဟင်းလင်းပြင် အပျက်အစီးထဲရှိ မွန်းစတားများ၏ အစာရှာဖွေမှုပင် ။

သူတို့သည် မွန်းစတားများ၏ အသိုက်များကို မကျူးကျော်တတ်သောကြောင့် လင်းဟွမ်နှင့် ကျန်သည့်လူများက မြေအောက် ဂိုဒေါင်ထဲတွင် ပုန်းအောင်းနေပါက အန္တရာယ် ကင်းနိုင်သည်။ ဂိုဒေါင်သည် ခြေထောက်များသခင်၏ အသိုက်

ဖြစ်ခဲ့ဖူးသောကြောင့် အနီးအနားရှိ မွန်းစတားများက ဤနေရာကို ရှောင်ရှားလေ့ရှိသည်။

"လင်းဟွမ် ဘာဖြစ်နေတာလဲ။ မင်းကို ကြည့်ရတာ သိပ် အဆင်မပြေတဲ့ပုံပဲ"

လျန်ယုရှင်းက လင်းဟွမ်၏ စိုးရိမ်ပူပန်နေသော အမူအရာကို သတိထားလိုက်မိ၍

"အပြင်မှာ မှောင်နေပြီ၊ သွေးရဲရဲလေးက အပြင်ဘက်မှာ အစာရှာဖို့ အမဲလိုက်ထွက်နေတဲ့ မွန်းစတားတွေ အများကြီး ရှိနေတယ်လို့ ပြောတယ်"

လင်းဟွမ်သည် သတင်းကို မည်ကဲ့သို့ ပြောပြလျှင် ကောင်းမလဲဟု တိတ်တဆိတ် စဉ်းစားရင်း တွေးတောနေစဉ်

"မွန်းစတား ဘယ်နှစ်ကောင်လောက် ရှိလဲ"

ရီကျန်းက မေးလိုက်သည်။

"တော်တော်များတယ်၊ ပိုလည်း များလာတယ်။"

သွေးရဲရဲလေးက ကောင်လေးတစ်ယောက်၏ အသံနှင့် ကျယ်လောင်စွာ ပြောလိုက်သည်။

"သူတို့ရဲ့ တိုက်ခိုက်ရေးအဆင့်က ဘယ်လောက်ရှိလဲ။ အဲဒါကို မင်း အာရုံခံနိုင်လား။"

ရီကျန်းက ထပ်မေးလိုက်သည်။

"အစွမ်းအထက်ဆုံးက အင်ပါယာ အဆင့်။"

သွေးရဲရဲလေးသည် အင်ပါယာအဆင့် မွန်းစတားများကို မတွေ့ရ သေးသော်လည်း လင်းဟွမ် ခိုင်းသည့်အတိုင်း ပြောလိုက်သည်။

"ဒါဆို ဒါက အဆင့် (၄) ဟင်းလင်းပြင် အပျက်အစီးပဲ"

ရီကျန်းသည် မျက်မှောင်ကြုတ်သွားပြီး ကျန်သည့်လူများကို စိုးရိမ်တကြီး လှည့်ကြည့်လိုက်သည်။ အကယ်၍ ဒါက အဆင့် (၃) ဟင်းလင်းပြင် အပျက်အစီးတစ်ခု ဖြစ်မည်ဆိုပါက အစွမ်းအထက်ဆုံး မွန်းစတားက အင်မော်တယ် အဆင့်တွင်သာ ရှိရလိမ့်မည်။

ဆုလာဘ်များက အမြတ်များနိုင်သောကြောင့် သူတို့အတွက် ခရီးထွက်ရကျိုး နပ်ပေလိမ့်မည်။ သို့ရာတွင် အင်ပါယာအဆင့် မွန်းစတား တစ်ကောင်နှင့် တွေ့ပါက အနိစ္စသဘောနှင့်

ကိစ္စချောသွားနိုင်သောကြောင့် အဆင့် (၄) ဟင်းလင်းပြင် အပျက်အစီးမှာ အန္တရာယ်များလွန်းသည်။

"အင်ပါယာအဆင့် မွန်းစတား တစ်ကောင်ရှိတာ သေချာလား"

လျှန်ယုရှင်းက အတည်ပြုချင်သောကြောင့် သွေးရဲရဲလေးကို နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။

"သေချာတယ်။ ပြီးတော့ တစ်ကောင်ပြီး တစ်ကောင် ထွက်လာပြီး ပိုပို များလာတယ်။"

သွေးရဲရဲလေးက နှစ်ခါပြန်မတွေးဘဲ အဖြေပြန် ပေးလိုက်သည်။

"ဒါဆို အဆင့် (၄) ဟင်းလင်းပြင် အပျက်အစီး ဆိုတာ သေချာနေပြီ။ ငါတို့က ဒီလောက် အဆင့်မြင့်တဲ့ ဟင်းလင်းပြင် အပျက်အစီးထဲဝင်ဖို့ အရည်အချင်း မပြည့်သေးဘူး"

ရီကျန်းသည် ခတ္တမျှ တိတ်ဆိတ်သွားပြီးနောက် လင်းဟွမ်ကို လှမ်းပြောလိုက်သည်။

"ငါတို့ရဲ့ လက်ရှိ တိုက်ခိုက်ရေးအဆင့်ကို ကြည့်ပြီး သုံးသပ်ရမယ်ဆိုရင် ဒီဟင်းလင်းပြင် အပျက်အစီးက အန္တရာယ် များလွန်းတယ်။"

သူက ဆက်ပြောလိုက်သည်။

"အစ်ကိုကျန်းနဲ့ အမြင်တူတယ်။ လင်းဟွမ် ဖြစ်နိုင်မယ်ရင် ငါတို့ ပြန်ထွက်သွားသင့်တယ်"

လီလန်ကလည်း ထောက်ခံနေသည်။ သူ၏ အစွမ်းအစနှင့်ဆိုလျှင် ယခုလက်ရှိ အချိန်၌ အင်ပါယာအဆင့် မွန်းစတား မဆိုထားနှင့် အင်မော်တယ် အဆင့်ကိုပင် မတိုက်ခိုက်နိုင်သေးပေ။

"ငါတို့ ဒီရောက်တာ ရက်ပိုင်းပဲ ရှိသေးတယ်၊ မင်းတို့တွေ ထွက်သွားချင်နေပြီလား။ တော်တော် ကြောက်တတ်တဲ့ ကြောင်ပေါက်လေးတွေပဲ"

ရီရီယွီက သဘောမတူသော လေသံနှင့် ထုတ်ပြောလာသည်။

"ဒီဟင်းလင်းပြင် အပျက်အစီးကို နောက်တစ်ကြိမ် ပြန်ဖွင့်ဖို့ တစ်နှစ်လောက် အချိန်ယူရမယ်။ ငါတို့ ဒီကိုရောက်နေတာ ခဏလေးပဲ ရှိသေးတာဆိုတော့ အခုချိန် ပြန်ထွက်သွားရင် နောက်နှစ်မှပဲ ပြန်လာနိုင်လိမ့်မယ်"

လျန်ယုရှင်းကလည်း ထွက်ခွာချင်စိတ် မရှိပေ။

"ဒါတော့ အမှန်ပဲ။ ငါတို့ဆီမှာ အလောင်းတချို့နဲ့ အင်ပါယာနှလုံးသား လက်စွပ်ကလွဲရင် တန်ဖိုးရှိတဲ့အရာ တစ်ခုမှတောင် မရသေးဘူး"

ရီရီယွီကလည်း လျန်ယုရှင်းနှင့် အမြင်တူနေသည်။

"ငါကတော့ အစ်ကိုကျန်းနဲ့ အမြင်တူတယ်၊ ငါတို့က ဒီမွန်းစတားတွေကို မတိုက်ခိုက်နိုင်တဲ့အတွက် နောက်နှစ်ကျမှ ပြန်လာသင့်တယ်"

လီလန်က ထွက်ခွာရန် အသင့်ဖြစ်နေသည်။

"လင်းဟွမ် မင်း ဘယ်လိုထင်လဲ"

လျန်ယုရှင်းသည် ငြိမ်ကျသွားပြီးနောက် လင်းဟွမ်ကို မေးလိုက်သည်။

"ငါတို့ ရက်နည်းနည်းလေး လောက်တော့ ထပ်နေသင့်သေးတယ် ထင်တာပဲ၊ ဒီအတိုင်း ထွက်သွားမယ့်အစား ဘာဖြစ်နေလဲ ဆိုတာကို အဖြေရှာတာ ပိုကောင်းမယ်။ အန္တရာယ်က ငါတို့ ကိုင်တွယ်နိုင်တာထက် ကျော်လွန်နေတယ်ဆိုလဲ အဲ့ဒီအချိန်ကျမှ ထွက်သွားရင် နောက် မကျသေးပါဘူး။"

လင်းဟွမ်က အဆိုပြုလိုက်သည်။

"ငါ လင်းဟွမ်ပြောတာ သဘောတူတယ်။ ငါတို့က ဘာမှ မသေချာသေးဘူး၊ ဒီလို အခြေအနေမှာ ကြောက်နေဖို့လိုလို့လား"

ရီရီယွီသည် ရီကျန်းက တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်ကို မြင်လိုက်လျှင် ဒေါကန်သွားသည်။

"ငါတို့တွေ နောက်ထပ် ရက်နည်းနည်းလောက် ဆက်နေပြီး စမ်းကြည့်သင့်တယ်လို့ ငါ ထင်တယ်၊ နောက်ခါ ဒီကိုလာဖို့က မလွယ်ဘူး"

လန်ယုရှင်းကလည်း လင်းဟွမ်နှင့် သဘောထားတူသည်။

"ဒါဆိုလည်း ကောင်းပြီလေ..."

နောက်ဆုံးတွင် ရီကျန်း စိတ်လျှော့လိုက်သည်။ အမှန်တကယ်ဆို သူလည်း မထွက်သွားချင်ပေ။ သို့သော်လည်း လူတိုင်း၏ ဘေးကင်းလုံခြုံရေးကို ထည့်တွေး၍ အကြံပေးလိုက်ခြင်းပင် ။

"မင်းတို့အားလုံး နေမယ်ဆိုမှတော့ ငါလည်း မင်းတို့နဲ့ လိုက်ခဲ့မယ်"

လီလန်သည် ကြောက်ရွံ့နေသော်လည်း နောက်ဆုံးတွင် အလျှော့ပေးလိုက်သည်။

ခဏအကြာ ပထမမြေအောက်၏ အဝင်ဝကို ရောက်သွားကြသည်။

"မထွက်ခင် ငါတို့ရဲ့အော်ရာကို ဖျောက်ထားပြီး အဲဒီ မွန်းစတားတွေကို ငါတို့ကိုယ်တိုင် လေ့လာကြမယ်"

လင်းဟွမ်သည် ရေတွင်း အောက်ခြေတွင် မတ်တပ်ရပ်ကာ မိုးပေါ် မော့ကြည့်လိုက်သည်။ ကျန်သည့်လူများကလည်း ခေါင်းညိတ်၍

ရေတွင်းထဲမှ ဖြည်းဖြည်းခြင်း မြောက်တက်လာကြသည်။